# ပါတီအာဘော်

## ချင်းအမျိုးသားများ၏ ငြိမ်းချမ်းရေးဆိုင်ရာ ဘုံရပ်တည်ချက်ရရှိရေး

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက အနိုင်ရခဲ့ပြီး သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရက ငါးနှစ်တာ သက်တမ်းအပြည့် အစိုးရ တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီက အနိုင်ရရှိခဲ့ပြီး သမ္မတဦးသိန်းစိန်အစိုး ရက သမ္မတ ဦးထင်ကျော် ဦးဆောင်သော အစိုးရသစ်ထံသို့ အာဏာနှင့်တာဝန် ချောချောမော မောလွှဲပြောင်းခဲ့ပြီး NLD အစိုးရသစ် တက်လာနိုင်သဖြင့် ချင်းအမျိုးသားတပ်ဦး အပါအဝင် အများ ပြည်သူကလည်း ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။ ချင်းအမျိုးသားတပ်ဦးသည် ပြည် ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ အပြောင်းအလဲရှိသော်လည်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ရရှိ ရေးအတွက် ယခင်အစိုးရနှင့် ရရှိခဲ့သော သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အခြေခံလျက် အစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ချင်းအမျိုးသားတပ်ဦးသည် ယခင်အစိုးရလက်ထက်တွင် တစ်ပြည်လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာ ခံကြီးမှာလည်း ပါဝင်တက်ရောက်ခဲ့သည်။

NLD အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အမည်ဖြင့် ကျင်းပမည့်အစား (၂၁) ရာစု ပင်လုံညီလာခံ ကျင်းပရန် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ညီလာခံအမည် ပြောင်းလဲစေကာ မူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု ဖြစ်သောကြောင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့် ဤငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက် ထောက်ခံအားပေးသွားမည်။ (၂၁) ရာစု ပင်လုံညီလာခံကြီးတွင် ချင်းအမျိုးသားတပ်ဦး ကိုယ်

စားလှယ်များ ပါဝင်တက်ရောက်ကြမည်။ အဆိုပါ ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် တပ်ဦး၏ မူဝါဒကို အခြေခံပြီး အဆိုပြုလွှာများအပေါ် ထိရောက်စွာ ဆွေးနွေးဆုံးဖြတ်နိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်စေလွှတ်ကြမည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ တိုးတက်မှု၊ ဆုတ်ယုတ်မှု အခြေအနေအရပ်ရပ်ကို ပြည်သူလူထုထံသို့ အချိန်နှင့် တပြေးညီ တင်ပြရန်နိုင်ရန်နှင့် ပြည်သူလူထုထံမှ အဆိုပြုချက်၊ အကြံပြုချက်များ အချိန်မှီရယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။

ချင်းအမျိုးသားတပ်ဦးသည် အထက်ဖော်ပြပါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ပင်လုံညီလာခံ ကဲ့သို့သော တစ်နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံကြီးသို့ ချင်းအမျိုးသား ပြည်သူများ၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး ထိုမှတဆင့် ချင်းအမျိုးသားများ၏ ငြိမ်းချမ်းရေးဆိုင်ရာ ဘုံရပ်တည်ချက် အဆိုပြုလွှာ ထွက်ပေါ်လာရေးအတွက် ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးရာတွင် ချင်းပြည်သူတရပ်လုံး ပါဝင်နိုင်ရေးအတွက် လမ်းခင်းပေးထားခြင်း ဖြစ်သည်။

တနည်းအားဖြင့် ချင်းအမျိုးသားပြည်သူ အောက်ခြေမှ အထက်သို့ တက်လာသော မူဝါဒ (Bottom-up Policy) ကို ကျင့်သုံးပြီး၊ နိုင်ငံရေးဆိုင်ရာ ဘုံသဘောတူညီချက် ရရှိရေးကို ဦးတည် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤ ပေါ်လစီကို ကျင့်သုံးရခြင်းသည် ချင်းတမျိုးသားလုံး စည်းလုံးညီညွတ်မှု တည်ဆောက်ရန် ဖြစ်ပြီး၊ တမျိုးသားလုံးဆိုင်ရာ အလှည့်အပြောင်း ဖြစ်စေမည့် အရေးကြီး နိုင်ငံရေးဆုံးဖြတ်ချက်၊ သဘောတူညီချက်များ ချမှတ်ပြုလုပ်ရာတွင် ချင်းအမျိုးသားပြည်သူတို့၏ ထောက်ခံမှု၊ အားပေးရပ်တည်ပေးမှု မရှိဘဲ မိမိတို့ တဖွဲ့တည်း မရပ်တည် မဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။ ချင်း ပြည်သူတရပ်လုံးနှင့် အမျိုးသား နိုင်ငံရေး လိုအင်ဆန္ဒ တထပ်တည်း ရပ်တည်မှသာ စားပေါ်ပေါ် နိုင်ငံရေးတိုက်ပွဲ အောင်မြင်နိုင်မည်။

# ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ- ၂ ၏
# ချင်းအမျိုးသားတပ်မတော်၊ တပ်မှူးများထံ ပြောကြားသော အမှာစကား



၂၀၁၆ ခုနှစ်၊ ဇွန်လ (၆) ရက်

လေးစားအပ်သော ချင်းအမျိုးသားတပ်မတော်ရဲ့ စစ်ဦးစီးချုပ်၊ ဒုတိယစစ်ဦးစီးချုပ်နဲ့တကွ တပ်မှူးများရှေ့မှာ အခုလို အမှာစကား ပြောကြားခွင့်ရရှိတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာ ပြောကြားချင်ပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး ခေါင်းဆောင်များနဲ့ ချင်းအမျိုးသားတပ်မတော် ခေါင်းဆောင်များ၊ တပ်မတော်သားများအနေနဲ့ အခုလို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျွန်တော်တို့ရဲ့ တော်လှန်ရေးကိစ္စ၊ ချင်းအမျိုးသားရေးကိစ္စ၊ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းများကို မကြာခဏ တိုင်ပင်ဆွေးနွေးကြဖို့ အင်မတန် လိုအပ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးဟာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတရပ် ဖြစ်တာနဲ့အညီ လက်နက်ကိုင်တော်လှန်ရေးရဲ့ အသက်သွေးကြောဟာ တပ်မတော်ဖြစ်ပါတယ်။ ဒီတပ်မတော် ခိုင်မာမှ တပ်မတော်တောင့်တင်းမှ ဒီတပ်မတော်ဟာ စည်းကမ်းရှိပြီး စွမ်းရည်ရှိမှ ကျွန်တော်တို့ တော်လှန်ရေး တစ်ခုလုံးဟာလည်း လူထုရှေ့မှာ သော်လည်းကောင်း၊ အခြားတိုင်းရင်းသားများ ရှေ့မှာ သော်လည်းကောင်း၊ ပြည်ထောင်စုတစ်ခုလုံးမှာ သော်လည်းကောင်း၊ သမိုင်းမှာ သော်လည်းကောင်း ဂုဏ်ယူပင့်ကြွားနိုင်မယ့် တော်လှန်ရေးသမားများ ဖြစ်ပါလိမ့်မယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ရဲ့ အသက်သွေးကြော၊ သေရေးရှင်ရေးနဲ့ ကျွန်တော်တို့ရဲ့ စစ်ရေး၊ ကံကြမ္မာ တစ်ခုလုံးကို အဆုံးအ

ဖြတ်ပေးတဲ့၊ ကျွန်တော်တို့ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးသော တပ်မတော်စစ်ဦးစီးချုပ်နဲ့ တပ်မှူးများကို အခုလို စုံစုံလင်လင် တွေ့ဆုံခွင့်ရတဲ့အတွက်လည်း အထူး ကျေးဇူးတင်ကြောင်း ထပ်လောင်းပြီး ပြောကြားလိုပါတယ်။

ကျွန်တော်တို့ဟာ တပ်မတော်အနေနဲ့ပဲဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတရပ်အနေနဲ့ပဲဖြစ်ဖြစ် တော်လှန် ရေးတရပ်ကို ဆင်နွှဲတဲ့နေရာမှာ ဘီစီ (၇) ခေတ်တုန်းက တရုတ်စစ်ပညာရှင် ဆွန်ဇူး ရေးခဲ့တဲ့ "စစ်ပညာ" စာအုပ်မှာ ရေးထားတဲ့အချက်ကို အမြဲစောင့်ထိန်းစေချင်ပါတယ်။ တပ်မတော်တစ်ဦး အနေနဲ့ ပထမဆုံး လိုအပ်ချက်က Know Your Self and Know your Enemy (ကိုယ့်ကိုယ်ကို သိပါ၊ ရန်သူကို သိပါ) ဆိုတာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ချင်းအမျိုးသားတပ်မ တော်အနေနဲ့ ကျွန်တော်တို့ မည်သည့်အနေအထားမှာ လှုပ်ရှားဆောင်ရွက်နေသလဲ၊ ကျွန်တော် တို့ အနေအထားက ဘာလဲ၊ ကျွန်တော်တို့ ရန်သူရဲ့ အနေအထားက ဘာလဲ၊ အဲ့ဒီ နှစ်ဖက်စလုံး ကို ချင့်ချိန်ပြီး နားလည်ဖို့ လိုအပ်ပါတယ်။ ကိုယ့်ကိုယ်ကို သိရမယ်၊ ရန်သူကိုလည်း သိရမယ်။ ဒါမှ ရန်သူကို ယှဉ်ပြိုင်နိုင်မယ်ဆိုတာကို ဆွန်ဇူးက ရေးသားထားပါတယ်။ ကိုယ့်ကိုယ်ကို သိရ မယ်ဆိုတဲ့နေရာမှာ မိမိရဲ့ အားနည်းချက်နဲ့ အားသာချက်၊ ရန်သူကို သိရမယ်ဆိုတဲ့နေရာမှာ ရန် သူရဲ့ အားနည်းချက်နဲ့ အားသာချက်တွေ ဖြစ်ပါတယ်။ အဲ့ဒီကနေတဆင့် ကိုယ့်ရဲ့ အားနည်း ချက်ကို အားသာချက် ဖြစ်သွားအောင်၊ ကိုယ့်အားသာချက်ကို ဒီထက်မက အားသန်အောင် လုပ်ယူရမှာဖြစ်ပြီး ရန်သူရဲ့ အားသာချက်ကို အားနည်းချက်ဖြစ်အောင် ဖန်တီးရမယ်၊ ရန်သူရဲ့ အားနည်းချက်ကို ပိုပြီး အားနည်းသွားအောင် ဖန်တီးရမှာ ဖြစ်ပါတယ်။ ဒါဟာ စစ်ပညာရဲ့ အခြေ ခံအကျဆုံး သီအိုရီပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ချင်းအမျိုးသားတပ်ဦးအနေနဲ့ သော်လည်း ကောင်း၊ ချင်းအမျိုးသားတပ်မတော်အနေနဲ့ သော်လည်းကောင်း၊ ချင်းအမျိုးသားတရပ်လုံးနဲ့ သမိုင်းကြောင်းအနေနဲ့ သော်လည်းကောင်း ကျွန်တော်တို့ အားနည်းချက်နဲ့ အားသာအချက် အ ပေါ်မှာ မူတည်ပြီး ဘယ်လို ရှေ့ဆက် ဆောင်ရွက်ရမယ်ဆိုတာကို အားလုံး ကြိုးပမ်းကြဖို့ လို အပ်ပါတယ်။

သိပ်မကြာသေးခင်ကပဲ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးကို သတင်းစာ ရှင်းလင်းပွဲကနေတဆင့် ကမ္ဘာသိအောင် သိက္ခာချခဲ့တယ် ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စစ်ဦးစီးချုပ်တစ်ယောက်အနေနဲ့ အဲ့လို ပြော

ခြင်းအားဖြင့် ကျွန်တော်တို့ စိတ်ဓါတ်ကျစရာလည်း မရှိသလို ကြောက်စရာလည်း မလိုပါဘူး၊ ဘာကြောင့်လဲဆိုရင် "ရန်သူကို အထင်သေးသော တပ်သည် ရှုံးတတ်၏" ဆိုတာကို ဆွန်ဇူး ကပဲ ထပ်ပြောခဲ့တယ်။ အဲ့ဒါကြောင့် ရန်သူကို အထင်လည်းမကြီးဘူး၊ အထင်လည်း မသေးရ ဘူး။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ အထင်သေးမှု၊ မထီမဲ့မြင်ပြုမှုဟာ စစ်ရေးနည်းနဲ့ သုံး သပ်မယ်ဆိုရင် သူ့ရဲ့ အားနည်းချက် ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အားနည်းချက်ကို ထောက်ပြ လိုက်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အားသာချက်က ဘာလဲဆိုတာ စဉ်းစားဖို့ လိုပါတယ်။ ကျွန် တော်တို့ ချင်းအမျိုးသားတပ်ဦး/တပ်မတော်ဟာ ချင်းပြည်သူလူထုနဲ့ တသားတည်းဖြစ်တယ် ဆိုတာ အထင်အရှားတွေ့နိုင်တယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ အားသန်ချက်ပါပဲ။ အဲ့ဒီ အားသာ ချက်ကို သူတို့က အားနည်းချက်အဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားအောင် ကြိုးစားနေတာ ဖြစ်ပါတယ်။ အဲ့ဒီ ကြိုးပမ်းမှုရဲ့ ပထမဆုံးအချက်က တပ်ဦးနဲ့ပြည်သူကို စိတ်ဂမ်းကွဲအောင်၊ သွေးကွဲသွားအောင် ဖန်တီးခြင်း ဖြစ်ပါတယ်။ အဲ့ဒီ အန္တရာယ်ထဲ မကျရောက်မိအောင် သတိ ထားကြဖို့ အရေးကြီးပါတယ်။

တော်လှန်ရေးတရပ်ကို စတင်ဆင်နွှဲပြီ ဆိုကတည်းက တော်လှန်ရေးရဲ့ သဘောသဘာဂအရ အားနည်းချက်တစ်ခုဟာ အလိုလိုပါလာပြီးသား ဖြစ်ပါတယ်။ အဲ့ဒါ ဘာလဲဆိုရင် ပြည်သူနဲ့ တ သားတည်း မနေနိုင်တဲ့အရာ ဖြစ်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးကို စတင်ဆင်နွှဲတာနဲ့ ရပ်ထဲရွာထဲမှာ နေထိုင်လို့ မရတော့ဘူး၊ ပြည်သူနဲ့ အတူတကွ နေထိုင်လို့ မရတော့တဲ့အပြင် ပြည်သူလူထုဘဂထဲမှာ အတူရှင်သန်လို့ မရတော့ဘူး၊ ပြည်သူလူထုနဲ့ သဘာဂအရ ကင်းကွာ ပြီးသားဖြစ်တယ်။ အဲ့ဒီအားနည်းချက်ကို ရန်သူက ခြယ်လှယ်ပြီး တဖြည်းဖြည်း ကြီးမားသွား အောင် လုပ်ဆောင်နေတယ်။ အဲ့ဒီအားနည်းချက်ကို ချင်းအမျိုးသားတပ်ဦးက အရေးပေါ်ညီလာ ခံ ကနေတဆင့် လူထုတွေ့ဆုံပွဲ (Public Consultation) နဲ့ အစပျိုးပြီး အောင်မြင်မှုကိုလည်း အ ကြီး အကျယ်ရရှိခဲ့တယ်။ ဒါဟာ တခြားတိုင်းရင်းသားတွေ မလုပ်နိုင်တဲ့အရာတစ်ခု ဖြစ်တယ်။ အဲ့ဒါကြောင့် ပြည်တွင်းနဲ့ နိုင်ငံတကာကပါ ချင်းအမျိုးသားတပ်ဦးကို လုံးဂအထင်သေးလို့ မရ တာဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အားသာချက်ဖြစ်တယ်၊ အဲ့ဒီအပေါ် နိုင်ငံတော်စစ်ဦးစီး ချုပ်က တိုက်ခိုက်တာလည်း ဖြစ်တယ်။

ကျွန်တော်တို့မှာ နောက်ထပ် အားနည်းချက်တစ်ခု ရှိတာကတော့ ကျွန်တော်တို့မှာ မျိုးနွယ်စုတွေ အများကြီးရှိတယ်၊ ဘာသာစကားတွေ အမျိုးမျိုးကွဲတယ်။ အဲ့ဒါကို အခွင့်ကောင်းယူပြီး အတွင်းအပြင်ကနေ အမျိုးမျိုးခြယ်လှယ်မှုတွေ ပြုလုပ်ခဲ့တယ်။ ဒါတွေကို ချင်းအမျိုးသားတပ်ဦး က တဖြည်းဖြည်းနဲ့ ဖြေရှင်းကျော်လွှားခဲ့ပြီး၊ အခုဆိုရင် ချင်းအမျိုးသားတွေရှိတဲ့ ဘယ်နေရာမဆို ချင်းအမျိုးသားတပ်ဦးရဲ့ ဦးဆောင်မှုနဲ့ ဘယ်ကိစ္စမဆို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဲ့ဒီအပေါ် ရန်သူရဲ့ ပရိယာယ်ကို အားလုံး နားလည်သဘောပေါက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ရဲ့ အားနည်းချက်ထဲမှာ အကြီးမားဆုံး အားနည်းချက်တစ်ခုကတော့ ကျွန်တော်တို့ ချင်းပြည်နဲ့ ပထဝီအနေအထားပဲ ဖြစ်ပါတယ်။ အခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဟာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ နယ်စပ်မှာ အခြေစိုက်နေထိုင်ကြခြင်းအားဖြင့် စစ်လက်နက်ပစ္စည်းကိရိယာတွေကို အလွယ်တကူရရှိနိုင်တယ်၊ စီးပွားရေး လွယ်ကူချောမွေ့ပြီး ဘဏ္ဍာငွေတောင့်တင်းတယ်။ ကျွန်တော်တို့ဟာ အနောက်ဖက်မှာ နေတဲ့အတွက် အားကိုးသင့်အားကိုးထိုက်တဲ့ နိုင်ငံအဖြစ် အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှိတယ်။ ဒါပေမဲ့ အိန္ဒိယမှာ အရှေ့မြောက်ပြည်နယ်များမှာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေ အများကြီးရှိတဲ့အတွက် လုံးဝအားကိုးလို့ မရခဲ့ဘူး။ စီးပွားအားဖြင့်လည်း အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံဟာ တရုတ်နဲ့ ထိုင်းနိုင်ငံတို့လို စီးပွားရေး တိုးတက်ဖြစ်ထွန်းတဲ့ တိုင်းပြည်မဟုတ်ပြန်တော့ ကျွန်တော်တို့မှာ လက်နက်ခဲယမ်းနဲ့ စီးပွားရေးပိုင်းမှာ ချို့တဲ့တယ်။ အဲ့ဒီ အခက်အခဲတွေကို ဘယ်လိုကျော်လွှားရမယ်ဆိုတာ အားလုံးအပေါ်မှာ တာဝန်ရှိပါတယ်။ လက်နက်အင်အား၊ ငွေအင်အားမှာ အားနည်းချက်ရှိတဲ့အတွက် အခြားနည်းလမ်းကို ဖန်တီးဖို့ လိုအပ်ပါတယ်။

အဲ့ဒီနေရာမှာ အစ္စရေးတပ်ကို အတုယူစေချင်ပါတယ်။ အစ္စရေးနိုင်ငံဆိုတာ နိုင်ငံသေးသေးလေးဖြစ်တယ်၊ ပတ်ပတ်လည်မှာ ရေနံကနေ ကြွယ်ဝချမ်းသာတဲ့ အာရပ်နိုင်ငံများက ဝိုင်းရံထားတယ်။ အစ္စရေးအနေနဲ့ စစ်မျက်နှာ ငါးခုလောက်ဖွင့်မှုပဲ စစ်တိုက်လို့ရတဲ့ အနေအထားမှာ ရှိတယ်။ ဒါပေမဲ့ အာရပ်-အစ္စရေးစစ်ပွဲတိုင်းမှာ အစ္စရေးက အမြဲတမ်း အနိုင်ရတယ်။ ဘယ်လို နိုင်သလဲဆိုရင် တပ်မတော်ရဲ့ ပထမဆုံးနဲ့ အရေးကြီးဆုံးဟာ စည်းကမ်းပြည့်ဝဖို့ဖြစ်တယ်။ အာရပ်စစ်တပ်တွေထက် အစ္စရေးစစ်တပ်က စည်းကမ်းပိုရှိတယ်၊ လေ့ကျင့်ရေး ပိုအားကောင်းတယ်၊


ထောက်လှမ်းရေး ပိုအားကောင်းတယ်၊ ရန်သူတပ်ရဲ့ စစ်ရေး၊ နေထိုင်လှုပ်ရှားမှုအားလုံးကို သိထားတယ်။ ပြည်သူနဲ့ ပူးပေါင်းမှုကောင်းတယ်။ အဲ့ဒါကြောင့် သဘာဝအရ ရှိပြီးသား ကျွန်တော်တို့ရဲ့ အားနည်းချက်တွေကို ကျွန်တော်တို့ စည်းကမ်း၊ ညီညွတ်မှုနဲ့ အနိုင်ယူဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ ပျောက်ကျားတပ်ဖြစ်သလို ပျောက်ကျားတပ်ရဲ့ အသက်သွေးကြောဟာ စည်းကမ်းရှိမှုဖြစ်တယ်၊ အမိန့်နဲ့ ထိန်းချုပ်မှုစံနစ် မှန်ကန်ဖို့ အရေးကြီးတယ်၊ တပ်တစ်ခုမှာ တစ်နေရာက နေပဲ အမိန့်လာရမှာ ဖြစ်တယ်။

တပ်မတော်ကို အရပ်သားအုပ်ချုပ်ရေးအောက်မှာ ထားရှိခြင်းဟာ စစ်ကြေညာမယ့် အပိုင်းတွေမှာ တိုင်းပြည်ရဲ့ နိုင်ငံရေးနဲ့ သက်ဆိုင်တယ်။ တပ်မတော်မှာ ဒီမိုကရေစီဆိုတာ သုံးနာရီအတွင်းပဲရှိတယ်လို့ ဆိုကြပါတယ်။ အဲ့ဒီအချိန်ဟာ အစည်းအဝေးလုပ်တဲ့ အချိန်ဖြစ်တယ်၊ အစည်းအဝေးတစ်ခု၊ ဆုံးဖြတ်ချက်တစ်ခု မချမှတ်ခင်မှာ အစည်းအဝေးတက်တဲ့ သူတိုင်းက လွတ်လပ်စွာ မေးမြန်းဆွေးနွေးပိုင်ခွင့် ရှိတယ်။ ဆုံးဖြတ်ချက် ချပြီဆိုတာနဲ့ အဲ့ဒီ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ဖို့အတွက် အားလုံးက အမိန့်ကို ပြန်ပြီး နာခံရမယ်။ စစ်တပ်ဆိုတာ အမိန့်၊ စည်းကမ်းနဲ့ အသက်ရှင်တာ ဖြစ်တယ်။

ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးဟာ ဒီထက် ပိုမိုကျယ်ပြန့်အောင် ဖွဲ့စည်းဖို့လိုအပ်တဲ့အတွက် အရေးပေါ်ညီလာခံကနေစပြီး အပြင်မှာ ရောက်နေတဲ့ အမျိုးသားခေါင်းဆောင်တွေကို ချင်းအမျိုးသားတပ်ဦးက ဖိတ်ခေါ်ကာ အဓိပတိကောင်စီဝင်ဆိုပြီး အားလုံး ပါဝင်လာအောင် ဖွဲ့စည်းခဲ့တာ ဖြစ်တယ်။ အဲ့ဒီကစပြီး လေးနှစ်တာကာလကို စည်းရုံးရေးကာလလို့လည်း သတ်မှတ်နိုင်ပါတယ်။ အဲ့ဒီတုန်းက အဓိပတိကောင်စီဝင်တွေအားလုံး ဒီနေ့ဆိုရင် ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင်တွေ ဖြစ်ကြကုန်ပြီ။ အဲ့ဒီအတွက် ကျွန်တော်တို့ တပ်ဦးအဖွဲ့ဝင်များဖြစ်တဲ့အတိုင်း တပ်ဦးရဲ့ ဥပဒေစည်းကမ်းတွေကို လိုက်နာရမယ်။ ယခင်ကလို Volunteer ပုံစံမျိုးနဲ့ နေလို့ မရတော့ဘူး။ စည်းရုံးရေးသက်တမ်းက ကုန်သွားပြီ၊ အလုပ်လုပ်ဖို့ လိုပြီ။ အဲ့ဒီကြောင့် တပ်ဦးလိုင်းမှာလည်း စည်းကမ်းလိုက်နာဖို့ လိုအပ်တယ်။ အဲ့ဒါကြောင့် စည်းကမ်းပြည့်ဝတဲ့ တပ်ဦး/တပ်မတော်၊ ပြည်သူနဲ့ တသားတည်းဖြစ်တဲ့ တပ်ဦး/ တပ်မတော်၊ ချင်းပြည်အရေးကို တကယ် ဦးဆောင်နိုင်တဲ့ ပါတီ ဖြစ်ဖို့ လိုအပ်တယ်။

ယနေ့ တော်လှန်ရေးတိုက်ပွဲဟာ အသွင်သဏ္ဌာန်တစ်မျိုး ပြောင်းလဲနေချိန်ဖြစ်တယ်၊ တိုက်ပွဲပြီးဆုံးသွားတာ မဟုတ်သေးပါဘူး။ အဲ့ဒီ တိုက်ပွဲသဏ္ဌာန်ကို မမြင်တတ်ဘူးဆိုရင် ကျွန်တော်တို့ မှားသွားမယ်။ ကျွန်တော်တို့ တိုက်ပွဲဟာ စစ်မြေပြင်ကနေ စားပွဲပေါ်တိုက်ပွဲသဏ္ဌာန် ပြောင်းလဲသွားတာ ဖြစ်တယ်၊ ဒါဟာ အရှုံးပေးတာ မဟုတ်သလို လက်နက်ချတာလည်း မဟုတ်ဘူး။ ရှင်းရှင်းပြောရမယ်ဆိုရင် ရန်သူကို သူအားသာတဲ့ နေရာကနေ ခေါ်ထုတ်ပြီး သူအားနည်းတဲ့ စားပွဲခုံပေါ်မှာ ထိုးစစ်ဆင်တာ ဖြစ်တယ်။ မြန်မာ့တပ်မတော်ဆိုတာ ကျွန်တော်တို့ထက် အင်အား အဆမတန်ကြီးတယ်၊ နိုင်ငံတော်ရဲ့ ယန္တရားတစ်ခုလုံးကို ကိုင်ထားတယ်၊ အဲ့ဒါကို နိုင်ဖို့ဆိုရင် သူအားသာတဲ့ ဂွင်ကနေ အားနည်းတဲ့နေရာကို ခေါ်ဆောင်နိုင်ဖို့ လိုတယ်။ အဲ့လို ထိုးစစ်မဆင်နိုင်ရင် ကျွန်တော်တို့ ကျဆုံးပါလိမ့်မယ်။ အဲ့ဒီတိုက်ပွဲဟာလည်း အောင်မြင်ချင်မှ အောင်မြင်ပါလိမ့်မယ်၊ အဲ့ဒီအတွက် ကျွန်တော်တို့ အမြဲတမ်း သတိရှိဖို့ လိုအပ်တယ်။ ယခု တပ်ဦးလိုင်းက ရန်သူနဲ့ နိုင်ငံရေးစားပွဲပေါ်မှာ ထိတွေ့ဆွေးနွေးမှုတွေ လုပ်နေသလို တပ်မတော်ကြီးကလည်း ပြင်ဆင်မှုပြုလုပ်ရမယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာတစ်ခုအပေါ်မှာ မတူညီတဲ့ နည်းဗျူဟာနှစ်ခုကို အသုံးပြုပြီးတော့ တူညီတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေတယ်ဆိုတာကို မှတ်ထားကြပါ။

အဲ့ဒီအတွက် ကျွန်တော်တို့ မဟာဗျူဟာအပေါ်မှာ အခြေခံပြီး၊ ကျွန်တော်တို့ တော်လှန်ရေး၊ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင် အောင်မြင်ဖို့အတွက် အတူလက်တွဲပြီး ဆက်လက် တိုက်ပွဲဝင်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။


၁။
၂။
TO
FOR
PARCEL
၃။





# အဘိုးကြီးနှင့် ကောင်ရှုပ်တစ်ယောက်

အဘိုးကြီး = ကောင်လေး ဖျော်ရည် တစ်ခုခု ဝယ်ပေးပါအုံး
ကောင်လေး = Coke လား Pepsi လား?
အဘိုးကြီး = Coke
ကောင်လေး = ပုလင်းလား၊ သံဗူးလား?
အဘိုးကြီး = ပုလင်း
ကောင်းလေး = ၁ လီတာလား၊ ၅၀၀ မီလီလီတာလား?
အဘိုးကြီး = ဒီကောင်လေးရှုပ်တယ်ကွ၊ သွား.. ရေပဲ ဝယ်ပေးလိုက်တော့..
ကောင်လေး = ရိုးရိုးလား၊ Mineral water လား?
အဘိုးကြီး = Mineral
ကောင်လေး = ရေခဲစိမ်လား၊ ရိုးရိုးရေအေးလား?
အဘိုးကြီး = ဒီကောင် ထွက်သွားစမ်း
ကောင်လေး = အခုလား၊ နောက်မှာလား?
အဘိုးကြီး = မြန်မြန်သွား ရိုက်ပစ်လိုက်မယ်
ကောင်လေး = လက်ဝါးနဲ့ ရိုက်မလား၊ တုတ်ချောင်းနဲ့လား?
အဘိုးကြီး = ဒီကောင် ပါးစပ်ကို ပိတ်ထားစမ်း
ကောင်လေး = ဘာနဲ့ ပိတ်မလဲ?

အဘိုးကြီး = ငါပြောတာတွေ များနေလို့လား?
ကောင်လေး = မှန်ပါတယ်
အဘိုးကြီး = မမှန်ရင် ဘာဖြစ်မလဲ?
ကောင်လေး = များပါမယ်…ဘိုးဘိုး.. (တိန်)…

*(တော်တော်တော်…နောက်မှ ဆက်တော့မယ်)*

# ကင်းလှည့်တဲ့ စစ်သားနှစ်ယောက်

စခန်းတစ်ခုမှာပါ၊ စခန်းဧရိယာ နယ်မြေလုံခြုံရေးအတွက် စစ်သားနှစ်ယောက် နေ့ကင်းလှည့်ဖို့ တပ်စိတ်မှူးက တာဝန်ပေးလိုက်တယ်။ အဲ့ဒီ စစ်သားနှစ်ယောက်ဟာ သေနတ်ကိုယ်စီနဲ့ ဦးတည်ရာကို ထွက်လာတယ်။ နာရီဝက်လောက်အကြာမှာ ရှေ့က စစ်သားတစ်ယောက်က မထင်မှတ်ဘဲ မနားတမ်းပြေးလေရော၊ နောက်တစ်ယောက်ကလည်း တစ်ခုခုဖြစ်ပြီအထင်နဲ့ သူ့နောက်ကို မနားတမ်းလိုက်သွားတယ်။ ကင်းလှည့်တာ ဖြစ်တဲ့အတွက် အော်ခေါ်လို့လည်း မဖြစ်.. လိုက်နေတော့တာပေ့ါ။

(၁၅) မိနစ်ခန့် အကြာမှာ မီလိုက်တယ်၊ အဲ့တော့ မေးတာပေ့ါ။

ဘာကြောင့် ဘာမှမပြောဘဲ ခုလို ပြေးသွားသလဲလို့။

တစ်ယောက်ရဲ့ အဖြေကတော့ အေးဆေးပါပဲ…

“အကယ်လို့ ရန်သူနဲ့ တွေ့သွားရင် ဘယ်လောက် ပြေးနိုင်မယ်ဆိုတာ စမ်းကြည့်တာပါ” ဆိုပဲ။

•◆•◆•◆•◆•

# ရဲအရာရှိနဲ့ အရက်ရောင်းတဲ့ အဘိုးအို

အစိုးရရဲ့ အခြေခံပညာ အထက်တန်းကျောင်း ဖွင့်ထားတဲ့ ရွာတစ်ရွာမှာ ဖြစ်ပါတယ်။ အိမ်ခြေ ၅၀၀ ခန့်ရှိပြီး၊ ရဲစခန်းရယ်၊ တပ်စခန်းရယ်၊ တိုက်နယ်ဆေးရုံရယ်လည်း ရှိတယ်။ အဲ့ဒီ ရွာမှာ အရက်ကို လူငယ်နဲ့ ဘာသာရေးဖက်က ပိတ်ထားတော့ ခိုးရောင်းရပါတယ်။

တစ်နေ့တော့ အရက်ကို မပြတ်ခိုးရောင်းနေတဲ့ အဖိုးအိုတစ်ယောက်ကို ဖမ်းဆီးအရေးယူဖို့အတွက် ရွာလူကြီးတချို့က ရဲကို တိုင်လိုက်တော့၊ ရဲတပ်ဖွဲ့က အဖိုးအိုအား ရဲစခန်းကို ခေါ်စစ်လိုက်ပါတယ်။

ရဲအရာရှိ = အရက်ခိုးရောင်းသလား?
အဖိုးအို = ဟုတ်ကဲ့၊ ရောင်းပါတယ်

ရဲအရာရှိ = ဒီနေ့ကနေ စပြီး အရက်ကို လုံးဝမရောင်းနဲ့တော့သိလား?
အဖိုးအို = ဘယ်လိုပဲဖြစ်ဖြစ် ဆက်ရောင်းမှာပဲ

ရဲအရာရှိ = ရောင်းရင် ထောင်ချမယ်
အဖိုးအို = ငါထောင်ကျရင်လည်း သားကို ရောင်းခိုင်းမယ်

ရဲအရာရှိ = သူကိုလည်း ထောင်ချမှာပေါ့
အဖိုးအို = သူ ထောင်ကျရင်လည်း ငါ့တူတွေကို ရောင်းခိုင်းမှာပါ

ရဲအရာရှိ = မင်းတူတွေကိုလည်း ဖမ်းပြီး ထောင်ချမှာပေါ့
အဖိုးအို = အဲ့ဒီအချိန်ကျရင် ငါလည်း ထောင်က လွတ်တော့မှာပဲ၊ ငါက ပြန်ရောင်းမှာပေါ့

*(ဒီလောက် ရောင်းချင်မှတော့ ဘယ်လို ဆက်လုပ်ကြမလဲ)*

◆◆◆◆◆◆◆◆◆

# နိုင်ငံရေးကို စိတ်မဝင်စားသူများ




အုပ်ချုပ်သူ အစိုးရကို ရွေးကောက်ဖို့ မဲပေးရန်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရ မကောင်းခဲ့ဘူး
ငါနဲ့မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရ လိမ်ညာနေတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရက သယံဇာတ ခိုးရောင်းနေတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရက နိုင်ငံတကာမှာ ပိုက်ဆံလိုက်ချေးနေတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရက တိုင်းပြည်ကို ရောင်းစားနေတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရက ကျောက်စိမ်း၊ ရွှေ၊ ကြေးနီ၊ ပတ္တမြား ထုတ်ရောင်းနေတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရက တိုင်းပြည် စုတ်ပျက်အောင် လုပ်နေတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

အစိုးရက ကုန်စျေးနှုန်း တက်ခိုင်းတယ်
ဟေ့ .... စျေးကြီးလိုက်တာကွာ..

အစိုးရက ဆီ၊ ဆား၊ ကြက်သွန်ကအစ စျေးတက်ခိုင်းတယ်
ဟေ့ .... ဝယ်မစားနိုင်တော့ဘူး..

အစိုးရက ကျောင်းတက်စရိတ်တက်စေတယ်
ဟေ့ .... ကျောင်း မတက်နိုင်တော့ဘူး..

အစိုးရက မီးခ၊ ရေခ တက်စေတယ်
ဟေ့ .... မီတာခ မပေးနိုင်တော့ဘူး..

အစိုးရက ဝန်ထမ်းလစာ ဖြတ်နေတယ်
ဟေ့ .... မဆီမဆိုင် ကျွန်တော့်လစာ အဖြတ်ခံရပြီ..

အစိုးရက ဘာပဲလုပ်လုပ် ခင်ဗျားကတော့ မသိသလို၊ မဆိုင်သလို နေခဲ့ဖူးပေမဲ့ နောက်ဆုံးတော့ ခင်ဗျားကို လာထိရုံ၊ လာပတ်သက်ရုံမကလို့ ခင်ဗျားဟာ အကြွေးတင်သူ ဖြစ်သွားပါတယ်။ ခင်ဗျား အခက်တွေ့နေပြီလေ၊ ထိုနည်းတူစွာပဲ... ခင်ဗျား အသက်ကိုပါ ပေးဆပ်ခဲ့ရတယ်။

အစိုးရက....
သစ်တောတွေ ခုတ်ရောင်းတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

မြစ်တွေ ပိတ်ဆို့ပြီး ရေကာတာတွေ ဆောက်တယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

တောင်တွေဖြိုတယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးကုန်တယ်
ငါနဲ့ မဆိုင်ဘူး အသာနေ အသာနေ၊

ခုတော့ ရာသီဥတုတွေ ဖေါက်ပြန်လာတော့
မဆိုင်ဘူးဆိုပြီး အသာနေခဲ့တဲ့ သူတွေ….

အခု ငါနဲ့လည်းဆိုင်လာရော
အသေနာကြကုန်ပါရောလား

ရေ့လျှောက် ဖြစ်လာသမျှ အသာနေလို့ကတော့
ဒီထက်ပိုပြီး အသေနာရဦးမှာပါ။

ဒါကြောင့် နိုင်ငံရေးဟာ ကျွန်တော်၊ ကျွန်မနဲ့ မဆိုင်ဘူးဆိုသူတွေ သေချာစဉ်းစားစေချင်တယ်။ နိုင်ငံသားတစ်ယောက်ဖြစ်ရင် အဲ့ဒီနိုင်ငံရဲ့အရေးမှာ ခင်ဗျားဟာ အလိုလို ပါနေပြီးသားဖြစ်တယ်။ ဒါကြောင့် နိုင်ငံ့အရေးမှာ တစ်ထောင့်တစ်နေရာမှာ ပါဝင်ပြီး အလုပ်လုပ်ကြစို့လို့ တိုက်တွန်းချင်ပါတယ်။

ရွှင်းမြေသား ဆလိုင်း ချစ်သူ
၅-၆-၂၀၁၆

⬩◆⬩◆⬩◆⬩◆⬩

ပြည်သူရေးရာမှာ စိတ်မဝင်စားဘဲ ဘာသိဘာသာနေခြင်းရဲ့ တန်ဖိုးရလဒ်ကတော့ ဆိုးယုတ်သူများရဲ့ အုပ်ချုပ်မှုကို ခံရခြင်းပဲ ဖြစ်လိမ့်မယ်။

**The price of apathy towards public affairs is to be ruled by evil men.**

**- Plato**

# အမှုထမ်းပါရစေ

နေကို မက်
အဂတိလည်း ကျူး
ရာထူးနဲ့ နိုပ်စက်
ဩဇာနဲ့ အနိုင်ကျင့်



မသာယာတဲ့ ဘဝက
လွတ်မြောက်ဖို့အတွက်
လက်နက်နဲ့ တိုက်ပွဲဝင်ခဲ့။

တွေ့ဝေမှုကို မုန်းတီး
လှေကြုံလည်း မစီး
အတ္တပုတီးလည်း မစေ့
နေရိပ်လည်း မခို

ဤ တော်လှန်မြေမှာ
ဘဝပျော်တဲ့အထိ
နေလိုက်ပါရစေ

(ရဲဘော် အောင်နိုင်ထွန်း)
ဗဟိုစစ်ဌာနချုပ်

•♦•♦•♦•♦•

# ဒို့တာဝန်

လှပသာယာ ချင်းတောင်တန်း
ရှေးခေတ် အစဉ်အလာ
ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်လာခဲ့
ဤ ဘဝ
ဘယ်ခါ ပြန်လည် ရရှိမည်နည်း….

ရင်နာဖွယ်ရာ အဖြစ်အပျက်များကြောင့်
အမျိုးသားလွတ်မြောက်ရေးဆီသို့
အသက်သွေး များစွာ ရင်းပြီး
တို့တတွေ
တိုက်ပွဲ ဝင်ခဲ့၊ ဝင်နေဆဲ

ဘဝဆိုတာ လိုတိုင်းမရ
ဖြစ်ချင်တိုင်းလည်း မဖြစ်နိုင်
ခက်ခဲကြမ်းတမ်းတဲ့ ပင်လယ်ခရီး
ကြုံလာတဲ့ ဒီလောကဓံတရားတွေကို
အားမာန်အပြည့်
မလျော့တဲ့ ဇွဲနဲ့ ရှေ့ကိုချီ

တို့တတွေရဲ့
ယနေ့ ပေးဆပ်ခြင်းဟာ
တစ်ချိန်ကျရင်
လိုရာပန်းတိုင် ရောက်ရှိနိုင်ရေးမို့
ဘဝကို အရှုံးမပေးဘဲ
အကောင်းဆုံးဖြစ်အောင်
ကြိုးစားနေဆဲပါ။

**ဌာနီမြေ ကီးမိုမြေ**
**အိုက်လိန်**

# အမျိုးသားအားမာန် ဇာနည်ကျောင်းသား

မင်းတို့

“ငါ့ခန္ဓာကိုယ်ကို သတ်နိုင်ပေမဲ့
ငါ့ယုံကြည်ချက်ကို သတ်လို့မရဘူး”
မဆလ ကြိုးတိုက်ထဲက
ပျံ့လွင့်လာတဲ့ ကမ္ဘာမှာ ရာဇဝင်တွင်ခဲ့တဲ့
ဆလိုင်းတင်မောင်ဦးရဲ့
သမိုင်းဝင် ရင်တွင်းစကား၊

ရှေ့ဆုံးက
မားမားမတ်မတ် ရပ်တည်ခဲ့တဲ့
၁၉၆၉ ကျွန်းဆွယ်အရေးအခင်း
၁၉၇၀ ရန်ကုန်တက္ကသိုလ် ရွှေရတုအရေးအခင်း
၁၉၇၂ ကျောင်းသား လှုပ်ရှားမှု
၁၉၇၄ အလုပ်သမားသပိတ်၊
၁၉၇၄ ဦးသန့်အရေးအခင်း
၁၉၇၅ ရွှေတိဂုံ ကျောင်းသားအရေးအခင်းနဲ့
၁၉၇၆ မှိုင်းရာပြည့် အရေးအခင်း

ဆလိုင်း မိုင် ရဲ့အစ၊ မျိုးချစ်စိတ် ပိုင်ရှင်
မတရားမှုကို မကျော့ခိုင်း
အမှန်တရားအတွက် အသက်နဲ့ လဲခဲ့

ဒီနေ့ဟာ ..
ယုံကြည်ချက်အတွက် အသက်စတေးခဲ့တဲ့
ဆယ်စုနှစ် လေးဆက်မြောက်
နှစ် (၄၀) တိုင်တဲ့ နေ့
သင့်ယုံကြည်ချက်နဲ့ ပြည်သူ့ဆန္ဒဟာ
တထပ်တည်းမို့
အားလုံးရဲ့ နှလုံးသားမှာ
မသေထာဝရ ကိန်းအောင်းနေဆဲ
အောက်မေ့နေဆဲ၊ ရှင်သန်နေဆဲပါ။

ယုံကြည်ချက်နဲ့ ပေးဆပ်ခြင်း
ကြိုးမိန့်တစ်ခွန်းနဲ့ အသက်တစ်ချောင်း
မြန်မာ့သမိုင်းမှာ ဦးဆုံးနဲ့ တစ်ဦးတည်းသူ
ကမ္ဘာကြေလည်း ပြည်သူ့ရင်မှာ
ထာဝစဉ် ကိန်းအောင်းနေမည်။

၁၉၇၆ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် မဆလ စစ်အစိုးရက ကြိုးမိန့်ပေးခဲ့သော ကျောင်းသား ခေါင်းဆောင် ဆလိုင်းတင်မောင်ဦး၏ နှစ် (၄၀) ပြည့် အထိမ်းအမှတ်အား ဂုဏ်ပြုလျက်...

**(ခင်မောင်လေး)**

◆◆◆◆◆◆◆◆◆

# သတင်းတိုထွာ

## ချင်းအမျိုးသားတပ်မတော်၏ ဆဋ္ဌမအကြိမ်မြောက် တပ်မှူးများညီလာခံ ကျင်းပပြုလုပ်



လေးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်လေ့ရှိသော ချင်းအမျိုးသားတပ်မတော်၏ ပဋ္ဌမအကြိမ် တပ်မှူးများညီလာခံကို ၂၀၁၆ ခုနှစ်၊ မေလ(၂၅) ရက်မှ(၂၈)ရက်နေ့အထိ ဗဟိုဌာနချုပ်၊ ဂိတ်ဝိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

၎င်းညီလာခံသို့ ချင်းအမျိုးသားတပ်ဦး အထွေထွေအတွင်းရေးမှူးနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးများ၊ စစ်ဖက်ရေးရာကော်မတီဝင်များနှင့် ချင်းအမျိုးသားတပ်မတော် စစ်ဦးစီးချုပ်၊ ဒုတိယ စစ်ဦးစီးချုပ်နှင့် ဦး၊ ရေး၊ ထောက်ဌာနမှူးများ၊ အထူးတပ်ဖွဲ့မှူးများနှင့် အရာရှိ၊ အရာခံ၊ အကြပ်ကြီးများ စုစုပေါင်း (၄၅) ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံမှ ချမှတ်ပြီး မဟာဗျူဟာနှင့် နည်းဗျူဟာများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အင်အား

တောင့်တင်းသည့် တပ်မတော် တည်ဆောက်ရေး၊ လိုအပ်သော ဘဏ္ဍာငွေများ ဖြေရှင်းရေးနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်ရေး၊ ဌာနဆိုင်ရာ လုပ်ငန်းများ ပိုမိုစနစ်တကျ လည်ပတ်ရေးနှင့် စည်းကမ်းပြည့်ဝသော တပ်မတော်တရပ် တည်ဆောက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်နှင့် လုပ်ငန်းစီမံချက်များကို ဆွေးနွေး ချမှတ်နိုင်ခဲ့သည်။

ချင်းအမျိုးသားတပ်မတော်၏ တပ်မှူးများညီလာခံကို ၁၉၉၇ ခုနှစ်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး တပ်မတော်၏ စွမ်းရည်သုံးရပ်နှင့် ပြည့်ဝသော အမျိုးသားတပ်မတော်တရပ် တည်ဆောက်နိုင်ရေးအတွက် လေးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိသည်။

◆◆◆◆◆◆◆◆◆

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံအတွင်း စစ်မှန်သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးနှင့် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှ ပြောကြားသည့် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် ယခင် အစိုးရလက်ထက် မြန်မာငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) အား အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို (NRPC) အဖြစ် ၂၀၁၆ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းပြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအတွက် ဆပ်ကော်မတီ နှစ်ခုကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန MPC ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန NRPC အဖြစ် ပြန်လည်ဖွဲ့စည်းရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးကျော်တင့်ဆွေ | ဥက္ကဋ္ဌ | နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီး |
| ၂ | ဦးခင်မောင်တင့် | အတွင်းရေးမှူး | ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၃ | ဒုဗိုလ်ချုပ်ကြီး ရဲအောင် | ဒုတိယဥက္ကဋ္ဌ | နယ်စပ်ရေးရာဝန်ကြီး |

| | | | |
|---|---|---|---|
| ၄ | ဒုဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် | အဖွဲ့ဝင် | အမှတ်(၁) စစ်ဆင်ရေးအထူးတပ်ဖွဲ့မှူး |
| ၅ | ဒုဗိုလ်ချုပ်ကြီး မြင့်စိုး | ။ | အငြိမ်းစား |
| ၆ | ဦးဝင်းမြင့် | ။ | ပြည်ထောင်စု ဒုတိယရှေ့နေချုပ် |
| ၇ | ဦးခင်မောင်ဝင်း | ။ | ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာဦးစီးဌာန |
| ၈ | ဒေါက်တာတင်မျိုးဝင်း | ။ | စေ့စပ်ညှိနှိုင်းရေး တာဝန်ခံ |
| ၉ | ဒေါက်တာမင်းဇော်ဦး | ။ | JMC အဖွဲ့ဝင် |
| ၁၀ | ဦးမိုးဇော်ဦး | ။ | နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး |

## (၂) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေး ကော်မတီ

| စဉ် | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|
| ၁ | ဒေါက်တာတင်မျိုးဝင်း | ဥက္ကဋ္ဌ | စေ့စပ်ညှိနှိုင်းရေး တာဝန်ခံ |
| ၂ | ဦးကျော်တင့်ဆွေ | ဒုဥက္ကဋ္ဌ | နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီး |
| ၃ | ဦးလှမောင်ရွှေ | အတွင်းရေးမှူး | အထူးအကြံပေး (NRPC ) |
| ၄ | ဒုဗိုလ်ချုပ်ကြီး ရာပြည့် | အဖွဲ့ဝင် | အမှတ်(၂) စစ်ဆင်ရေး အထူးတပ်ဖွဲ့မှူး |
| ၅ | ဒုဗိုလ်ချုပ်ကြီး မင်းနောင် | ။ | အမှတ်(၄) စစ်ဆင်ရေး အထူးတပ်ဖွဲ့မှူး |
| ၆ | ဒေါက်တာမင်းဇော်ဦး | ။ | JMC အဖွဲ့ဝင် |
| ၇ | ဦးမိုးဇော်ဦး | ။ | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး |
| ၈ | ဦးနိုင်ငံလင်း | ။ | လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉ | ဦးဇော်ဌေး | ။ | ဒုညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံသမ္မတရုံး |
| ၁၀ | ဦးစိုးဟန် | ။ | ဒုညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၁ | ဒုဗိုလ်ချုပ်ကြီး ခင်ဇော်ဦး | ။ | အငြိမ်းစား |
| ၁၂ | ဦးသိန်းဇော် | ။ | |
| ၁၃ | ဒေါ်ဒွဲဘူ | ။ | |
| ၁၄ | ဦးခက်ထိန်နန် | ။ | |
| ၁၅ | ဒေါက်တာမင်းဇော်ဦး | ။ | JMC အဖွဲ့ဝင် |
| ၁၆ | ဦးခွန်မောင်သောင်း | ။ | ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ဖော် ဆောင်မှုကော်မတီ (ပြည်သူ့လွှတ်တော်) |
| ၁၇ | ဒေါ်ရှီလနန်နန်တောင် | ။ | ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ (အမျိုး |

| | | | |
|---|---|---|---|
| | | | သားလွှတ်တော်) |
| ၁၈ | ဦးမိုးဇော်ဦး | ။ | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး |

**(၃) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ- ၁**

| စဉ် | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|
| ၁ | ဒုဗိုလ်ချုပ်ကြီး ရာပြည့် | ဥက္ကဋ္ဌ | အမှတ် (၂) စစ်ဆင်ရေး အထူးတပ်ဖွဲ့ |
| ၂ | ပဒိုကွယ်ထူးဝင်း | ဒုဥက္ကဋ္ဌ | အထွေထွေအတွင်းရေးမှူး (KNU) |
| ၃ | ဒေါက်တာလျန်မှုန်ဆာခေါင်း | အတွင်းရေးမှူး- ၁ | ဒုဥက္ကဋ္ဌ (၂) (CNF) |
| ၄ | ဒေါက်တာမင်းဇော်ဦး | အတွင်းရေးမှူး- ၂ | JMC အဖွဲ့ဝင် |
| ၅ | ဦးကျော်တင့်ဆွေ | ။ | နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီး |
| ၆ | ဒုဗိုလ်ချုပ်ကြီး မင်းနောင် | ။ | အမှတ်(၄) စစ်ဆင်ရေး အထူးတပ်ဖွဲ့မှူး |
| ၇ | ဦးနိုင်ငံလင်း | ။ | လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈ | ဦးခွန်မောင်သောင်း | ။ | ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ဖော် ဆောင်မှုကော်မတီ (ပြည်သူ့လွှတ်တော်) |
| ၉ | ဒေါ်ရှီလန်နန်တောင် | ။ | ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ (အမျိုး သားလွှတ်တော်) |
| ၁၀ | ဦးမျိုးဝင်း | ။ | ဒုဥက္ကဋ္ဌ (ABSDF) |
| ၁၁ | စောမြရာဇာလင်း | ။ | CEC member, (ALP) |
| ၁၂ | စောစိန်ဝင်း | ။ | စစ်ဦးစီးမှူး(ဒု)တန်း၊ DKBA |
| ၁၃ | စောကျော်ညွှန့် | ။ | တွဲဖက်တွင်း(၁) (KNU/KNLA(PC)) |
| ၁၄ | ခွန်မြင့်ထွန်း | ။ | ဥက္ကဋ္ဌ၊ PNLO |
| ၁၅ | ဦးစိုင်းလ | ။ | RCSS |

**(၃) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ- ၂**

| စဉ် | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|
| ၁ | ဒေါက်တာတင်မျိုးဝင်း | ဥက္ကဋ္ဌ | စေ့စပ်ညှိနှိုင်းရေး တာဝန်ခံ |
| ၂ | ဦးလှမောင်ရွှေ | အတွင်းရေးမှူး | အထူးအကြံပေး (NRPC) |

| | | | |
|---|---|---|---|
| ၃ | ဦးဇော်ဌေး | ။ | ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး |
| ၄ | ဦးစိုးဟန် | ။ | ဒုညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅ | ဒုဗိုလ်ချုပ်ကြီး ခင်ဇော်ဦး | ။ | အငြိမ်းစား |
| ၆ | ဦးခက်ထိန်နန် | ။ | |
| ၇ | ဦးသိန်းဇော် | ။ | |
| ၈ | ဒေါ်ဒွဲဘူ | ။ | |
| ၉ | တပ်မတော်မှအရာရှိ (၂) ဦး | ။ | သက်ဆိုင်ရာ နယ်မြေဒေသ တိုင်းစစ်ဌာနချုပ် |

•◆•◆•◆•◆•

## ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း ပဉ္စမအကြိမ် ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေး ကျင်းပပြုလုပ်



ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း၊ ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့မှ (၇) ရက်နေ့နှင့် (၁၃) ရက်နေ့မှ

(၁၄) ရက်နေ့များအတွင်း ဗဟိုဌာနချုပ်၊ ဂိတ်ိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး၏ ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်ချုပ်အတွင်း ဌာနဆိုင်ရာ (၇) ခုဖြစ်သော တပ်ဦးရေးရာဌာန၊ ပညာ၊ ကျန်းမာနှင့် ပြည်သူ့ရေးရာဌာန၊ မဟာမိတ်နှင့် နိုင်ငံခြားရေးရာဌာန၊ အခွန်နှင့် ဘဏ္ဍာရေးဌာန၊ ကာကွယ်ရေးနှင့် လုံခြုံရေးဌာန၊ စီးပွားရေးဌာန၊ ဖွံ့ဖြိုးရေးနှင့် ပြန်လည်နေရာချထားရေးဌာန နှင့် လက်အောက်ခံ ဌာနခွဲများ၏ လုပ်ငန်း ဆောင်ရွက်မှုများ သုံးသပ်ဆွေးနွေးခြင်း၊ လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေးခြင်းနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ခဲ့သည်။

ငြိမ်းချမ်းရေးကဏ္ဍနှင့် ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစု ပင်လုံညီလာခံ) အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ဘုံသဘောတူညီချက်နှင့် မဟာဗျူဟာ၊ ပေါ်လစီများ ရရှိနိုင်ရေးအတွက် လက်ရှိ စုဖွဲ့မှုများကို ဖျက်သိမ်းခြင်းမပြုဘဲ ပင်လုံစာချုပ်လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလူမျိုးများက ကမကထ ဆောင်ရွက်သွားရန်နှင့် ဆွေးနွေးမည့် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရန်၊ တပ်ဦး၏ ငြိမ်းချမ်ရေးလုပ်ငန်းစဉ်ကို ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် Centre for Chin Peace and Reconcilation (CCPR) ကို ဖွဲ့စည်းရန် စသဖြင့် မူဝါဒများ ချမှတ်ခဲ့သည်။

ချင်းအမျိုးသားတပ်ဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဥက္ကဋ္ဌ (၁) ဦး၊ ဒုတိယဥက္ကဋ္ဌ (၃) ဦး၊ အထွေထွေအတွင်းရေးမှူး (၁) ဦး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၃) ဦးနှင့် ဌာနဆိုင်ရာ အတွင်းရေးမှူး (၇) ဦး၊ စုစုပေါင်း (၁၅) ဦးဖြင့် ဖွဲ့စည်းထားသည်။

◆◆◆◆◆◆◆◆◆

# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး ကျင်းပပြုလုပ်ခြင်း



တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးကို ကချင်ပြည်၊ KIO ထိန်းချုပ်နယ်မြေ မိုင်ဂျာယာန်တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်မှ (၃၀) ရက်နေ့အထိ (၅) ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (၁၈)ဖွဲ့၊ တိုင်းရင်းသား နိုင်ငံရေးပါတီ မဟာမိတ်အဖွဲ့ (၂)ဖွဲ့၊ လူထုအခြေပြုအဖွဲ့နှင့် အမျိုးသမီးအဖွဲ့များ၊ လေ့လာသူများ၊ စုစုပေါင်း (၂၀၆)ဦး တက်ရောက်ခဲ့သည်။ ထို့အပြင် အထူးဖိတ်ကြားထားသည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးရာဌာန၏ အာရှရေးရာ အထူးသံတမန် Mr. Sun Guaxiang တို့ တက်ရောက်ခဲ့သည်။

၎င်းအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှ ဩဂုတ်လ (၃၁) ရက်နေ့တွင် ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ပင်လုံညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း

များအားလုံး ဘုံရပ်တည်ချက် ရရှိနိုင်ရေးကို အဓိကရည်ရွယ် ပြုလုပ်ခြင်းပြီး၊ အောက်ပါ အရေးကြီး အချက်များကို ဆွေးနွေးသဘောတူခဲ့ကြသည်။

(၁) ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူ(၈)ချက်

(၂) ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ

(၃) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များ

(၄) ပင်လုံ လက်စွဲစာတမ်း ပြုစုရေး

(၅) ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခြေခံမူများ

(၆) အမျိုးသားလုံခြုံရေး၊ ကာကွယ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဆိုင်ရာ အခြေခံမူများ

စသည့် အရေးကြီး ဆုံးဖြတ်ချက် (၆) ချက်ပါဝင်သည့် ဆုံးဖြတ်ချက် (၁၂) ချက်နှင့် မှတ်တမ်းတင် ချက် (၆) ချက်ကို သဘောတူ၊ မှတ်တမ်းတင်ခဲ့ကြသည်။

•◆•◆•◆•◆•



## ဓါတ်ပုံမှတ်တမ်း



ဂိတ်ုရိယ မူကြိုကျောင်းသူ/သားများ



ဆဋ္ဌမအကြိမ်ပါတီညီလာခံသက်တမ်း၊ ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး



ချင်းအမျိုးသားတပ်ဦး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တပ်မှူးများ တွေ့ဆုံဆွေးနွေးပွဲ



ပဉ္စမအကြိမ် တပ်မှူးများညီလာခံ တက်ရောက်သည့် တပ်ဦးခေါင်းဆောင်နှင့် တပ်မတော် အရာရှိများ

# ၂၀၁၆ အစိုးရသစ် လက်ထက် တိုင်းရင်းသားများ ဦးစားပေးလာခြင်းသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို တကယ် ဖြစ်စေပါမည်လား

**Salai Deirel**

## နိဒါန်း

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံမှ နိုင်ငံရေးသမားတိုင်းလိုလို ရွေးကောက်ပွဲနှင့် ပတ်သက်၍ သုံးသပ်ခဲ့ကြသည်မှာ "၂၀၁၅ ရွေးကောက်ပွဲတွင် ကြံ့ဖွံ့ နှင့် အဲန်အဲလ်ဒီ ပါတီတွင် မည်သည့် ပါတီကမှ အစိုးရဖွဲ့နိုင်လောက်အောင် နိုင်မည်မဟုတ်ဘဲ တိုင်းရင်းသားပါတီနှင့် မဟာမိတ်ဖွဲ့နိုင်သည့် ပါတီကသာ အစိုးရ ဖွဲ့နိုင်လိမ့်မည်။ ထို့ကြောင့် တိုင်းရင်းသားပါတီများသည် အရေးကြီးသော အခန်းကဏ္ဍ မင်းသားနေရာတွင် ရှိလိမ့်မည်" ဟု သုံးသပ်ခဲ့ကြပါသည်။

သို့သော် ရွေးကောက်ပွဲ ပြုလုပ်လာသည့်အခါ ၎င်းတို့၏ သုံးသပ်ချက် အကုန်လွဲမှားပြီး အဲန်အဲလ်ဒီက တောင်ပြိုကမ်းပြို အနိုင်ရခဲ့သည်ကို တွေ့ရပါသည်။ သုံးသပ်ချက် လွဲမှားမှုကြောင့် သူတို့ကို အပြစ်မတင်လိုပါ။ အကြောင်းမှာ မဖြစ်သေးသော ကိစ္စ၊ ဤသို့ ဖြစ်လာလိမ့်မည် ဟူ၍ ထင်မြင်ချက်ပေးခြင်းသည် တခါတရံ ဖြစ်ချင်မှ ဖြစ်လာသကဲ့သို့ တခါတရံ လွဲခဲ့သည့်အချိန်လည်း မနည်း ရှိတတ်သောကြောင့် ဖြစ်ပါသည်။

ထိုနည်းတူစွာ အဲန်အဲလ်ဒီ ဦးဆောင်မည့် အစိုးရသစ် လက်ထက်တွင် တိုင်းပြည် အမှန်တကယ် အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ရင်ကြားစေ့ရေး အမှန်တကယ် ဖြစ်လာမည်လား၊ မဖြစ်လာဘူးလား? ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ကြိုတင် ဟောကိန်းထုတ်ရန် ဆိုသည်မှာ မလွယ်ကူသလောက် အဲန်အဲလ်ဒီ အစိုးရအပေါ် ပြည်သူလူထု၏ မျှော်လင့်ချက်သည် ဘရိတ်ပျက်ကာ အထိန်းအကွပ်မရှိ ဖြစ်မသွားရန် ဤဆောင်းပါးကို မပီကလာ ပီကလာ တင်ပြခြင်း ဖြစ်ပါသည်။

# အဲန်အဲလ်ဒီ ပါတီအပေါ် လူထု၏ မျှော်လင့်ချက်နှင့် ရွေးကောက်ပွဲ အနိုင်ရရှိခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ရင်ကြားစေ့ရေး အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက် ရောင်နီဦးဖြစ်သည်ဟု တင်စားလို ပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရတက် လာမှ တိုင်းပြည်သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး စသည့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုး တိုးတက်သော တိုင်းပြည်အဖြစ် ရောက်ရှိနိုင်လိမ့်ဟု မျှော်လင့်ခဲ့ကြပါသည်။

ထိုနည်းတူ တိုင်းရင်းသားများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပူးပေါင်းခြင်းဖြင့် တိုင်း ရင်းသားများ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက်ပါ ပို၍ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်လျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့ကြသည်ကို တွေ့ရသကဲ့သို့ တချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရနှင့် လက်မှတ်ရေးထိုးခြင်းသည် ပို၍ အာမခံချက်ရှိမည်ဟု ယုံကြည်ကာ NCA စာချုပ်ပါ အချက်များအပေါ် သဘောတူပါလျက် ဦးသိန်းစိန် အစိုးရနှင့် လက်မှတ်ထိုးခြင်းကို အကြောင်း အမျိုးမျိုးပြကာ ရှောင်လွှဲနေခဲ့ကြသည်ကို တွေ့ရသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပေါ် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက် အင်မတန်မှ ကြီးမားလျက် ရှိသည်နှင့်အညီ ၂၀၁၅ ရွေးကောက်ပွဲတွင် ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ တောင်ပြို ကမ်းပြို ပြန်လည်အနိုင်ရရှိခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။ ရွေးကောက်ပွဲ မတိုင်ခင် မည်သည့် နိုင်ငံရေးသမားကမှ အဲန်အဲလ်ဒီ အနေဖြင့် ဤကဲ့သို့ အပြတ်အသတ် အနိုင်ရလိမ့်မည်ဟု မထင် ခဲ့ပါ။ နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်း ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေ အမျိုးမျိုး ကြောင့် ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ ပါတီတခုတည်းဖြင့် အစိုးရ ဖွဲ့နိုင်လောက်အောင် အနိုင်ရရှိ လိမ့်မည်ဟု မည်သူကမှ မမျှော်လင့်ခဲ့ကြပါ။ နိုင်ခဲ့လျှင်တောင် တခြားပါတီနှင့် မဟာမိတ်ဖွဲ့မှသာ အစိုးရ ဖွဲ့နိုင်လိမ့်မည်ဟု ယူဆခဲ့ကြသည်။ ထိုနည်းတူ ကြံ့ဖွံ့ပါတီအနေဖြင့် အပြတ်နိုင်လျှင် တောင်မှ တခြားပါတီများနှင့် မဟာမိတ်ဖွဲ့နိုင်ပါက အစိုးရဖွဲ့နိုင်သည့် အခြေအနေမျိုး ရှိနိုင်မည်ဟု သုံးသပ်မှုများ ရှိခဲ့သည်ကို တွေ့ရပါသည်။ ၎င်းတို့ပါတီအတွင်း ယုံကြည်မှု အပြည့် ရှိကြသည်ကို ပါ တွေ့ရှိရပါသည်။

သို့သော် အဲန်အဲလ်ဒီအနေဖြင့် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရုံသာမကဘဲ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုဥက္ကဋ္ဌများ ရွေးချယ်ရာတွင်လည်းကောင်း၊ အစိုးရကို ဦးဆောင်မည့် သမ္မတလောင်းများ ရွေးချယ်ရာတွင်လည်းကောင်း၊ တိုင်းရင်းသားများကို ဦးစားပေး ရွေးချယ်လာခြင်းသည် တဖက်တွင် တိုင်းရင်းသား ပြည်သူတရပ်လုံး၏ မျှော်လင့်ချက်ဖြစ်သော တိုင်းပြည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစပထမခြေလှမ်းများ အစပြုပြီလားဟု တွေးစရာ ဖြစ်လာပါသည်။ အထူးသဖြင့် ချင်းတိုင်းရင်းသားတစ်ဦးအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဒုတိယသမ္မတ ရာထူးအထိ ရရှိနိုင်ခဲ့သည်မှာ ဂုဏ်ယူဂမ်းမြောက်မိသည့်အပြင် ဒုတိယသမ္မတ ပူးဟင်နရီဗန်ထီးယိုး အနေဖြင့် ၎င်း၏ ကတိအတိုင်း တိုင်းရင်းသားအရေးကို အကောင်းဆုံး ထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းပေးအပ်ပါသည်။

ထိုနည်းတူ လွှတ်တော် နှစ်နေရာတွင် ဥက္ကဋ္ဌ တစ်နေရာနှင့် ဒုဥက္ကဋ္ဌ နှစ်နေရာ ရရှိခဲ့သည်မှာ အန်အဲလ်ဒီ ပါတီ၏ သဘောထားကြီးမှု၊ တနည်းအားဖြင့် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအမြော်အမြင် ကြီးမားမှု၊ ရိုးသားဖြောင့်မတ်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အပြောသက်သက်ဖြင့် မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြသသည့် အစပထမခြေလှမ်း ဖြစ်သည်ဟု သုံးသပ်မိပါသည်။ ငါးနှစ်တာကာလအတွင်း အစိုးရကို ဦးဆောင်ဦးရွက်ပြုရာတွင် ကြုံတွေ့ရင်ဆိုင်ရမည့် အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံကို တရားသဖြင့် သတ္တိရှိရှိ အမှန်ကန်ဆုံး ဦးဆောင်ကျော်လွှားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးပါသည်။

## ကြည့်ရှု စဉ်းစားရမည့် အချက်များ

သို့သော် တဖက်တွင် တိုင်းရင်းများအနေဖြင့် ဤရာထူး အဆင့်လောက်ဖြင့် ဘဝင်ခိုက် ပီတိဖြာကာ ကျေနပ်မနေသင့်ပေ။ တနည်းအားဖြင့်ဆိုလျှင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အဓိကသော့ချက်က ဘာလဲ၊ ရာထူးဂုဏ်ပကာသန က အဓိကလား၊ သာမညလား၊ ဒုသမ္မတရာထူးနှင့် လွှတ်တော်ဥက္ကဋ္ဌ ရာထူးတို့သည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် မည်သည့် သက်ဆိုင်မှုရှိသလဲဆိုသည်မှာ လေးလေးနက်နက် စဉ်းစား

ရမည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို စဉ်းစားအကောင်အထည် ဖော်မည်ဆိုလျှင် -

၁။ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ် ဖြစ်ရခြင်း၏ အဓိကအကြောင်း ရင်းခံကဘာလဲ၊ တိုင်းရင်းသားများ အမှန်တကယ် လိုလားချက်က ဘာလဲ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အမှန်တကယ် လိုအပ်ချက်က ဘာလဲ၊ ဒါတွေကို ဖြေရှင်းဖို့ အစိုးရအနေဖြင့် မည်သည့် ပေါ်လစီ၊ လုပ်ငန်းစဉ်များနှင့် စီမံကိန်းတွေ ရှိပါသလဲဆိုတာ အဓိကထားပြီး လေ့လာစဉ်းစားရမည် ဖြစ်ပါသည်။

၂။ (၅) နှစ်တာ အစိုးရသက်တမ်းကာလအတွင်း အဲန်အဲလ်ဒီ အစိုးရအနေဖြင့် ၎င်းတို့၏ ရွေးကောက်ပွဲပေါ်လစီ (manifesto) အတိုင်း တကယ်လုပ်ဆောင်နိုင်ခဲ့ပါသလား၊ ဖြည့်ဆည်းနိုင်ခဲ့ပါသလား စသည်တို့ကို အဓိကထား ထည့်တွက်စဉ်းစားရန် လိုအပ်မည် ဖြစ်ပါသည်။ ဤသည်ကို အဓိကထားမကြည့်ဘဲ အပေါ်ယံ ရာထူးနှင့် ဂုဏ်ပကာသန လောက်ကိုသာ ကြည့်ပြီး ပီတိ ဖြစ်မနေသင့်ပါ။

၃။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် ဤရာထူး ဂုဏ်ပကာသနများသည် အမှန်တကယ် လုပ်ပိုင်ခွင့် မည်သည့်အတိုင်းအတာအထိ ရှိနိုင်မည်ဆိုသည်ကို မထည့်တွက်ဘဲ မနေသင့်ပါ။ အထူးသဖြင့် ဤရာထူးနှင့် ဂုဏ်ပကာသနများသည် အဓိကနှင့် သာမညကိစ္စများတွင် လုပ်ပိုင်ခွင့်အာဏာ မည်ကဲ့သို့ ရှိခဲ့ပါသနည်း၊ ဆိုလိုသည်မှာ သာမညတွင်သာ အာဏာရှိပြီး အဓိကကိစ္စများတွင် သွားမရှိတော့သည့် ခြသေ့ံအိုကြီးပမာ ဖြစ်နေသလား၊ စဉ်းစားရန် လိုအပ်မည် ဖြစ်ပါသည်။

၄။ နောက် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်ထောင်စုအစိုးရက အဓိကလား၊ ပြည်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာသည် အဓိကလား၊ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းရှိ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်အာဏာ မည်မျှအထိ ရှိသည် ဆိုသည့်အချက်က အဓိကလား၊ ပြည်နယ်တွင် လုပ်ပိုင်ခွင့်အာဏာ မည်မည်ရရ မရှိဘဲ ဗဟိုအစိုးရမှ ကြိုးကိုင်နေသရွေ့ ပြည်နယ်များ အမှန်တကယ် ဖွံ့ဖြိုးနိုင်မလား၊ ဤကဲ့သို့ မဖွံ့ဖြိုးနိုင်ပါက အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စသည်များမှာ အမှန်တကယ်  ဖြစ်နိုင်မည်လား၊ စဉ်းစားရမည် ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး သို့မဟုတ် အသစ်ရေးဆွဲရေး ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းမပြုဘဲ မည်သည့် ဒီမိုကရေစီအစိုးရပင် တက်တက်၊ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန်ဆိုသည်မှာ လက်တွေ့မပါသည့် စိတ်ကူးယဉ် အိပ်မက်မျိုးသာ ဖြစ်ပါမည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန် ဆိုသည်မှာ စစ်တပ် အလိုမပါဘဲ လုံးဝမဖြစ်နိုင်သည့်ကိစ္စ ဖြစ်ပြန်သည်။ အနည်းဆုံး စစ်တပ်လွှတ်တော်ကိုယ်စားလှယ် ၂၅% ထဲမှ ကိုယ်စားလှယ်၏ ၁% ထောက်ခံမှုရမှ ဖြစ်နိုင်သည်။ ၎င်းအပြင် စစ်တပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ရန် တာဝန်ရှိသည်။ အခြေခံဥပဒေ ပြင်လိုပါက အခန်း (၁၂) အတိုင်းသာ ပြင်ရမည်ဟု တတွင်တွင် ပြောလာပြန်သည်ကို ကြည့်ခြင်းဖြင့် အခြေခံဥပဒေပြင်ဆင်ရေး ဆိုသည်မှာ စိတ်ကူးယဉ် လွယ်သလောက် လက်တွေ့၌ အတော်ခက်ဦးမည့်ပုံ ဖြစ်နေပါသည်။ ဤအတွက် စစ်တပ်ကို အောင်ဆန်းစုကြည် အနေဖြင့် မည်မျှအထိ စည်းရုံးနိုင်ခဲ့သည်၊ မည်မျှအထိ အပေးအယူ ပြုလုပ်နိုင်သည်ဆိုသည်ကို မျက်ခြေမပြတ် စောင့်ကြည့်လေ့လာရန် လိုအပ်မည် ဖြစ်ပါသည်။

နောက်ဆုံးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစိုးရ၏ သက်တမ်းတခုအတွင်းအကောင်အထည်ဖော်ရန်ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့၌ အင်မတန်မှ ခက်ခဲလိမ့်မည် ဖြစ်ပါသည်။ သို့သော် တဖက်တွင် တခုခုရှိခြင်းသည် ဘာမှမရှိသည်ထက် ပို၍ကောင်းသည် ဆိုသည့် စကားပုံအတိုင်း နှစ်ပေါင်း(၅၀) ကျော်ကြာအတွင်း အရပ်သားဦးဆောင်သည့် ဒီမိုကရေစီအစိုးရတက်လာခြင်းကိုက နှစ်ပေါင်း (၅၀) ကျော်ကြာ စစ်အုပ်ချုပ်ရေးအောက် ခေါင်းငုံ့ခံနေရသည်ထက်စာလျှင် များစွာ ကောင်းပါသေးသည်ဟူသော အကောင်းမြင်စိတ် ရှိရန် လိုအပ်မည် ဖြစ်ပါသည်။

## နိဂုံး

ဘုရားမှ လွဲ၍ မနက်ဖန် ဘာဖြစ်မည်ကို အထိအကျ ဟောပြောနိုင်သူ မည်သူမျှ မရှိပါ။ ထိုနည်းတူ ၂၀၁၆ ခုနှစ်အတွင်း အသစ်တက်လာမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရသစ် လက်ထက်တွင် အစိုးရ၏ ထိပ်ပိုင်းခေါင်းဆောင် နေရာတချို့တွင် တိုင်းရင်းသားခေါင်းဆောင်များကို ယခင် အစိုးရများနှင့်မတူဘဲ နေရာပေးလာသည်ကို တွေ့ရပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်အပါအဝင် တိုင်းရင်းသားခေါင်းဆောင် တော်တော်များ

များက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရသစ်၏ ကောင်းမြတ်သော လုပ်ဆောင်ချက်အဖြစ် အကောင်းဖက်မှ ကြိုဆိုလျက်ရှိသည်ကို တွေ့ရပါသည်။ သို့သော် တဖက်တွင် အစိုးရသစ်မှ အစစအရာရာ အပြောင်းအလဲ ပြုလုပ်နိုင်လိမ့်မည်ဟု ပြည်သူလူထုမှ မျှော်လင့်ချက်ထားခြင်းသည် အလွန်အင်မတန်မှ လျှော့ကန် သင့်မြတ်လှပါသော်လည်း မိမိတို့၏ မျှော်လင့်ခြင်းသည် အထိန်းအကွပ်မဲ့ မဖြစ်ဖို့ တနည်းအားဖြင့် အတိုင်းအတာရှိရန်နှင့် ဘရိတ်ရှိရန် လိုအပ်မည် ဖြစ်ပါသည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ အနာရောဂါကြီးကို ပျောက်ကင်းအောင် ကုသရာတွင် အဲန်အဲလ်ဒီ ဦးဆောင်သော အစိုးရက အသုံးပြုနေသော ဆေးဝါးသည် မြန်မာနိုင်ငံ၏ အမှန်တကယ် အနာရောဂါနှင့် တည့်မတည့်ကို အချိန်ယူကြည့်ရှုရန် လိုအပ်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါ သည်။

⬩◆⬩◆⬩◆⬩◆⬩

ချင်းအမျိုးသားရေးရာစာစောင်ကို ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး၊ စာစောင်များကို ချင်းအမျိုးသားတပ်ဦး၊ ပြည်တွင်းဆက်ဆံရေးရုံး၊ စီးပွားရေးရုံးနှင့် ပြည်တွင်းဒေသ ကော်မတီများမှတဆင့် ထုတ်ဝေဖြန့်ချိနေပါသည်။

စာဖတ်သူများ၏ ဝေဖန်အကြံပြုမှုများကို လှိုက်လှဲစွာကြိုဆိုလျက်ရှိသကဲ့သို့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကိုလည်း အောက်ပါလိပ်စာများသို့ အချိန်မရွေး ဆက်သွယ်ပေးပို့နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

cnfinfo88@gmail.com
bhmaunglay@gmail.com
+91 8415 851 622

# ထန်တလန် နယ်သားများ၏ တိမ်မြုပ်လု ချင်းအမျိုးသားနေ့အရေး လှုပ်ရှားမှု

ဇလပ်ထက်နီ

ဒီဆောင်းပါး၏ ခေါင်းစီးသည် လက်ရှိ ထန်တလန်မြို့နယ် ဗန်ဇန်တောင်ကြောရှိ အနှစ် ၂၀၀ ကျော်သက်တမ်း၊ ဇနပုဒ် ရွာကလေး Vangzang ရွာက စတင်ခြင်းဖြစ်သည်။ ဗန်ဇန် ဒေသခံများ ၏ အုပ်ချုပ်သူ နယ်ချဲ့အင်္ဂလိပ်တို့အတွက် ပေါ်တာမထမ်းရေး ဆန္ဒပြကန့်ကွက်ရာမှ တနယ်လုံး ပျံ့နှံ့ ဂယက်ရိုက်သွားခဲ့ရာ အမျိုးသားရေးလှုပ်ရှားမှုအသွင်သို့ ကျယ်ပြန့်သွားခဲ့သည်။ ဒီနေရာ တွင် ချင်းခေါင်းဆောင် Pu Ro Thang ကို ချန်ထားလို့ မရပါ။ Pu Ro Thang သည် အင်္ဂလိပ် အစိုးရ ဂန်ထမ်းဘဝတွင်ပင် အုပ်ချုပ်သူတွေကို ခြေစုံကန်ပြီး ထန်တလန်နယ် အပါအဝင် ဟားခါးနယ်၊ မတူပီနယ်များအထိ အင်္ဂလိပ်အစိုးရနှင့် တိုက်သူကြီးများ၏ မတရားဖိနှိပ်မှုများကို ပြည် သူထံ အသိပေး နားဖောက်လေ့ရှိသည်။ ထိုအချိန်ကစပြီး ဒေသခံများ၏ စိတ်ထဲတွင် အင်္ဂလိပ် နှင့် တိုက်သူကြီးတို့၏ လုပ်ရပ်များကို ဆန့်ကျင်လိုစိတ် သန္ဓေတည်ခဲ့သည်။ ချင်းတောင်မှ ခရီး ကြမ်း မိုင်ပေါင်းများစွာဝေးသည့် ကလေးမြို့၊ ဂန့်ဂေါမြို့များသို့ အစိုးရဂန်ထမ်းများအတွက် အခ မဲ့ ရိက္ခာထမ်းရသည်ကို မခံမရပ်နိုင် ဖြစ်ခဲ့ကြသည်။ Pu Ro Thang ၏ လုပ်ရပ်သည် ဟားခါး နယ် ဂန်ထောက် Mr. Hay Neave နားသို့ ပေါက်ကြားသွားသဖြင့် ၎င်းအား မွေးရပ်မြေ တ လန် ပီးရွာ နေအိမ်တွင် ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့က ဖမ်းဆီးကာ ဂန်ထမ်းအလုပ်မှ ဖြုတ်ပြီး အိန္ဒိယနိုင်ငံအရှေ့မြောက် Shillong မြို့တွင် အကျဉ်းချခဲ့ကြသည်။ Pu Ro Thang သည် အ ကျဉ်းချနေစဉ်တလျှောက် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်သူများ ပေါ်တာမထမ်းခြင်း၊ လွတ် လပ်စွာ အရေးဆိုခွင့်စသည့် အုပ်ချုပ်ခံပြည်သူများ၏ အခွင့်အရေးဆိုင်ရာများကို လေ့လာခဲ့ သည်။

Pu RoThang သည် ၁၉၄၅ ခုနှစ်၊ ဇန္နဝါရီလ (၁) ရက်နေ့တွင် အကျဉ်းထောင်မှ လွတ် လာပြီး အင်္ဂလိပ်နယ်ချဲ့နှင့် အပေါင်းပါများ၏ မတရားလုပ်ရပ်များကို ဆက်လက် ဆန့်ကျင်ခဲ့

သည်။ ကျေးလက် ပြည်သူများအထိ ဆန့်ကျင်ရေးအား စည်းရုံးဟောပြောခဲ့သည်။ ယင်းကိစ္စ အင်္ဂလိပ်အစိုးရထံ ပေါက်ကြားပြန်သဖြင့် ဟားခါးအ ဂဏာပိုင်များမှ Pu RoThang နဲ့ ဒေသခံ ပြည်သူ ၃၀ ဦးအား ဖမ်းဆီးခဲ့ကြပြီး ဟားခါးတွင် ၁၅ ရက် အကျဉ်းချခဲ့သည်။ ထို့နောက် ဆန့် ကျင်ကန့်ကွက်မှုမျိုး မလုပ်တော့ပါဟု ခံဝန်ဂတိဖြင့် ပြန်လွှတ်လိုက်ကြသည်။ သို့သော် အင်္ဂလိပ် ဆန့်ကျင်ရေးလှုပ်ရှားမှုသည် အကင်းမသေနိုင်တော့ပေ။

၁၉၄၆ စက်တင်ဘာလတွင် ထန်တလန်နယ် Vangzang တောင်ကြော၊ Zanak တောင်ကြော နှင့် Khua Hring တောင်ကြောမှ ဒေသခံပြည်သူများသည် Farrawn ရွာတွင် စုဝေးကြပြီး Rangoon Governor, Hubert Rance မှ Force Labor ရပ်တန့်ရေး နှုတ်မိန့် တကယ်ဟုတ်မဟုတ် ကို Farrawn Middle School Headmaster, Pu phu Khah အား မေးမြန်းကြသည်။ ၁၉၄၆ အောက်တိုဘာလတွင် အမှတ် (၅) ထန်တလန်တိုက်နယ် ညီလာခံကို Hriang Khan ရွာတွင် ကျင်းပခဲ့ရာ တိုက်သူကြီးများအပါအဝင် ကိုယ်စားလှယ် ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ညီလာခံ အကြိုညတွင် တိုက်သူကြီးအစုအဖွဲ့၊ Pu RoThang ဦးဆောင်သော ပြည်သူအစုအဖွဲ့ဆိုပြီး သီး သန့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

တိုက်သူကြီးအစုအဖွဲ့က ဒေသခံပြည်သူများအား Supreme Council of United Hill People (SCOUHP) အဖွဲ့သို့ သွတ်သွင်း ပါဝင်စေရေးဟူ၍ သဘောတူကြပြီး Pu RoThang ဦးဆောင် သော ပြည်သူအစုအဖွဲ့သည် -

၁။ SCOUHP တွင် ပါဝင်ခြင်းမပြုရန်၊
၂။ ပေါ်တာထမ်း၊ ထင်းမီးရှာဖွေပေးခြင်း မပြုရန်၊
၃။ ပေါ်တာ ဆန့်ကျင်ရေးကော်မီတီ ဖွဲ့စည်းရန်၊
၄။ အမွေဆက်ခံ တိုက်သူကြီးအုပ်ချုပ်ရေးစံနစ် အလိုမရှိ၊
၅။ တိုက်သူကြီးထံ အခွန်မဆောင်ရန် ဟူ၍ ဆွေးနွေးသဘောတူကြသည်။

ထို့နောက် ညီလာခံပထမနေ့ စနေနေ့တွင် Pu Than Hnok အိမ်ရှေ့ကွင်းပြင်တွင် အစုနှစ်စုမှ ကိုယ်စားလှယ်အားလုံး စုဝေးခဲ့ကြပြီး အထက်ပါ Pu Ro Thang ဦးဆောင်သော အစုအဖွဲ့၏ သ

ဘောတူညီချက် (၅) ချက်ကို တခဲနက် သဘောတူညီချက်ရယူခဲ့ကြကာ ဆန့်ကျင်ရေး ကော်မီတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ကြသည်။

1. Pu Mang Dun ( Saikah) – Chairman
2. Jameder Khen Sang ( Tikir) – Vice Chairman
3. Len Dun ( Vanzang) – Secretary
4. Ro Thang (Tlangpi) – Joint Secretary
5. Thla Khar (Than Tlang) – Treasurer

ကော်မီတီသည် အစိုးရထံ ဖော်ပြပါ ငါးချက်ကို လိုက်လျောပေးရန် အရေးပိုင်နှင့် ဂန်ထောက်မင်းတို့ထံ စာဖြင့် ရေးသားတင်ပြခဲ့ကြသည်။ ဂန်ထောက်မင်းက ကော်မီတီဝင်များကို ဆင့်ခေါ်ခဲ့သဖြင့် Pu Ro Thang နှင့် Pu Thla Khar တို့ လိုက်သွားကြသည်။

ဂန်ထောက် Mr. Hay Neave က " Ro Thang, You set fire in Hriangkhan. The smoke raise up in the air, the flame will follow soon ( Ro Thang, Hriang Khan ရွာမှာ မင်းမွှေးတဲ့မီး လေထဲပျံ့သွားတယ်၊ မကြာခင် မီးတောက် ဖြစ်တော့မယ်" ဟု ဆဲဆိုခဲ့ရာ Pu Ro Thang က အစည်းအဝေးမှတ်တမ်းကိုသာ ရေးပေးခဲ့သည်ဟု တုံ့ပြန်ခဲ့သည်။ Mr. Hay Neave က "အင်္ဂလိပ်က ဂျပန်ကို နိုင်လို့ ချင်းတောင်ကို ပြန်လည်အုပ်ချုပ်ခဲ့ပြီ၊ ဒီတော့ အစိုးရလုပ်ငန်းအတွက် အစိုးရဂန်ထမ်းစားနပ်ရိက္ခါတွေ ချင်းတောင်မှာ မရှိလို့ မြေပြန့်ကို သွားသယ်ပေးရမယ်၊ ချင်းတောင်မှာ ရထားလမ်း၊ ကားလမ်းမရှိဘူး၊ လမ်းဖောက်ပေးဖို့ ခင်ဗျားတို့က အခွန်ငွေ မပေးဆောင်နိုင်ဘူး၊ တအိမ် (၄) ရူပီး အခွန်ဆောင်ရတာ အရေးပိုင်တစ်ဦးရဲ့ တစ်နှစ်လစာ လောက်ပဲရှိတယ်၊ ဒါကြောင့် အစိုးရလုပ်ငန်းတွေ လည်ပတ်နိုင်ဖို့ မြေပြန့်မှာ ရိက္ခာသွားထမ်းပေးရမယ်" ဟု ပြောသည်။ Pu Ro Thang က "(၄) နှစ်တာ ဂျပန်စစ်ပွဲမှာ စစ်တပ်၊ ငွေကြေး၊ ပေါ်တာ၊ Levy စသဖြင့် ကူညီခဲ့ပြီး အသက်တောင် ပေးခဲ့ရတယ်၊ ဂျပန်ကိုလည်း နိုင်ခဲ့ကြတယ်၊ ကျွန်တော် အိန္ဒိယမှာ အကျဉ်းချခံရတုန်း သိခဲ့ရတာက ခင်ဗျားတို့ဟာ တခြားလူမျိုးတွေကို အတင်းအဓမ္မ မခိုင်းစားနိုင်ကြဘူး၊ ကျွန်တော်တို့ ချင်းတွေကိုပဲ တိရိစ္ဆာန်လို ခိုင်းစားကြတာ" ဟု ချေပခဲ့သည်။

ဆက်လက်ပြီး Pu RoThang က "Hriang Khan မှာ လူထု ၃၀၀ အစည်းအဝေး မှတ်တမ်းရေး ပေးခဲ့လို့ သူတို့ကိုယ်စား ပြစ်ဒဏ်ပေးမယ်ဆိုယင် ဆက်လုပ်ပါ၊ သို့သော် ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့ ညီပါစေ၊ သိထားဖို့က ဂျပန်အုပ်ချုပ်ရေးကာလလို လူထုကို ပါးစပ်ပိတ်၊ နားပိတ် အတင်းအဓမ္မ ဖိနှိပ်ခိုင်းစားလို့ မရတော့ဘူး" ဟု ပြောခဲ့သည်။ Mr. Hay Neave သည် ချင်း တူမီးသေနတ်တစ်လက်ဖြင့် Pu Ro Thang ကို ပြန်လည် နားချခဲ့သည်။ သို့သော် လက်မခံခဲ့ပါ၊ ယင်းကိစ္စအတွက် Vanzang tlang လူထုသည် ပြန်လည်စုဝေးကြပြီး အင်္ဂလိပ်အစိုးရအား ဆက်လက်ဆန့်ကျင်ရန်သာ တညီတညွတ် ဆုံးဖြတ်ခဲ့ကြသည်။ လူထုဆုံးဖြတ်ချက်ကို သိသိချင်း Mr. Hay Neave သည် စိတ်ဆိုးကာ ပေါ်တာထမ်းရန် အမိန့်စာ ထုတ်ခဲ့သည်။ လူထုက လုံး၀ မထမ်းနိုင်ကြောင်း အကြောင်းပြန်ခဲ့ကြသည်၊ ထိုအခါ Mr. Hay Neave က အမိန့်အာဏာဖီဆန်မှု ဥပဒေအရ ပုလိပ် ၈ ဦး စေလွှတ်ပြီး တရွာဝင်တရွာထွက်ကာ Mr. Hay Neave ပြုစုပေးသော စာရင်းပါ လူထုနှင့် သေနတ်များကိုသိမ်းပြီး ဟားခါးသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ စာရင်းပါ လူချည်းသာ ပေါ်တာမထမ်းချင်သူ မဟုတ်ဟုဆိုပြီး ရှိရှိသမျှ ယောကျ်ားသားအားလုံး ဟားခါးသို့ လိုက်သွားခဲ့ကြသည်။

Mr. Hay Neave သည် လူထုထဲက ၇ ဦးကိုရွေးပြီး အကျဉ်းချရန် ပုလိပ် Pu Cia Dun ကို အမိန့်ပေးခဲ့သည်။ ပုလိပ် Cia Dun က အမိန့်အတိုင်း ၇ ဦးကို အချုပ်ခန်းထဲဝင်ရန် အမိန့်ပေးခဲ့သည်။ ၇ ဦးသာ ပေါ်တာ ဆန့်ကျင်သူမဟုတ်ဟုဆိုပြီး အားလုံး အချုပ်ခန်းထဲ ဝင်ခဲ့ကြသည်။ ပုလိပ် Cia Dun က အကျဉ်းခန်း ဆန့်မှာမဟုတ်ဘူး၊ ပြန်ထွက်ဟု အမိန့်ပေးခဲ့သည်၊ ထိုသို့ဖြင့် ညနေ ၄း၀၀ နာရီခန့်တွင် Mr. Hay Neave သည် ဟားခါးတိုက်သူကြီး Pu Kio Mang အား ညှိနှိုင်းပေးရန် အကူအညီတောင်းခဲ့သည်။ Pu Kio Mang က Vangzang tlang လူကြီးများအား ဒီလိုနည်းနဲ့မရဘူး၊ သံရေးတမန်ရေးနည်းနဲ့ ညှိနှိုင်းနိုင်ဖို့ (၇) ဦးကို အချုပ်ထဲ ထားခဲ့ပါဟု အကြံပြုခဲ့သည်၊ အကြံပြုချက်အတိုင်း အောက်ပါပုဂ္ဂိုလ် ၇ ဦးသည် လူထုကိုယ်စား အချုပ်ထဲဝင်ရန် သဘောတူခဲ့ကြသည်။ ချုပ်ရက်အတွင်း ၄င်းတို့၏ မိသားစု လူမှုကိစ္စအ၀၀ အတတ်နိုင်ဆုံး တာဝန်ယူပေးခဲ့ကြသည်။

1. Pu Len Dun ( Vangzang)
2. Pu Kap Luai ( Vangzang)
3. Pu Kap Lian ( Farrawn)

4. Pu Ceih Hnin ( Lungding)
5. Pu Hrang Dawn ( Tlangpi)
6. Pu Rual To ( Tlanglo)
7. Pu Chim Thang ( Tlanglo)

အကျဉ်းသား ၇ ဦးသည် အကျဉ်းထောင်တွင်နေစဉ် သီချင်းတစ်ပုဒ် စပ်ခဲ့ကြသေးသည်၊ "ကျွန်ဘဝမှလွတ်ရေး ပညာရည် မမှီ အကျဉ်းသား" ဟူ၍ ဖြစ်သည်။

၄ လအကြာတွင် အကျဉ်းသားထဲက Pu Len Dun ကို Vangzang tlang လူထုထံ စေလွှတ်ကြသော်လည်း အင်္ဂလိပ်အစိုးရ လိုလားချက်ကို မလိုက်လျောနိုင်ကြောင်းနှင့် အကျဉ်းထောင်တွင် စိတ်ရှည်လက်ရှည် ဆက်လက်သွားနေရန် ဟူ၍ ပြန်လည် အကြောင်းပြန်စေလွှတ်ခဲ့ကြသည်။ တဆက်တည်း လူထုသည် Tlangpi ရွာတွင် ပြန်လည်စုဝေးကြပြီး Rangoon Governor ထံ အယူခံဝင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ Rangoon Governor Hubert Rance ထံ အယူခံဝင်ဖို့ ကုလားစကားပြောနိုင်သူ စစ်ထွက်များဖြစ်သည့် Pu Chawn Hnin (Tlangpi) နှင့် Tial Hup (Sopum) တို့အား စေလွှတ်ခဲ့ကြသည်။

အဆိုပါ လူကြီးနှစ်ဦးသည် ရန်ကုန်သို့အသွား ဖလမ်း အရေးပိုင်မင်းနှင့် သွားရောက်တွေ့ဆုံပြီး အကြောင်းစုံကို ပြောပြခဲ့ကြသည်။ အရေးပိုင်မင်းသည် Vangzang Tlang လူကြီးနှစ်ဦး ရန်ကုန်အထိ သွားဖို့အရေးကို မနှစ်မြို့လှသဖြင့် ဖလမ်းမှာ District Council Meeting ခေါ်ယူပေးမည်ဟု ပြောခဲ့သည်။ တဆက်တည်း အကြောင်းစုံကို Rangoon Governor ထံ ကြေးနန်းရိုက်ခဲ့သည်။ နောက်တနေ့ Rangoon Governor ၏ ကြေးနန်းစာရောက်ရှိလာသည်။

"အတင်း အဓမ္မ လုပ်အားပေး ရပ်တန့်ရန်" ဟူ၍ပင်
ချင်းတောင်အရေးနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာပြည်ကြားဖြတ်အစိုးရက အောက်ပါ (၄) ဦးပါ Inquiry Commission ကို ဖလမ်းမြို့သို့ စေလွှတ်ခဲ့သည်။

1. Vum Thu Maung ( Chairman)
2. Mang Tung Nung ( Secretary)
3. U Thein Maung ( Member)

4. Thamada Saw Shwe Taike ( Observer)

ကော်မရှင်အဖွဲ့သည် ၁၉၄၈ ဖေဖော်ဝါရီ ၁၉ တွင် ဖလမ်းမြို့ လူထုညီလာခံသို့ တက်ရောက်လာကြပြီး Pu Vom Thu Maung က လူထုကိုယ်စားလှယ်များအား တိုက်သူကြီး အုပ်ချုပ်ရေး အလိုရှိမရှိဟု နှစ်ကြိမ်တိုင်တိုင် မေးမြန်းခဲ့ရာ တိုက်သူကြီး ၁၇ ဦးသာ အလိုရှိကြသည်။ ထို့ကြောင့် Pu Vom Thu Maung က ယနေ့မှစပြီး "တိုက်သူကြီး အုပ်ချုပ်ရေးစံနစ် အဆုံးသတ်ပြီ" ဟု ကြေညာခဲ့သည်။ အဆို ၁၉၄၈ ဖေဖော်ဝါရီ ၂၀ သည် ချင်းအမျိုးသားနေ့ပင် ဖြစ်ပေတော့သည်။

အရေးပိုင်မင်းမှ Rangoon Governor ထံ အယူခံဝင်မည့် Vangzang tlang လူကြီးများဖြစ်သော Pu Chawn Hnin ( Tlangpi) နှင့် Tial Hup ( Sopum) တို့ထံ ဖလမ်းမြို့တွင် District Council Meeting ခေါ်ယူပေးမည်ဟူသော ကတိသည် ချင်းအမျိုးသားနေ့ကို မွေးဖွားပေးခဲ့သည့် ၁၉၄၈ ဖလမ်းညီလာခံကြီးပင် မဟုတ်ပေဘူးလော၊

**(ယခု ဆောင်းပါးသည် အငြိမ်းစား C. Biak Kam ၏ ချင်းလို ရေးသားသော ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံဆောင်းပါးနှင့် ကိုယ်တိုင်တွေ့ဆုံမေးမြန်းချက်မှ ကောက်နုတ်သည်၊ တခြား ချင်းခေါင်းဆောင်များ၏ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာရေး ကြိုးပမ်းချက်များကို ကန့်ကွက် ပစ်ပယ်ခြင်းမဟုတ်သလို ချင်းတောင် အနယ်နယ်အရပ်ရပ်က ချင်းလူမျိုးများ၏ ချင်းအမျိုးသားနေ့ အရေး ကြိုးပမ်းချက်များ တိမ်မြုပ်မသွားရေးသာ ရည်စူးသည်)**

⬩◆⬩◆⬩◆⬩◆⬩

**လောက၏ မတူညီသော ကဏ္ဍအသီးသီးတွင် အောင်မြင်မှု ရရှိခဲ့သူတို့ တူညီစွာ လက်ခံယုံကြည်ထား ကြသည့် အချက်တစ်ရပ်ရှိသည်။ ယင်းကား မိမိ၏ ကံကြမ္မာ အဆိုးအကောင်းကို မိမိသာ ဖန်တီးနိုင်သည် ဟူ၍ ဖြစ်ပါသည်။**

# အမျိုးသားနိုင်ငံရေးနှင့် ဆာရာဝပ် သင်ခန်းစာ

**ဆလိုင်း ပါမွန် (ဩစတြေးလျ)**

ကျွန်တော်သည် မလေးရှားနိုင်ငံတွင် (၁၀) နှစ်၊ West Malaysia တွင် (၃) နှစ်၊ Sarawak State တွင် (၇) နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး Sarawak ပြည်နယ်၏ နိုင်ငံရေးသမားများ၊ နိုင်ငံရေး ခေါင်းဆောင်များနှင့် ရင်းနှီးခွင့် ရခဲ့ပါသည်။ အရှေ့မလေးရှားဟုခေါ်သည့် ဆာဘားပြည်နယ်နှင့် ဆာရာဝပ် (Sabah and Sarawak States) များတို့သည် ဘော်နီယိုကျွန်းကြီး၏ အစိတ်အပိုင်း ဖြစ်ပြီး ကျွန်း၏ အများစုမှာ အင်ဒိုနီးရှားပိုင် (ကာလီမန်တန်) ဖြစ်ပါသည်။ အနောက်မလေးရှား နိုင်ငံသည် ၁၉၅၇ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး ရရှိခဲ့ပါသည်။ လွတ်လပ် ရေးရရှိကတည်းက UMNO (United Malay National Organization) ပါတီမှ MCA (Malay Chinese Association) နှင့် INC (Indian National Congress) တို့နှင့် ပူးပေါင်းကာ BARISAN NATIO-NAL ညွန့်ပေါင်းပါတီ ဖွဲ့ပြီး အုပ်ချုပ်လာခဲ့ပါသည်။

အရှေ့ မလေးရှားပြည်နယ်ဖြစ်သော ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်များသည် ၁၉၆၃ ခုနှစ်ကျ မှ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး ရရှိခဲ့ကြပါသည်။ လွတ်လပ်ရေးရခါစ ဆာဘားနှင့် ဆာ ရာဝပ်ပြည်နယ်များသည် သူတို့ထက် အဆမတန် အင်အားကြီးသော အင်ဒိုနီးရှားနိုင်ငံကို စိုးရိမ် ရပြီး မိမိတို့ သီးခြားနိုင်ငံများအဖြစ် မရပ်တည်ဘဲ Penesula Malay, Singapore နိုင်ငံ များနှင့် ပူးပေါင်းကာ Malaysia Federation ကို တည်ထောင်ခဲ့ကြပါသည်။ ထိုစဉ်က ကုလသ မဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့် ၏ ရှေ့မှောက်တွင် (Sabah, Sarawak, Singapore, Malaysia) များ Entity (4) ခုဖြင့် Malaysia နိုင်ငံကို တည်ထောင်ခဲ့ကြသည်။ မြန်မာနိုင်ငံလွတ် လပ်ရေးမရခင် ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်ခဲ့ခြင်းနှင့် သဏ္ဍာန်တူ သည်။ ပင်လုံစာချုပ်နည်းတူ Malaysia Federation မှ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိသည်ဟု ဖော် ပြခဲ့ပါသည်။ ထိုသဘောတူညီမှုအရ ၁၉၆၅ ခုနှစ်တွင် Singapore နိုင်ငံသည် မလေးရှားနိုင်ငံမှ ခွဲထွက်ခဲ့ပြီး သီးခြားနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။

Sabah နှင့် Sarawak ပြည်နယ်များသည် ကျွန်တော်တို့ ချင်းပြည်နယ်နှင့် အသွင်သဏ္ဍာန်တူညီသည်ကို တွေ့ရပါသည်။ Malay Muslim လူမျိုးများမဟုတ်ဘဲ မျိုးနွယ်စုမြောက်များစွာနှင့် ဖွဲ့စည်းသော ပြည်နယ်များ ဖြစ်ပါသည်။ အထူးသဖြင့် ဆာရာဝပ်ပြည်နယ်သည် ချင်းပြည်နယ်နှင့် ပို၍ နီးစပ်သည်ကို တွေ့ရပါသည်။ မျိုးနွယ်စု (၃၃) စုရှိပြီး၊ ကွဲပြားသော ဘာသာစကားများစွာ ပြောဆိုခြင်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ အများစုဖြစ်ခြင်း၊ သူတို့၏ အမျိုးသားသင်္ကေတသည် အောက်ချင်းငှက်ဖြစ်ခြင်း၊ ဂါးညှပ်အက ရှိခြင်းများတွင် တူညီနေသည်ကို တွေ့ရပါသည်။

ဆာရာဝပ်ပြည်သူများ အမြော်အမြင်ကြီးမှုကို သင်ခန်းစာယူနိုင်ရန် အထူးဖော်ပြလိုပါသည်။ Singapore နိုင်ငံသည် Malaysia Federation မှ ခွဲထွက်ပြီး Malay, Sabah, Sarawak ဟူ၍ Entity (၃)ခု ကျန်ပါသည်။ Malaysia Federation တည်ထောင်ရာတွင် အခြေအနေချင်းတူညီသော ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်များတွင် ဆာရာဝပ်ပြည်နယ်သည် ပို၍ အဆင့်မြင့်သော ဖက်ဒရယ်စံနစ်ကိုရအောင် ညှိနှိုင်းနိုင်ခဲ့ပါသည်။ အဓိကကျသော အချက်မှာ West Malaysia ပြည်သူများ Sarawak ပြည်နယ်တွင် အခြေချနေထိုင်ခွင့် မပေးခြင်းပင် ဖြစ်သည်။ Main land ဟုလည်း ခေါ်ဝေါ်သော West Malaysia ပြည်သူများ Sarawak ပြည်နယ်ကို သွားလိုပါက Passport (နိုင်ငံကူးလက်မှတ်)ဖြင့်သာ သွားခွင့်ရှိသည်။ ဆာရာဝပ်ပြည်နယ်၌ အစိုးရဌာနတွင်သော်လည်းကောင်း၊ ပုဂ္ဂလိကနှင့် ကိုယ်ပိုင်လုပ်ငန်းများ လုပ်လိုပါက Work Permit (၂)နှစ် တစ်ခါ Visa သက်တမ်းတိုးပြီး နေထိုင်ရပါသည်။ ဘယ်နှစ်နှစ်ပင် နေထိုင်စေကာမူ Permanent Resident (အမြဲတမ်းနေထိုင်ခွင့်) ကို လုံးဝ မပေးခြင်းပင် ဖြစ်သည်။ Sabah ပြည်နယ်တွင် ထိုသို့သော သဘောတူညီချက် မရခဲ့ပေ။

ထိုအချက်သည် အင်မတန် အရေးကြီးသော အမျိုးသားလုံခြုံရေး အရေးကိစ္စဖြစ်ကြောင်း နှစ်ပေါင်း (၅၀) ကြာလာသည့်အခါမှာ တွေ့လာရပါသည်။ ဆာရာဝပ်နှင့် သဏ္ဍာန်တူသော အင်ဒိုနီးရှားနိုင်ငံ Ambon နှင့် Maluku ကျွန်းများအရေးနှင့် နှိုင်းယှဉ်လိုပါသည်။ Ambon နှင့် Maluku ကျွန်းသားများသည် ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့်ဘာသာအားဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ လူများစုလူမျိုးများနှင့် ကွဲပြားသောလူမျိုးများ ဖြစ်ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် Muslim လူများစုဖြစ်ပြီး Ambon နှင့် Maluku ကျွန်းသားများသည် မလေးစကားပြောသော လူမျိုးများဖြစ်၍ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြပါသည်။ ထိုကျွန်းများသည် ဆာရာဝပ်ပြည်နယ်လို ဥပဒေအရ ကာကွယ်ခြင်း မရှိခဲ့သောကြောင့် လူများစုဖြစ်သော အင်ဒိုနီးရှား

လူမျိုးများ Ambon နှင့် Maluku ကျွန်းများသို့ ဝင်ရောက်အခြေချ နေထိုင်လာကြပါသည်။ နှစ်များကြာလာသောအခါ လူဦးရေအရ မတိမ်းမယိမ်းဖြစ်လာပြီး လူမျိုးရေးပဋိပက္ခ မကြာခဏ ဖြစ်ပွားခြင်း၊ ခရစ်ယာန် ဘုရားကျောင်းများအား မီးရှို့ခြင်း၊ ဖုံးခွဲခံရခြင်း၊ ဘုရားရှိခိုးသူများအား ခဲနှင့်ပေါက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် မိမိတို့နယ်မြေတွင်ပင် လုံခြုံစွာနေထိုင်ခွင့် မရှိခြင်းများဖြင့် ကြုံတွေ့နေရပါသည်။ ယနေ့အချိန်တွင် ဆာရာဝပ်ပြည်နယ်သာ မိမိအမျိုးသားကို ကာကွယ်သော ဥပဒေသာ မရှိခဲ့လျှင် လူများစုဖြစ်သော မလေးမူဆလင်များမှ ဆာရာဝပ်ပြည်နယ်တစ်ခုလုံးတွင် လာရောက် အခြေချပြီး သူတို့ ပြည်နယ် (နယ်မြေ)မှာပင် လုံခြုံစွာ နေထိုင်၍ မရတော့သည့် လူမျိုးများဖြစ်သွားနိုင်ပါ သည်။

ဒုတိယအချက်မှာ Sarawakian များ အမြော်အမြင်ကြီးမှုကို သင်ခန်းစာ ယူသင့်သည့် အချက်ကို ဖော်ပြလိုပါသည်။ ၁၉၅၇ ခုနှစ် လွတ်လပ်ရေး ရကာတည်းက မလေးရှားနိုင်ငံတွင် အာဏာရ ညွန့်ပေါင်းပါတီဖြစ်သော Barison National Party (UMNO,MCA,INC) ပါတီများကို ဆာရာဝပ်ပြည်နယ်တွင် ဖွဲ့စည်းခွင့် မပြုခြင်းပင်ဖြစ်သည်။ Main land ဖြစ်တဲ့ West Malaysia မှ နိုင်ငံရေးပါတီများ ဆာရာဝပ်ပြည်နယ်တွင် မရှိသင့်ကြောင်း၊ မိမိတို့ နယ်ခံမြေခံ ဆာရာဝပ်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်သလို အမျိုးသားရေးပြည်နယ်များ ဖွဲ့စည်းသင့်ကြောင်း အမြော်အမြင်ကြီးမားစွာ လုပ်ဆောင်ခဲ့ကြပါသည်။ Sarawakian များဖွဲ့စည်းသော အမျိုးသားနိုင်ငံရေး ပါတီများသည်လည်း ထုံးစံအတိုင်း ပါတီ ၄၊ ၅ ခုကနေ (၁၀)ပါတီ၊ (၁၂) ပါတီအထိ ပွားများလာပါသည်။ မည်သို့ပင် အမျိုးသားပါတီများ ကွဲပြားများပြားသော်လည်း ပြည်မမှပါတီများ (Mainland Parties) ဆာရာဝပ်ပြည်နယ်တွင် မရှိသောကြောင့် ရွေးကောက်ပွဲတွင် အနိုင်ရသော ပါတီသည် ဆာရာဝပ် အမျိုးသားပါတီသာလျှင်ဖြစ်ပါသည်။ အနိုင်ရပါတီတွင် ဥက္ကဋ္ဌသည် ဆာရာဝပ်ပြည်နယ်၏ ဝန်ကြီးချုပ် (Chief Minister) တာဝန်ယူရသည်။

ဆာဘားပြည်နယ်သည် ပြည်မ (Mainland ) မှ နိုင်ငံရေးပါတီများဖြစ်သော UMNO, MCA, INC ပါတီများ ဖွဲ့စည်းပြီး ရွေးကောက်ပွဲများတွင် ဆာဘားအမျိုးသားပါတီများနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ပါသည်။ ပိုမို ခိုင်မာသော၊ ငွေကြေးအင်အား ကြီးမားသော UMNO ပါတီက အနိုင်ရလေ့ရှိသည်။ ဆာဘားပြည်နယ် UMNO ပါတီဥက္ကဋ္ဌသည် ဆာဘားပြည်နယ် ဝန်ကြီးချုပ် ဖြစ်လာပါသည်။ ဆာဘားနယ်ခံ ဆာဘားပြည်နယ်၏ UMNO ပါတီဥက္ကဋ္ဌသည် UMNO ဗဟိုပါတီ၏ လက်အောက်တွင် တိုက်ရိုက်ရှိပါသည်။ ဤနေရာတွင် ဆာရာဝပ်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဆာဘား

ဝန်ကြီးချုပ် ရပ်တည်မှုအဆင့်အတန်းမှာ အင်မတန်မှ ကွဲပြားသည်ကို တွေ့ရပါသည်။ ဆာရာဝပ် ဝန်ကြီးချုပ်သည် ဆာရာဝပ် အမျိုးသားပါတီမှ တက်လာသူဖြစ်သည့်အတွက် မလေးရှားဝန်ကြီး ချုပ် UMNO ဥက္ကဋ္ဌ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် မကျရောက်ပေ။

ဆာဘားနှင့် ဆရာဝပ်ပြည်နယ်များသည် ဖက်ဒရယ်စံနစ်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ပြည် နယ်များ ဖြစ်သော်လည်း လက်တွေ့တွင် ဆာရာဝပ်ဝန်ကြီးချုပ်သည် လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် ပိုမိုရှိနေပြီး ဆာဘားဝန်ကြီးချုပ်မှာမူ ဗဟို UMNO ပါတီ၏ ဆုံးဖြတ်မှု၊ ကွပ်ကဲမှုအောက်တွင် လုပ်ဆောင်နေရပါသည်။ ဆာဘားပြည်သူများက အများဆန္ဒအရ ရွေးကောက်သော ဆာဘား ပြည်နယ် UMNO ဥက္ကဋ္ဌကို ဗဟို UMNO ပါတီက ဖြုတ်ချနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်ပြဌာန်းခွင့် ရှိသော်လည်း မိမိတို့ ပြည်နယ်တွင် ပြည်မပါတီများ အားကောင်းအောင် လုပ်ခြင်းသည် မိမိတို့လူမျိုး၊ ပြည်နယ်ကို ပြည်မမှ Indirect (သွယ်ဝိုက်) နည်းဖြင့် အုပ်ချုပ်/ ချုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးသည်နှင့် တူပါသည်။ ဤနေရာတွင် လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀) ကျော် ကာလကတည်းက ဆာရာဝပ်ပြည်သူများ၏ အမြော်အမြင်ကြီးမှုကို သင်ခန်းစာယူသင့်သည်။ မိမိတို့လူမျိုး၏ အကျိုးစီးပွား၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ကို ပြည်ပ (သို့ မဟုတ်) ပြည်မပါတီများ ဖွဲ့စည်းခွင့်မပြုဘဲ မိမိတို့ Sarawak အမျိုးသားပါတီများသာ ဖွဲ့စည်းခြင်း ဖြင့် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိ တိုင်းရင်းသားလူမျိုးများ အခြေအနေ၊ လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး အ ခင်းအကျင်းများကို ခြုံငုံသုံးသပ်ပြီး တိုင်းရင်းသားပြည်နယ်များတွင် အမျိုးသားပါတီများ၊ နယ်ခံ မြေခံပါတီများကို အင်အားရှိအောင်၊ ပြည်နယ်အစိုးရ ဖွဲ့နိုင်အောင် ပြည်သူများမှ အမျိုးသားရေး အမြင်ဖြင့် အားပေးထောက်ခံသင့်ကြောင်း ဖော်ပြလိုပါသည်။ ပြည်နယ် (၇) ခုမှ ပြည်သူများက အမျိုးသားနိုင်ငံရေးကို သဘောပေါက်ပြီး ပြည်နယ်တိုင်းတွင် ရွေးကောက်ပွဲအနိုင်ရရှိပါက ပြည်မ တွင် ဘယ်ပါတီကပဲ အနိုင်ရရ၊ ပြည်နယ်များ၏ အနိုင်ရ အမျိုးသားပါတီများမပါဘဲ ပြည်ထောင် စုအစိုးရ ဖွဲ့နိုင်မည်မဟုတ်ပါ။ တိုင်းရင်းသားလူမျိုးများက အမျိုးသားနိုင်ငံရေးကို အမှန်တကယ် နားလည်ပြီး မိမိတို့ လူမျိုး/ပြည်နယ်အတွက် အမြော်အမြင် ရှိကြမည်ဆိုပါက ပြည်ထောင်စုအစိုး ရကိုတောင် ပါဝင်ဖွဲ့စည်းနိုင်မည် ဖြစ်ပါတယ်။ စစ်မှန်သော ဖက်ဒရယ်မှု/ ပြည်ထောင်စုတွင် ဗဟို အစိုးရကို ကိုယ်ပိုင်ပြဌာန်းခွင့်ရ ပြည်နယ်များ စုပေါင်းပြီး ဖွဲ့စည်းရန် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲကာလ ချင်းအမျိုးသားများအချို့၏ နိုင်ငံရေးအမြင်သည် ချင်းအမျိုးသား နိုင်ငံရေးပါတီများသည် နိုင်ငံတော်အစိုးရဖွဲ့စည်းရာတွင် ပါဝင်နိုင်မည့်သူများမဟုတ်၊ ပြည်မ (သို့) တစ်နိုင်ငံလုံးတွင် အနိုင်ရပြီး အစိုးရဖွဲ့နိုင်မည့် ပါတီကိုယ်စားလှယ်လောင်းများကို မဲပေးသင့်ကြောင်း (သို့မဟုတ်) မဟာမိတ် ပြုသင့်ကြောင်း၊ ဘယ်ပါတီကို မဲပေးပေး၊ နောက်ဆုံးတွင် NLD သို့မဟုတ် USDP ပါတီနှင့် ပေါင်းကြမည်ဖြစ်ကြောင်း ပြောဆိုသံ မြောက်များစွာ ကြားရပါသည်။ ဒါဟာ အမျိုးသားနိုင်ငံရေးအမြင်အရ အင်မတန်မှ လွဲမှားသော အယူအဆ၊ အတွေးအခေါ် ဖြစ်ပါသည်။ ကိုယ့်အမျိုးသား နိုင်ငံရေးပါတီများ (ချင်းအမျိုးသား နိုင်ငံရေးပါတီများ) ကို အားမပေးဘဲ ပြည်မပါတီများကို အားပေးခြင်းသည် မိမိလူမျိုး၏ အမျိုးသားနိုင်ငံရေးကို အရှုံးပေးခြင်း၊ ပြင်ပပါတီများ၏ မူဝါဒအတိုင်း လာရောက်အုပ်ချုပ်ပါ၊ ခင်ဗျားတို့ ကြိုက်သလို စီမံပါလို့ မိမိတို့ လူမျိုး၏ ကံကြမ္မာကို တခြားလူမျိုးဆီသို့ ထိုးအပ်သည်နှင့် တူပါသည်။ (Are we ready to give up Our National Politics altogether once and for all ?)

တနည်းအားဖြင့် ချင်းအမျိုးသားပါတီ ကိုယ်စားလှယ်များကို မဲမပေးဘဲ ပြည်မကိုယ်စားလှယ်များကို မဲပေးခြင်းသည် မဲပေးပြီးသည်နှင့် တပြိုင်တည်း မိမိတို့တွင် ဘာလုပ်ပိုင်ခွင့်မှ မရှိတော့ပါ။ လုပ်ပိုင်ခွင့်အားလုံးကို ပြင်ပပါတီထံတွင် ထိုးအပ်လိုက်ခြင်း ဖြစ်ပါသည်။ မဲပေးခံရသော ပြင်ပပါတီသည် မိမိတို့ လူမျိုးအပေါ် စေတနာမရှိဘဲ ဖိနှိပ်ချုပ်ချယ်လိုသော ပါတီဖြစ်ပါက အင်မတန်စိုးရိမ်စရာ ဖြစ်ပါသည်။ ပြင်ပပါတီသည် လူပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ ပါတီမူဝါဒအရလည်းကောင်း၊ အင်မတန် အားကိုးရတယ်၊ ယုံကြည်ရတယ်၊ ပါတီ မူဝါဒလည်း ကောင်းသည့်တိုင်အောင် ထိုပါတီ၏ ခေါင်းဆောင်ပိုင်း ပြောင်းလဲမှု အချိန်မရွေး ဖြစ်နိုင်သည်။ (ဥပမာ- ကျန်းမာရေးကြောင့် ပါတီပေါ်လစီလည်း အချိန်မရွေး ပြောင်းလဲနိုင်သည်။) ထို့ကြောင့် မိမိတို့ အမျိုးသားပါတီများမှ လွဲ၍ ပြည်မပါတီ (NLD, USDP) ပါတီများအပေါ် မိမိတို့ လူမျိုး၏ အနာဂတ် ကံကြမ္မာတစ်ခုလုံး ထိုးအပ်လိုက်ခြင်းမျိုး လုံးဝ မလုပ်သင့်ပေ။

ချင်းအမျိုးသားပါတီ ကိုယ်စားလှယ်များကို မဲပေးခြင်းသည် မိမိတို့၏ အရေးကို ချင်းပါတီများတွင် ဆက်လက်ထားရှိခြင်း ဖြစ်သည်။ အနိုင်ရ ချင်းပါတီအနေဖြင့် ချင်းပြည်သူများက ပေးအပ်သော မဲဖြင့် ချင်းအမျိုးသားများအကျိုးကို နည်းမျိုးစုံဖြင့် လုပ်ခွင့် ရှိနေမှာဖြစ်သည်။ (Bargaining Power) သုံးပြီး ချင်းအမျိုးသားများအတွက် ဆက်လက်လုပ်ဆောင်ခွင့် ရှိနေခြင်းအချက်သည် အင်မတန် အရေးကြီးပါသည်။

# ချင်းဝိသေသတိုင်းသမိုင်းအကျဉ်း (၁၉၆၂ – ၁၉၇၄)

**ဆလိုင်းအွခ်လားဘိခ်(မတူပီ)**

၁၉၆၂ မတ်လ (၂) ရက်တွင် တော်လှန်ရေး အစိုးရ တက်လာသည်။ ၁၉၆၂ မတ်လ (၃)ရက်နေ့တွင် ချင်းရေးရာကောင်စီကို ဖျက်သိမ်းခဲ့ပြီး မတ်လ (၉) ရက်နေ့တွင် ချင်းရေးရာ ဦးစီးအဖွဲ့ ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှာ ဗိုလ်မှူးဆွန်ခိုလျန် ဖြစ်ပြီး အဖွဲ့ဝင်များမှာ ဦးပွပေါ်၊ ဦးတင်ဇမ်၊ ဦးဝမ္မသူး ဟာရိုန် နှင့် ဒုတိယဗိုလ်မှူးကြီး စောမောင်ထွန်းတို့ ဖြစ်ကြသည်။ *(၂၀-၁၀- ၁၉၉၆၊ မြန်မာ့အလင်း စာမျက်နှာ-၃)*

ထိုစဉ်က ချင်းဦးစီးရုံးကို ဖလမ်းမြို့တော်တွင် ဖွင့်လှစ်ရန်ရှိသော်လည်း အဆောက်အဦးမရှိ၊ နေရာကျဉ်းမြောင်းသည်ဟု အကြောင်းပြချက်ဖြင့် စစ်ကိုင်းတိုင်း၊ ကလေးမြို့တွင် ၁၉၆၂ ဩဂုတ်လ၌ စတင်ဖွင့်လှစ်ခဲ့သည်။ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရုံးကို ၁၉၆၂ ဇူလိုင်လတွင် ရန်ကုန်မြို့မှ ကလေးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ တော်လှန်ရေးကောင်စီသည် ၁၉၆၂ ဇူလိုင်လ (၄) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်ခဲ့သည်။ ပါတီဗဟိုကော်မတီကို ဖွဲ့စည်းလျက်၊ ယင်းအောက်တွင် တိုင်းခွဲ (၁၅) ခု ဖွဲ့စည်းထားသည်။ ယင်းအောက်တွင် မြို့နယ် ပါတီ စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က လမ်းပန်းဆက်သွယ်ရေးအရ မြောက်ပိုင်းခရိုင်ကို တိုင်းခွဲ (၃)၊ တောင်ပိုင်းခရိုင်ကို တိုင်းခွဲ(၂)၊ ပလက်ဝခရိုင်ခွဲကို တိုင်းခွဲ (၈) တွင် အသီးသီး ထည့်သွင်း ဖွဲ့စည်းခဲ့သည်။ တိုင်းခွဲ (၃) ရုံးကို ဖလမ်းမြို့မှ ဟားခါးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

မတူပီမြို့နယ်တွင် ပါတီစည်းရုံးရေးကို ရဲဘော်ယုံနွန်း (လေရိန်း) နှင့် ဦးမောင်လိန်း တို့က စတင်ဦးဆောင်သည်။ ၁၉၆၅ အောက်တိုဘာလတွင် မတူပီမြို့နယ် ပါတီယူနစ်ကို စတင်တည်ထောင်ခဲ့ပြီး ဦးဖေလိန်းမောင်အား ပါတီစည်းရုံးရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၆၆ တွင် ဦးကေတီဖိုင်နှင့် ဗိုလ်ကြီးထန်သောင်း တို့က ဆက်လက် စည်းရုံးဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ပါလီမန် ဒီမိုကရေစီအုပ်ချုပ်ရေးနေရာတွင် ဆိုရှယ်လစ်ဒီမိုကရေစီ အုပ်ချုပ်ရေး အသစ် အစားထိုးခဲ့သည်။ တိုင်း၊ ခရိုင်၊ မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများဖြင့် ပြန်လည်ဖွဲ့စည်းသည်။ ၁၉၆၅ တွင် အုပ်စု လုံခြုံရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မြို့မနှင့် ကျေးရွာအုပ်စု လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းခဲ့သည်။

၁၉၇၂ မတ်လတွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေးစံနစ်သစ်ကို စတင်ဖော်ဆောင်ခဲ့သည်။ ၁၉၆၄ တွင် မြို့နယ်ခွဲများအဖြစ် ဖွဲ့စည်းခဲ့သည်ကို ၁၉၇၂ တွင် ပြန်လည် ဖျက်သိမ်းခဲ့သည်။ ယခင်က ရပ်ကွက်နှင့် ကျေးရွာအဆင့်၌ စလက နှင့် ရလက ဟူ၍ အဆင့်နှစ်ဆင့်အစား ရပ်ကွက် ကျေးရွာ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ တစ်ခုတည်းဖြင့် ပြုပြင်ဖွဲ့စည်းခဲ့သည်။*( မတူပီမြို့၊ နပက ရုံးမှ ပြုစုသော မတူပီမြို့နယ် နိုင်ငံရေးသမိုင်းထဲက)* မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ၁၉၆၇ ဇူလိုင်လတွင် မြို့နယ် ပြည်သူ့တောင်သူလယ်သမားကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ဒီဇင်ဘာလတွင် မြို့နယ် ပြည်သူ့အလုပ်သမား အစည်းအရုံး ဖွဲ့စည်းခဲ့သည်။ တစ်ဖန် ၁၉၇၃ မတ်လတွင် မြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေး ကော်မတီကို (၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၁၉၇၁ ဇွန်လတွင် ပထမအကြိမ် ပါတီညီလာခံကို အောင်မြင်စွာ ကျင်းပခဲ့သည်။ ထိုစဉ်ကဒေသ ပါတီရုံးကို စစ်ကိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။ ၁၉၇၂ ဧပြီလတွင် ဟားခါးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီးအောင်ဘွင် က ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ အောက်တိုဘာလတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်မှူးကြီးသိန်းထူးက ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ မှ ဒေသပါတီဥက္ကဋ္ဌ အဖြစ် ဗိုလ်ကြီးသိန်းအောင် က ထမ်းဆောင်ခဲ့သည်။

အုပ်ချုပ်ရေးစံနစ်သစ်အရ ၁၉၇၂ ဩဂုတ်လတွင် ချင်းဦးစီးအဖွဲ့ကို ဖျက်သိမ်းခဲ့ပြီး ချင်းဝိသေသ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အသစ်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီးခင်ဇာမှန် အား ခန့်အပ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ချင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဆွန်ခိုလျန်နှင့် အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ နာဂလဲန်းသို့ လှေခါးထစ်စိုက်ပျိုးရေး သွားရောက်လေ့လာခဲ့ကြသည်။ ထိုအချိန်မှ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစံနစ်မှ လယ်ယာလှေကားထစ်များ ဥယျာဉ်ခြံများ ပေါ်ပေါက်ခဲ့သည်။ လုံပီး၊ ရမ်ထလို၊ ကျောဘုတ်၊ လေမြို၊ ဘောခွီး၊ ကန်ကြီး၊ ဘာလ်ဇန်၊ ခေါ်မွန်း စသည့် စိုက်ပျိုးရေးခြံများ အကောင်အထည်ဖော်ခဲ့ပြီး နှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ရန် အစိုးရက ချေးငွေများ ရင်းနှီးမြှုပ်နှံခဲ့သည်။ လမ်းတံတား၊ ဆည်မြောင်းနှင့် မြေရိုင်းဖော်ထုတ်နိုင်ရန် ရံပုံငွေများကိုလည်း နှစ်

စဉ်တိုး၍ ချပေးသည်။ စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်မှုများ ရရှိခဲ့သည်။ ဤသို့ဖြင့် နှစ်စဉ်နှင့် အမျှ လယ်ယာလုပ်ကားထစ်များ တိုးတက်လာသည်။ တော်လှန်ရေးကောင်စီက သီးစားခ လုံးဝ ဖျက်သိမ်းပြီး လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ကို တောင်သူလယ်သမားအများစု ခံစားခွင့် ပြုလာ သည်။

မတူပီမြို့နယ် ရဲန်းဆိကွင်း တူးဖော်ခြင်းကြောင့် ဝေတူးနှင့် ဖနိုင်ရွာသားများ ပြဿနာတက်ခဲ့ သည်။ ဘွေလီကွင်းကြောင့် ဗိုလ်ကြီးတိုက်ချွန်းနှင့် တွီဆောကုန်း ရွာသားများ ပြဿနာတက်ခဲ့ သည်။ ထန်တလန်မြို့နယ် ထန်ဟောရ်ကွင်းကို တူးဖော် လုပ်ကိုင်ခဲ့ရာ၌လည်း လေသပ်နှင့် မောင်တလန်ရွာသားများ ပြဿနာတက်ခဲ့သည်။ ထိုကြောင့် သက်ဆိုင်ရာမှ ကွင်းဆင်းလေ့လာ ဖြေရှင်းခဲ့သည်။ ထိုစဉ်က အကောင်အထည်ဖော်သည့် လယ်ယာမြေများအနက် မတူပီမြို့နယ် လေရိန်း(ခ)၊ ခွါဘာလ်ရွာနားရှိ ကဒီချောင်း ပါးဘွေရားဟမ်ပါး ကွင်းသည် နာမည်အကြီးဆုံး ဖြစ် သည်။ ဦးယုံနွန်း၊ ဦးထန်ပိန်း၊ ဦးခွါလိုင်း၊ ဦးအိုင်ဘတ်၊ ဦးတလုံလိုင်၊ ဦးဆန်ယောင်းနှင့် ဦးဒုန် လိုင်းတို့က စတင် ထွန်ယက်လုပ်ကိုင်ခဲ့သည်။*(ရဲဘော် ယုံနွန်းပြောပြချက်၊ ၁၁-၄-၁၉၈၈ မတူပီ)*

၁၉၆၄ ခုနှစ်တွင် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇန်ကူလ်သည် တိုင်းပါတီစည်းရုံးရေးမှူး ဒုတိယ ဗိုလ်မှူးကြီး စောမြသိန်း နှင့်အတူ ဟားခါးမြို့သို့ နယ်လှည့် ရောက်ရှိခဲ့ကြသည်။ ဟားခါးမြို့ကို တိုင်းမြို့တော်အဖြစ် သင့်မသင့် ကွင်းဆင်းလေ့လာခြင်းဖြစ်သည်။ ထိုနောက်တွင် တိုင်းမှူး ဗိုလ် မှူးကြီးလွှန်းတင် နှင့် ဗိုလ်မှူးကြီးဇန်ကူလ် တို့သည် ကလေးမြို့သို့ ရောက်ရှိခဲ့ကြပြီး ချင်းဦးစီးအ ဖွဲ့ အစည်းအဝေးခေါ်ယူကာ တိုင်းမြို့တော် သတ်မှတ်ရေးကိစ္စကို အဓိက ဆွေးနွေးညှိနှိုင်းခဲ့ကြ သည်။

ချင်းဝိသေသတိုင်း၏ အလယ်ဗဟိုကျပြီး အသင့်တော်ဆုံး နေရာလည်းဖြစ်သဖြင့် ဟားခါးမြို့ကို ရွေးချယ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြ၏။ ဤ ဆုံးဖြတ်ချက်ကို တိုင်းမှူး ဗိုလ်မှူးကြီးလွှန်းတင်က တော် လှန်ရေးကောင်စီ အစည်းအဝေး၌ တင်ပြခဲ့၏။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း က ကလေးမြို့မှ ဟားခါးမြို့သို့ ပြောင်းရွှေ့ရုံးစိုက်ရန် သဘောတူ လက်မှတ်ရေးထိုးပြီး နမခ မှ အမိန့်ထုတ်ပြန်ခဲ့သည်။ ခလရ (၄၂) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်အုန်း မှ ရုံးသုံးပစ္စည်း များ သယ်ယူပို့ဆောင်ရေးကို တာဝန်ယူခဲ့သည်။

ဤသို့ဖြင့် ၁၉၆၅ ဇူလိုင်လ (၆) ရက်နေ့တွင် ချင်းဦးစီးအဖွဲ့ရုံးကို စစ်ကိုင်းတိုင်း၊ ကလေးမြို့မှ ဟားခါးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ အတွင်းဝန် ဦးနီအုပ်က ချင်းဦးစီးရုံးအဖြစ် ဒေါက်တာတျာလ်ကျုံလိန်း နေအိမ်ကို ငှါးရမ်းအသုံးပြုခဲ့သည်။ ချင်းဦးစီးရုံး မြေနေရာကို ဟားခါးနှင့် ထန်တလန် နယ်သားတို့ လုပ်အားဖြင့် တူးဖော်ခဲ့ကြသည်။ *( ဗိုလ်မှူးကြီးပန်ကာလ် ပြောပြချက် ၃၀-၃-၁၉၈၉၊ မတူပီ)*

၁၉၆၅ ခုနှစ်တွင် ထန်တလန်နှင့် တွန်းဇန်မြို့တို့သည် မြို့နယ်ရုံးစိုက်ဖြစ်လာသည်။ ၁၉၆၆ မတ်လ(၂) ရက်နေ့တွင် ထန်တလန်မြို့နယ်သစ် ဖွင့်လှစ်ပွဲ ကျင်းပခဲ့ရာ ချင်းဦးစီးအဖွဲ့ ဦးဆွန်ခိုလျန်မှ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ စာရေးဆရာသိန်းဖေမြင့်လည်း တက်ရောက်ခဲ့သည်။

၁၉၆၁-၆၂ တွင် လူမျိုးစုလွှတ်တော်အမတ် ဦးမင်ထိုး ၏ စည်းရုံးမှုဖြင့် မင်းတပ်မြို့နယ်ထဲက ချန်းပြန်းတိုက်နယ်သည် မတူပီမြို့နယ်ထဲသို့ ပါဝင်ခဲ့သည်။ သို့သော် ၁၉၆၈ တွင် ကာအိမ်၊ ကိတ်နာ၊ ရွှင်တွီး၊ ဘော်ရှိကျေး ရွာတို့သည် မင်းတပ်မြို့နယ်ထဲ၌ ပြန်လည်သိမ်းသွင်းခဲ့သည်။ *(မန်းမင်ထို ပြောပြချက် ၁၁-၂- ၁၉၈၉၊ မတူပီမြို့)*

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို ၁၉၇၂ ခုနှစ်မှ စတင်၍စည်းရုံး လှုပ်ရှားခဲ့သည်။ ပြည်သူလူထုကိုယ်တိုင် ရေးဆွဲသော အခြေခံဥပဒေ ဖြစ်နိုင်ရေးအတွက် ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်းဟူ၍ အကြိမ်ကြိမ် ရေးဆွဲခဲ့၏။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်ခွဲအနေဖြင့် ချင်းဝိသေသတိုင်းသို့ နှစ်ကြိမ်အထိ လာရောက် ရှင်းလင်း လမ်းညွှန်မှုများ ပေးခဲ့သည်။

မြို့နယ်ပါတီယူနစ် ဦးဆောင်မှုဖြင့် ပထမမူကြမ်း ရေးဆွဲနိုင်ရေးအတွက် မြို့နယ်ကော်မရှင်ခွဲ ဖွဲ့စည်းပြီး ပြည်သူလူထုများထံ အကြံဉာဏ်များ ရယူခဲ့သည်။ ဤသို့ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ ဒီဇင်ဘာလ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ချင်းဝိသေသတိုင်းမှ ၉၅.၄၀%က ထောက်ခံဆန္ဒဖြင့် အတည်ပြုချက် ရယူသည်။ ၁၉၇၄ ဇန်နဝါရီလ(၃) ရက်နေ့မှ စတင်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ(၃၀)၊ ပုဒ်မခွဲ(ခ) အရ ချင်းဝိသေသတိုင်းမှ ချင်းပြည်နယ် ဖြစ်လာသည်။

# နိုင်ငံရေး ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းဖြင့်သာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်

ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် အပစ်အခတ်ရပ်စဲရေးကို ဦးစွာဆောင်ရွက်ရမည်ဟု ထင်မြင်ယူဆသူများ ရှိသကဲ့သို့ နိုင်ငံရေးဆွေးနွေးသည့် နည်းလမ်းဖြင့် ဦးစွာဆောင်ရွက်မှ အောင်မြင်လိမ့်မည်ဟု ထင်မြင် ယူဆသူများလည်း ရှိပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်ပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် အပစ်အခတ်ရပ်စဲရေးနည်းလမ်းကို ကျင့်သုံးကာ ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ နှစ်ပေါင်း (၆၇)အတွင်း အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တပ်မတော်အကြား အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်စလုံးက တပြိုင်တည်း ရပ်စဲရေးမှာလည်း လက်တွေ့တွင် မဖြစ်နိုင်ပါ။ ပြည်သူ့တပ်မတော်ဖက်မှ လက်နက်ကိုင်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တို့က လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ရန်မှာလည်း မဖြစ်နိုင်ပါ။ မျှတမှု မရှိသဖြင့် ယုံကြည်မှုအာမခံချက် မပေးနိုင်သဖြင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ထိရောက်မှု မရှိနိုင်ပါ။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ တည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ တရားမျှတမှုနှင့် တန်းတူအခွင့်အရေး ခံစားခွင့် ရရှိရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေး တင်ပြတောင်းဆိုရန်ဖြစ်ပြီး တပ်မတော် ဖွဲ့စည်းရခြင်းမှာ ပြည်သူလူထု၏ ဘဂလုံခြုံရေးအတွက် ပြင်ပရန် ကာကွယ်ရန် ဖြစ်ပါသည်။ တပ်မတော်သည် ပြင်ပရန် ကာကွယ်ရန်အတွက် ဖွဲ့စည်းခြင်းဖြစ်၍ မည်သည့်အခါ၌မျှ လက်နက်ကိုင်လမ်းစဉ်ကို ခေတ္တယာယီ ရပ်နားရန်ပင် မဖြစ်နိုင်ပါ။ ထို့ကြောင့် တပ်မတော်က လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်ဘဲ တိုင်းရင်းသား လက်နက်

ကိုင်အဖွဲ့အစည်းများကို လက်နက်ကိုင်လမ်းစဉ် အရင်စွန့်လွှတ်ရန် ညှိနှိုင်းဆွေးနွေးရေး နည်းလမ်းမှာလည်း နှစ်ဦးနှစ်ဖက် ယုံကြည်မှုနှင့် သဘောတူညီမှု မရရှိနိုင်ပါ။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် အပစ်အခတ်ရပ်စဲရေး နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်ရန်မှာ မဖြစ်နိုင်ပါ။

ထို့ကြောင့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းဖြင့်သာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော် တည်ဆောက်နိုင်ပေလိမ့်မည်။

တန်းတူညီမျှမှု အခွင့်အရေးဆိုသည်မှာ တန်းတူပိုင်ခွင့် ရရှိရေး မဟုတ်ပါ။ တန်းတူ အခွင့်အရေးရရှိရေးပင် ဖြစ်သည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးဆိုသည်မှာလည်း ဥပဒေဘောင်အတွင်း လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိရေးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ ယနေ့အထိ ဗဟိုဦးစီးစံနစ်ကိုသာ ဆက်တိုက်ကျင့်သုံးလျက်ရှိသည့် နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်၏ အမျိုးသားဂင်ငွေကို ပြည်ထောင်စုအစိုးရကသာ တာဝန်ယူပြီး ရှာဖွေ စီမံဆောင်ရွက်လျက် ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လူဦးရေအပေါ် အခြေခံသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲသည့်စံနစ်ကို ကျင့်သုံးသည့်အတွက် တန်းတူညီမျှသော အခွင့်အရေးပုံစံသို့ မရောက်ရှိနိုင်ပါ။

ဥပမာ- အိမ်ထောင်စုတစ်စုတည်းမှ မွေးဖွားလာသည့် ညီအစ်ကိုမောင်နမများသည် အချိန်တန်အရွယ်ရောက်ပြီးသည့်အခါ သီးခြားအိမ်ထောင်စု ထူထောင်ကာ မိသားစု အရေးကိစ္စကို စီမံဆောင်ရွက်ရပါသည်။ မိမိတို့ အိမ်ထောင်စု သာယာပျော်ရွှင်ရေးအတွက် မိမိတို့ကသာ အသီးသီး ကြိုးပမ်းဆောင်ရွက်ရပါသည်။ မိဘကိုသာ အစဉ်အမြဲ မှီခိုနေကြခြင်း မဟုတ်ပါ။ မိဘကလည်း သားသမီး အိမ်ထောင်စုတိုင်း၏ မိသားစုအရေးအရာကို အမြဲတမ်းတာဝန်ယူသည် မဟုတ်ပါ။ မိဘများအနေဖြင့် သားသမီး အိမ်ထောင်စုများကို အဆင်ပြေသလို ထောက်ပံ့ပေးခြင်းမျိုး ဖြစ်ပါသည်။ ဘဂကံတရားအရ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု ရှိခဲ့ပါကလည်း စီးပွားရေး

အဆင်ပြေသည့် အိမ်ထောင်စုက ပံ့ပိုးကူညီရပါသည်။ ချေးငှားပေးသည့် အခြေအနေမျိုး အလွန်နည်းပါးပါသည်။ ထို့ကြောင့် မိဘနှင့် ညီအစ်ကို မိသားစုများအကြားတွင် ပြဿနာပေါ်ပေါက်မှု အလွန်နည်းပါးပါသည်။ အမွေ ကိစ္စမျိုးတွင်လည်း မိဘနှင့်သားသမီးများ အချင်းချင်း ညှိညှိနှိုင်းနှိုင်း ပြောဆိုဆွေးနွေးပါက မိဘနှင့် ညီအစ်ကို မိသားစုများအကြား အငြင်းပွားမှု ပြဿနာ မဖြစ်ပွားနိုင်ပေ။

အလားတူစွာပင် မိမိတို့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများစွာတို့ စုပေါင်းနေထိုင်သည့် တိုင်းပြည် ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွဲ့စည်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိသည့် နိုင်ငံ ဖြစ်ပါသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဒေသအလိုက် စီမံခန့်ခွဲခွင့် အပြည့်အဝ အပ်နှင်းရန် လိုအပ်ပါသည်။ သားသမီး အိမ်ထောင်စုများနှင့် အလားတူသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ အုပ်ချုပ်ရေးအဖွဲ့အစည်းအသီးသီးက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရပါမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက မိဘများနှင့် အလားတူသော ပြည်ထောင်စုကြီးသို့ ကြိုတင်သဘောတူပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ဆက်သွယ်ရပါမည်။ တရားမျှတမှုဖြစ်စေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေမှ အသားတင်ဝင်ငွေ၏ ဥပဒေအရ ပြဋ္ဌာန်းထားသည့် အချိုး (ရာခိုင်နှုန်း) ဖြင့် ဆက်သွယ် ပေးသွင်းစေရမည်။ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စု လွှတ်တော်၏ သဘောတူ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပြုရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ နှစ်စဉ် ဘဏ္ဍာဝင်ငွေကို ပြည်ထောင်စုအစိုးရသို့ တင်ပြအစီရင်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအသီးသီးက ပြည်ထောင်စုအစိုးရသို့ သတ်မှတ် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဘဏ္ဍာငွေ ပေးသွင်းရန်အတွက် ပြည်ထောင်စု ဘဏ္ဍာရေး ကော်မရှင်က စိစစ်တွက်ချက်ပြီး ပြည်ထောင်စု အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအသီးသီးသည် မိမိတို့ စီမံဆောင်ရွက်လိုသည့် စီမံကိန်း၊ နှစ်စဉ် အသုံးခန့်မှန်းငွေ စာရင်းနှင့် အခွန်ကောက်ခံရန် လုပ်ငန်းစီမံချက်မူကြမ်းကို ရေးဆွဲပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှတဆင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပြီး ဆက်လက် အ

ကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ သို့မှသာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အကြား ပွင့်လင်းမြင်သာမှုရှိသည့် အထက်အောက် ဆက်ဆံမှုများ ပီပြင်စံနစ်ကျကာ ဒီမိုကရေစီစံနစ်ကျပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ဆိုသည့် တင်ပြတောင်းဆိုမှုများ အဆင်ပြေချောမွေ့အောင် ဖြေရှင်းနိုင်မည်ဖြစ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအသီးသီးသည် ပြည်ထောင်စုအဆင့်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရသို့ ဆက်သွယ်ပေးသွင်းသည့် ဘဏ္ဍာငွေအချိုးအစားအရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးချယ်စေလွှတ်သည့်စံနစ် ကျင့်သုံးနိုင်ရန် သတ်မှတ်ပြဋ္ဌာန်းပါက တိုင်းရင်းသားလူနည်းစုနှင့် လူများစုအကြား တရားမျှတမှုမရှိဆိုသော အငြင်းပွားမှုများ လျော့နည်းပပျောက်နိုင်မည်။ သို့မှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက ပြည်ထောင်စု ဘဏ္ဍာငွေစာရင်းသို့ ဆက်သွယ်ပေးသွင်းသည့် ဘဏ္ဍာငွေကို သစ္စာရှိရှိ အပြည့်အဝ ပေးသွင်းရမည်ဖြစ်ပြီး ပြည်ထောင်စု ဘဏ္ဍာငွေလည်း တောင့်တင်းလာမည် ဖြစ်ပါသည်။ ပြည်ထောင်စုဘဏ္ဍာငွေ တောင့်တင်းမှ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးစရိတ် လုံလောက်စွာ သုံးစွဲနိုင်မည့်အပြင် ဖွံ့ဖြိုးမှု အားနည်းနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ကူညီထောက်ပံ့မှုများ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော မတည်ရင်းနှီးငွေများ ထုတ်ပေးနိုင်ခြင်း၊ ချေးပေးနိုင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက သဘာဝသယံဇာတ အလွန်အကျွံ မှီခိုမှုအဆင့်မှ နည်းပညာနှင့် တီထွင်ကြံဆမှုကို အခြေခံသော စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့် အဆင့်သို့ ကူးပြောင်းသွားကာ နိုင်ငံတော်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီ နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဖော်ပြခဲ့သည့် နည်းလမ်းများအတိုင်း နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကို ကျင့်သုံးဆောင်ရွက်နိုင်မှသာလျှင် တိုင်းရင်းသားများက တင်ပြတောင်းဆိုနေကြသည့် တန်းတူညီမျှမှု အခွင့်အရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေးဟူသော အခွင့်အရေးများကို လက်တွေ့ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

သို့မှသာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီစံနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ထူထောင်နိုင်မည် ဖြစ်ပါသည်။

**ထန်းလိန်း**

လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)

အားကစားနှင့် ကာယပညာ ဦးစီးဌာန

မင်းတပ်မြို့၊ ချင်းပြည်

◆◆◆◆

သူတစ်ပါးပြောသည့် အဖျက်စကားကို သင် မှတ်သားနေစရာမလို။ ငါ့အဆင့် ဒီလောက်ပဲ ရှိမှာပါဟု စိတ်အားငယ်ကာ သူလိုငါလို အဆင့်အတန်းမှာ ငြိမ်သက်နေစရာ မလို။ ပတ်ဝန်းကျင်မှာ မြေတောင်မြှောက်ပေးမည့်သူ၊ လက်တွဲခေါ်မည့်သူ မရှိလျှင်လည်း အရေးမကြီး။ အရေးကြီးသည်က သင့်ကိုယ်သင် အားကိုးနိုင်ဖို့ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုးစိတ်၊ မိမိကိုယ်ကို ယုံကြည်စိတ်များ ထူထောင်ပေးနိုင်လျှင် ယင်းစိတ်ဓါတ်များနှင့် အတူ သင့်ဘဝ အောင်မြင်တိုးတက်လာမည်သာ ဖြစ်သည်။

# မေမေ့ထံ ပေးစာ



**ဒုတိယဗိုလ်ဂါချာ**

သားလေးကိုယ်တိုင် အမေ့ဆီလာခွင့် မရနိုင်သေးလို့ အဝေးတစ်နေရာကနေ မေမေ့ထံ စာရေးပို့လိုက်ပါတယ်။ ဒီစာလေးကို မေမေ ဖတ်နေတဲ့အချိန်မှာ မေမေ စိတ်ဆင်းရဲသွားမလား၊ ဒါမှ မဟုတ်ရင် ပိုပြီး စိတ်ချမ်းသာသွားမလား၊ ဒါပေမဲ့ သားလေး ဖြစ်ချင်၊ လိုချင်တာက မေမေ တစ်ယောက် ကိုယ်ကျိုးမဖက် တိုင်းပြည်နဲ့ လူမျိုးကို ဦးစားပေးသူတစ်ဦး ဖြစ်ဖို့ပါ။ ဒါကိုလည်း မေမေက အသိဆုံး နားအလည်ဆုံးပဲဆိုတာ သားလေး သဘောပေါက်ပြီးပါပြီ။ မေမေ သားလေး အိမ်ကထွက်ခွာလာပြီး (၁၀) နှစ်အကြာမှာ သားကိုယ်တိုင် မေမေ့ဆီကို တစ်ခေါက် ရောက်ခဲ့တယ် မဟုတ်လား။ အဲ့ဒီနေ့ရက်က ၂၀၁၂ ခုနှစ်၊ မတ်လ နွေရာသီ၊ ဥဩသံတွေနဲ့ သဘာဝပန်းမျိုးစုံ ပွင့်တဲ့ ရာသီ၊ လူငယ်တစ်ချို့အတွက် စိတ်လန်းဆန်းတဲ့ အချိန်ကာလမှာပါ။ အဲ့ဒီတုန်းက မေမေ့ကို သား သေချာမှာထားတဲ့ စကားတစ်ခွန်းကတော့ ညီရင်းဖြစ်သူ (----) ကို တိုင်းပြည်နဲ့ လူမျိုးရေးတာဝန် ထမ်းဆောင်ဖို့အတွက် တို့ပြည်သူအားလုံး မျှော်မှန်းနေတဲ့ ဒီမိုကရေစီတိုက်ပွဲကို ညီအစ်ကို နှစ်ဦးစလုံး ပါဝင်ပြီး ဆက်လက်တိုက်ပွဲဝင်ကြဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ညီလေးကို အခြေခံစစ်သင်တန်းကျောင်းကို ပို့ခဲ့ပါတယ်။ ဒါကလည်း မေမေ့ရဲ့ ဆန္ဒပါပဲ။

မေမေ.. တိုင်းပြည်နဲ့ လူမျိုးရေးအတွက် တော်လှန်ရေးတိုက်ပွဲဝင်တယ်ဆိုတာ လွယ်ကူတဲ့ လုပ်ငန်းမဟုတ်ဘူးဆိုတာ မေမေ နှုတ်က သားတို့ဆီ ပြောခဲ့ဖူးတဲ့ စကားပါ။ အဲ့ဒါတွေအားလုံး သား အိမ်ကိုပြန်လာတဲ့တစ်နေ့မှာ မေမေ့ကို ပြောပြရဦးမယ်။ မေမေ.. အဆိုတော် စိုင်းထီးဆိုင်က လူ့ဘဝဆိုတာ ရယ်တလှည့်၊ ငိုတလှည့်ပါဆိုတဲ့ သီချင်းလေးကို နှစ်နှစ်ခြိုက်ခြိုက် သားဆိုခဲ့ဖူးတယ်။ ဒီသီချင်းရဲ့ အနက်အဓိပ္ပါယ်၊ ရသ၊ ခံစားချက်တွေကို တို့ညီအစ်ကို နှစ်ယောက်ကပဲ ခံစားနေသလား။

မေမေ့ကို သားထပ်ပြီး ပြောပြလိုက်ချင်တယ်။ ချင်းအမျိုးသားတပ်မတော်ရဲ့ ဆောင်ပုဒ်တစ်ခုက တစ်မိန့်၊ တစ်သံ၊ တသွေး ဆိုတဲ့ ဆောင်ပုဒ်လိုပဲ အမျိုးသားတော်လှန်ရေးလမ်းစဉ်မှာ အထက်ကပေးတဲ့ လုပ်ငန်းတာဝန်၊ အမိန့်တွေကို တို့ညီအစ်ကို နှစ်ဦး အတူလက်တွဲပြီး ကြိုးပမ်းအားထုတ်နေတဲ့ အချိန်ကာလဟာ ၂၀၁၅ ဖွန်လ (၈) ရက်နေ့၊ မနက် (၈) နာရီမှာ နိဂုံးချုပ်သွားခဲ့ပါတယ်။ ဘယ်သူမှ လွန်ဆန်လို့မရတဲ့ သေခြင်းတရားက တို့ညီအစ်ကို နှစ်ဦးကို ပိုင်းခြားသွားခဲ့လေပြီ။ ဒီလိုနဲ့ ပျော်ရွှင်တဲ့ တို့ဘဝဟာ တဒင်္ဂသာအချိန်လေးမှာ လုံးဝ ပြောင်းလဲသွားခဲ့ရတယ်။ အခုတော့ဖြင့် ဂမ်းနည်းကြေကွဲခြင်းများစွာနဲ့အတူ အမိမြေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် အစ်ကိုတစ်ယောက်သာ ကျန်ရစ်လေပြီ။ တို့မိသားစုဟာ မျက်ဂန်းက မျက်ရည်စက်နဲ့အတူ နိုင်ငံ့တာဂန်ကို အားတင်းပြီး ထမ်းဆောင်နေရတယ်။ ဒါပေမဲ့ ဂမ်းနည်းကြေကွဲဖွယ် အဲ့ဒီနေ့ရက်ဟာ မွန်မြတ်လှတဲ့ အာဇာနည်နေ့ တစ်နေ့ ဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ဖြေသိမ့်ခဲ့ရတယ်။

ဒါတွေအားလုံး သားအမေ့ကို ပြန်ရှင်းပြဖို့အတွက် သားမှာ ခွန်အားတွေ ချိနဲ့လှတယ်။ ရင်ထဲမှာ ဆူးနစ်သလို ခံစားရတယ်။ အဲ့ဒီအတွက် မေမေ သားကို ခွင့်လွှတ်နော်။

အမေ.. မေမေ့အသက်က ခုဆို (၆၀) ကျော်နေပြီ။ မေမေ အသက်ကြီးနေပြီ၊ မေမေ အကြာကြီး အသက်မရှည်တော့ဘူးဆိုတာ မေမေကိုယ်တိုင် အသိဆုံးပေါ့။ မေမေ အသက်ရှင်နေတဲ့ အချိန်လေးမှာ ဘဂလုံခြုံ စိတ်နလုံးချမ်းသာစွာနဲ့ ပျော်ပျော်နေဖို့ အရေးကြီးတယ်။ အဲ့ဒါကြောင့် ညီလေးရဲ့အကြောင်းစုံကို တော်လှန်ရေးတိုက်ပွဲ အောင်မြင်ပြီး၊ အများပြည်သူ မျှော်လင့်စောင့်စားနေတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်တဲ့တစ်နေ့မှာ မေမေ အသက်ရှင်နေသေးရင် အမေ့ဆီ သားကိုယ်တိုင် အရောက်လှမ်းလာပြီး အကြောင်းစုံ ဖွင့်ပြောဖို့အတွက် အဖဘုရားရှင်ထံ ဆုတောင်းလျက်ပါ။

မေမေ.. အာဇာနည်ဆိုတာ လူပုဂ္ဂိုလ်ရဲ့ ပေးဆပ်ခြင်း ဆိုတဲ့အရာ တစ်ခုပါ။ ဒါပေမဲ့ လူသား အားလုံးက အာဇာနည် မဖြစ်နိုင်ပါဘူး။ အာဇာနည်ဆိုတာ အများအတွက် ကိုယ်ကျိုးစွန့်ပြီး အသက်ကို စတေးခြင်းပါ။ ဒီလိုပဲ အာဇာနည်တစ်ယောက်ဖြစ်ခဲ့တာ မွန်မြတ်ပါတယ်။ ဒါဟာ ဖန်ဆင်းရှင် အဖဘုရားသခင်ရဲ့ လမ်းပြပို့ဆောင်မှုပါ။

မေမေ့ကို သားဆက်ပြီး ပြောပြချင်သေးတယ်။ သခင်ယေရှုရဲ့ စီစဉ်ဆောင်ရွက်မှုဟာ အံ့မခန်းစရာပါ။ (ကောလောသဲဩဝါဒစာ ၃ း ၂၄) မှာ “သင်တို့သည် သခင်ခရစ်တော်၏ အစေကို ခံကြ

သည်ဖြစ်၏၊ အမွေတော်တည်းဟူသော အကျိုးကို ထိုသခင်ဘုရား၏ လက်တော်ခံရလိမ့်မည်ဟု သိမှတ်ကြလော့” ဟု အတိအလင်း ဖော်ပြထားပါတယ်။ အဲ့ဒီအတွက် ညီလေးပေးဆပ်ခြင်းဟာ မိမိတို့ မိသားစုတင်မက အမိချင်းလဲန်းနဲ့ ချင်းအမျိုးသားအားလုံးအတွက် ဖြစ်ပါတယ်။

အဲ့ဒီ ပေးဆပ်ခြင်းဟာ အမိချင်းလဲန်းအတွက် မွန်မြတ်ပြီး၊ ပြည်သူအတွက် တန်ဖိုးဖြတ်မရတဲ့ အရာဖြစ်တယ်ဆိုတာ မေမေ အောက်မေ့ထားပါ။ ဒီပေးဆပ်မှုအားဖြင့် ချင်းလဲန်းနဲ့ ချင်းအမျိုးသားအားလုံး လွတ်လပ်တဲ့ ဘဝသစ်တစ်ခုကို လျှောက်လှမ်းနိုင်ဖို့ ထာဝရဘုရားသခင်က လမ်းပြတော်မူပါစေကြောင်း ဆန္ဒပြုရင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ် မေမေ..။

◆◆◆◆◆◆◆◆◆

မိမိ ဘာလုပ်နေတယ်ဆိုတာကို သိတယ်ဆိုရင် အဲဒီလူဟာ နိုင်ငံရေးသမား မဖြစ်နိုင်ဘူး။

**- ဂျင်မ်ရောဂျားစ်**

နားထောင်သမား အဖြစ်ပဲ နေပါ။ ကိုယ်စိတ်ထဲမှာပဲ ထားပါ။ ဂစီပိတ်အကျင့် ကို အားထုတ်ပါ။ အထူးသဖြင့် နိုင်ငံရေးမှာ။

**-သောမတ်စ်ဂျက်ဖာဆင်**

နိုင်ငံရေးဆိုတာ သဲလွန်စ မကျန်တဲ့ ဂင်္ကပါတစ်ခုထဲ ပတ်နေရသလိုပဲ။

**-ဂျွန်အဒမ်**

နိုင်ငံရေးဆိုတာ ဘာပြင်ဆင်မှုမှ လုပ်စရာမလိုဘဲ ဂင်လုပ်နိုင်တဲ့ တစ်မျိုးတည်းသော ပရော်ဖက်ရှင်နယ် ဖြစ်ဖွယ်ရှိတယ်။

**-ရောဘတ်လူးဂစ် စတီဗင်ဆန်**

## q i fBu D,u sm;Bu D,x u f q bka e o v m;

*HC. Ral Hnin*

မြန်မာနိုင်ငံသည် ၁၉၆၂ မှ ၂၀၁၀ ခုနှစ်အထိ နှစ်ပေါင်း (၄၈) နှစ်ကြာ စစ်အုပ်ချုပ်ရေးအောက် နေလာခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲပြုလုပ်ပြီး သုံးမတ်သား ဒီမိုကရေစီ အုပ်ချုပ်ရေး စံနစ်သို့ ပြောင်းလဲလာခဲ့ပါသည်။ ဤကဲ့သို့ ပြောင်းလဲလာခဲ့မှုအပေါ် တချို့သော ပြည်သူလူထု က ကြိုဆို ထောက်ခံခဲ့ကြသလို တချို့သော ပြည်သူလူထုမှ ဒီမိုကရေစီ အခွင့်အရေး၊ လူ့အခွင့် အရေးနှင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဖက်တွင် မည်မည်ရရ တိုးတက်မှု ရှိနိုင်မည်မဟုတ်ဟု ဆိုကာ အပျက်သဘော အမြင်ရှိသူများလည်း ရှိကြပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ဒုတိယအကြိမ် ရွေးကောက်ပွဲ ပြုလုပ်ခဲ့ပါသည်။ အမျိုး သားဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အဲန်အဲလ်ဒီမှ အပြတ် အသတ် အနိုင်ရရှိခဲ့ပါသည်။ လူထုသည်လည်း ပျော်ရွှင်ခဲ့ကြသည်။ ဒီမိုကရေစီအခွင့်အရေး၊ လူ့ အခွင့်အရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထု၏ မျှော်လင့်ချက်ရောင်နီ မြင့်မား လာခဲ့ပါသည်။ ထိုနည်းတူ တိုင်းရင်းသားဒေသတွေမှာလည်း အဲန်အဲလ်ဒီမှ အများစု အနိုင်ရရှိ သည့်အခါ တိုင်းရင်းသားများ၏ မျှော်လင့်ချက်ရောင်နီ ပိုမိုမြင့်မားလာခဲ့ပါသည်။ အထူးသဖြင့် တိုင်းရင်းသားများ လိုလားသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး တည်း ဟူသော မျှော်လင့်ချက်အတွက် ပိုပြီး အားတက်စရာ ဖြစ်လာခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဂန်းကျင်အတွင်း အတော်လေး ရေပန်းစားခဲ့သည့် နိုင်ငံရေးလှုပ်ရှားမှုတစ်ခုမှာ ဒေါ် အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဖြစ်ပါ သည်။ အထူးသဖြင့် ပုဒ်မ ၅၉(စ) ပြင်ဆင်ရေး ဖြစ်ပါသည်။ ၎င်းသည် အဲန်အဲလ်ဒီ နိုင်ငံရေးတွင် အလွန်အင်မတန်မှ အရေးပါသည့် အချက်တစ်ချက် ဖြစ်ပါသည်။ ထိုနည်းတူ တိုင်းရင်းသားများ ၏ နိုင်ငံရေးတွင် မိမိပြည်နယ် ဝန်ကြီးချုပ်များကို ကိုယ့်ပြည်နယ် ပါလီမန်မှ လွတ်လပ်စွာ ရွေး ချယ်နိုင်ရေးဆိုသည့် ကိုယ့်ပြည်နယ်အရေး ကိုယ်တိုင်ပြဌာန်းနိုင်ရေး ဆိုသည့် အခွင့်အရေးသည် အထူး အရေးကြီးပါသည်။ (လုပ်နည်းလုပ်ဟန် များစွာ ရှိပါလိမ့်မည်)

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီသို့ ပြင်ဆင်လိုသည့် အချက်နှင့်ပတ်သက်၍ အဲန်အဲလ်ဒီမှ ပေးပို့သော စာတမ်းတွင် ပုဒ်မ ၂၆၁(ဂ) တွင် "နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်များကို ရွေးချယ်ခန့်အပ်ရမည်" ဟူသော အပိုဒ်ကို "ဝန်ကြီးချုပ်ကို ပြည်နယ် ပါလီမန်မှ ရွေးချယ်ရမည်" ဟု ပါဝင်ခဲ့ပါသည်။ ဤသည်မှာ အတိုက်အခံပါတီ အနေအထား၌ ရှိစဉ် အဲန်အဲလ်ဒီ ၏ အင်မတန်မှ သာယာသည့် ကြွေးကြော်သံ ဖြစ်ပါသည်။

သမ္မတစံနစ် ကျင့်သုံးသည့် အမေရိကန် နိုင်ငံတွင် ပြည်နယ် အုပ်ချုပ်ရေးမှူးကို ပြည်နယ်လူထုမှ ရွေးချယ် ကြပြီး ပါလီမန်စံနစ် ကျင့်သုံးသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် ဝန်ကြီးချုပ်ကို အနိုင်ရ ပါလီမန်ပါတီမှ ဝန်ကြီးချုပ်အဖြစ် အဆိုတင်သွင်းသူကို နိုင်ငံတော်သမ္မတ ကိုယ်စား ပြည်နယ် ဘုရင်ခံချုပ်မှ အတည်ပြုပေးပါသည်။

အဲန်အဲလ်ဒီအစိုးရ အနေဖြင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌါန်းခွင့်ကို အမှန်တကယ် အသိအမှတ်ပြုပါသည်ဆိုလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မပြင်ဘဲ လုပ်နိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ ဥပမာအနေဖြင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်အတွက် ပြည်နယ်ပါလီမန်မှ အဆိုတင်သွင်းသူကို သမ္မတမှ (ခန့်ထားသည့်ပုံစံအတိုင်း) အတည်ပြုပေးရုံဖြင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌါန်းခွင့်ကို အသိအမှတ်ပြုကြောင်း ပြသနိုင်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံကို ဆန့်ကျင်ကောင်း ဆန့်ကျင်မည် ဖြစ်သော်လည်း ဒီမိုကရေစီကျင့်စဥ်အရမူ လုပ်သင့်သည့် အရာအဖြစ် သုံးသပ်ထားပါသည်။

ဒီမိုကရေစီခေါင်းဆောင် ဦးဆောင်သည့် အဲန်အဲလ်ဒီပါတီမှ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်အခါ အတိုက်အခံပါတီ အနေအထား၌ရှိစဉ် တိုင်းရင်းသား အခွင့်အရေးအတွက် ကြွေးကြော်သမျှသည် သဲထဲ ရေသွန်သလို တိုင်းရင်းသားများ၏ ရွေးချယ်ပိုင်ခွင့်ကို လျစ်လျူရှုပြီး စာအိတ်ပေါ် လစီဖြင့် ပြည်နယ်ဝန်ကြီးချုပ်ကို ရွေးချယ်ခဲ့ပါသည်။ ထိုနည်းတူ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် များတွင် ဒေသခံပါတီများမှ အသီးသီး အနိုင်ရရှိခဲ့ပါသော်လည်း အဲန်အဲလ်ဒီမှ အဓမ္မအစိုးရ ဖွဲ့ခဲ့ပါသည်။ ဤသည်မှာ တိုင်းရင်းသားအခွင့်အရေးနှင့် ပတ်သက်၍ တိုင်းရင်းသားများကို သတိပေးခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်မည်ဟု ထင်မိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအရ မှန်ကောင်းမှန်မည် ဖြစ်သော်လည်း ဒီမိုကရေစီကျင့်စဥ်ကို ချိုးဖောက်ခြင်းဖြစ်သည်မှာ အမှန်ဖြစ်ပါသည်။ ဤအတိုင်းသာ ဆက်သွားနေမည်ဆိုပါက တိုင်းရင်းသားများ၏ ဒီမိုကရေစီ၊ ကိုယ်ပိုင်ပြဌါန်းခွင့်နှင့် ဖက်ဒ

ရယ်ပြည်ထောင်စု တည်ဆောက်ရေးဟူသော မျှော်လင့်ချက်များ တကယ့်လက်တွေ့ ဘဝ၌ မျှော်လင့်နိုင်မည်လား။ စဉ်းစားစရာ ဖြစ်ပါသည်။

၄င်းအပြင် သူမ သမ္မတ ဖြစ်ရေးကို ဟန့်တားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပုဒ်မ မပြင်ဆင်နိုင်သည့်အခါ "မပြင်နိုင်လျှင်လည်း သမ္မတအပေါ်တွင် ဆက်ရှိမှာပါ" ဆိုပြီး ပြောဆိုခဲ့ပါသည်။ တကယ် သမ္မတ ဖြစ်မလာသည့်အခါ လွှတ်တောမှ "နိုင်ငံတော် အတိုင်ပင်ခံဥပဒေ" ကို ပြဋ္ဌါန်းပေးခဲ့ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို စုကြည် သမ္မတ မဖြစ်နိုင်အောင် တမင်ဦးတည်ပြီး ရေးသားခဲ့ခြင်း ဖြစ်ပါသည်ဟု ဝေဖန်နေစဉ်မှာပင် လွှတ်တော်မှ သူမ အာဏာအရှိဆုံးဖြစ်ရေးကို တမင်ဦးတည်ပြီး "နိုင်ငံတော် အတိုင်ပင်ခံဥပဒေ" ကို ပြဋ္ဌါန်းလိုက်ပါသည်။ ဤလုပ်ရပ်သည် ဒီမိုကရေစီကျင့်စဉ်နှင့် ညီပါသည်ဟု ဆိုနိုင်ပါမည်လော့။

ဒီမိုကရေစီ လိုချင်ရသည့် အကြောင်းရင်းထဲတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် တခုအပါအဝင် ဖြစ်ပါသည်။ သို့သော် ဒီကနေ့ အဲန်အဲလ်ဒီ ၏ လုပ်ပုံလုပ်နည်း၊ ကိုင်ပုံကိုင်နည်းများသည် ပါလီမန် ဒီမိုကရေစီခေတ်ကကဲ့သို့ ဗဟိုချုပ်ကိုင်မှု တင်းကြပ်နေသည်ကို တွေ့ရပါသည်။ ဤကဲ့သို့ ဗဟိုချုပ်ကိုင်မှု တင်းကြပ်သည့် အခြေအနေအောက်တွင် ဒီမိုကရေစီ တကယ် ရှင်သန်နိုင်မလား? စဉ်းစားစရာ ဖြစ်ပါသည်။ ဤကဲ့သို့ ဗဟိုချုပ်ကိုင်မှု တင်းကြပ်မှန်း သိပါလျက်နှင့် ဘာဖြစ်လို့ ကျင့်သုံးခဲ့ပါသလဲ။ အကြောင်းမှာ -

၁။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အပြောင်းအလဲမှာ အလွန်အင်မတန်မှ နုနယ်သေးသောကြောင့် ဗဟိုချုပ်ကိုင်မှု အားမကောင်းပါက ဒီမိုကရေစီ ပြန်လည်ဆုံးရှုံးသွားနိုင်သည် ဟူသော စိုးရိမ်ချက်ကြောင့် ဖြစ်နိုင်ပါသည်။

၂။ သို့မဟုတ် တိုင်းရင်းသားများ၏ တကယ့် အခွင့်အရေးမှန်ကို လက်တွေ့၌ တကယ် မပေးလို၍ ဖြစ်နိုင်ပါသည်။

နောက်ဆုံး၌ စဉ်းစားရင်း စိတ်ကူးထဲ ပေါ်လာသည်မှာ "ကျားကြီး ကြောက်လို့ ဆင်ကြီးအားကိုး၊ ဆင်ကြီး ကျားထက်ဆိုး" ဆိုသည့် ဗမာစကားပုံလေး ဖြစ်ပါသည်။

•◆•◆•◆•◆•

# ခူမီး မျိုးနွယ်စုအရေးနှင့် ပတ်သက်သော သမိုင်းဆိုင်ရာ မှတ်တမ်းများ

**Pu That Savung**

ရှေး ရခိုင်ရာဇဝင်များ၊ ဗြိတိသျှခေတ် မှတ်တမ်းများအရ ခူမီးချင်းတို့သည် ရခိုင်ဘုရင်များအား အခွန်ဘဏ္ဍာဆက် လက်အောက်ခံများအဖြစ် ရေးသားဖော်ပြနေကြကြောင်း ဖတ်ရှုမှတ်သားရပါသည်။ ခူမီးသက်ကြီးဝါကြီးများ တဖွဖွပြောလေ့ပြောထရှိသော ပါးစပ်ရာဇဝင်အရမူ ရှေးနှစ်ပေါင်း မခန့်မှန်းနိုင်တော့သည့် ကာလက ခူမီးတို့သည် ကိုယ့်ထီးကိုယ့်နန်းနှင့် ဘုန်းမီးနေလ ထွန်းတောက်ခဲ့ဖူးသည်။နှစ်ပေါင်းများစွာ ကြာလာသောအခါ ပြင်ပမှ လူမျိုးခြားတို့၏ မကြာခဏ ကျူးကျော်မှုကြောင့် သော်လည်းကောင်း၊ စည်းလုံးညီညွတ်မှု ယိုယွင်းလာပြီး မိသားစု အာဏာလုပ်ပွဲများကြောင့် အချင်းချင်း စိတ်ဝမ်းကွဲပြားကာ လူမျိုးခြား ရခိုင်တို့၏ သိမ်းပိုက်ခြင်းကို ခံကြရခြင်း ဖြစ်သည်ဟု ဆိုသည်။

ခူမီး ဟူသော ဝေါဟာရစကားလုံး၏ အနက်အဓိပ္ပါယ်မှာ “လူသား” (ဝါ) “တမြေတည်းနေ၊ တရေတည်းသောက်သူများ” ဟူ၏။ ရခိုင်တို့သည် ခူမီးတို့အား ခူမီးဟု မခေါ်ဘဲ၊ ခမွီး (ဝါ) ခမွေး (ဝါ) ခမြီးဟု ခေါ်လေ့ရှိရာ ခွေးမြီး၊ ခွေးမွေး၊ ခွေးမီး (Dog tail, Dog hair, Dog man) ဟူသော အနက် သက်ရောက်နိုင်သဖြင့် ဤသို့သော အရေးအသားမျိုးသည် မည်သူမျှ လက်ခံနိုင်မည် မဟုတ်ချေ။ လူ့အဖွဲ့အစည်းတစ်ခုခုတွင် မည်သူမျှ အဟိတ်တိရိစ္ဆာန်နှင့် ဆက်နွယ်သော အမည်ဖြင့် ခေါ်ဝေါ် ဆက်ဆံခြင်းမျိုးအား နှစ်သက် လက်ခံနိုင်မည် မဟုတ်ချေ။ ဗမာနှင့် ရခိုင်ကပေးသည့်အမည်နှင့် ၎င်းခူမီးတို့၏ နဂိုမူရင်းအမည်သည် မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း မရှိချေ။ ဂါစာဖရုသ်စံစံ ခေါ်ဝေါ်သည့် အမည်တုများသာ ဖြစ်ပါလိမ့်မည်။ ခူမီး မျိုးနွယ်စုများ အနေဖြင့်မူ မိမိတို့ကိုယ်အား လူသားစစ်စစ်ဖြစ်ကြောင်း ခံယူထားကြသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

1. “Khumi ( Khami )” is in the Khumi word for ‘ <u>Man</u> ’

***Gazzetteer of Burma*, Vol. I, 1880,p.153**.

2. " The word Kwaymi ( pronounced more like Khami ) means, in their own language, " human being," and it is more probable that this is the origin of the name, and that it is unconnected with Burmese or Arakanese."

***History of Oprations in Northern Arakan and The Yawdwin Chin Hills*, 1896-97 by Captain G. C. Rigby, p. 78**

3. The name Khami is the one by which they call themselves and means " man."

*NORTHERN ARAKAN DISTRICT ( OR ARAKAN HILL TRACTS )*

***BURMA GAZETTEER* by. G.E.R. Grant Brown, I.C.S p. 11**

4. " ခမိ § Khami § n *Khami* name of one of the Tibet-Myanmar speaking ethnic groups inhabiting areas along the *Rakhaing* and *Chin* State border."

***Myanmar-English Dictionary*, p.52**

၅။ နိမ့်သော လူမျိုးကို နိမ့်သထက်နိမ့်အောင်၊ နာလံမထူနိုင်အောင် ခမွေး၊ ခူမိ၊ ခြေမွေး၊ ခမီး၊ ခွေးမွေး၊ ခွေးမြီး၊ မြို၊ တောင်မြို၊ တောင်သူ-ချင်း ဟူ၍လည်းကောင်း၊ အမျိုးမျိုး အမည်မှည့်ပြီး ခေါ်တွင် ရေးသားကြသည်ကို တွေ့မြင်ရပါသည်။

*(မြို (ခေါ်) ခမိ တိုင်းရင်းသား ဓလေ့ထုံးစံရိုးရာယဉ်ကျေးမှုနှင့် ဆင်းသက်လာပုံသမိုင်း ခင်မောင်သန်း (မော်ဘီ) စာ- ၄)*

အထက်ပါ ကိုးကားတင်ပြချက်များအရ ခူမီးတို့သည် အခြားသော ချင်းမျိုးနွယ်များ နည်းတူ၊ မိမိတို့ကိုယ်အား "လူသား" ဟုပင် ခေါ်နေကြကြောင်း ထင်ရှားပါသည်။ ချင်းဟူသော စကားလုံးသည်လည်း "လူသား" ဟု အနက်ရကြောင်း အောက်ပါအချက်အလက် အထောက်အထားများအရ သိရှိနိုင်ပါသည်။

1. Sir A.Phayre that this term Shyoo " is no doubt recently adopted" and considers that *Khyeng*, a name by which the Khyeng do not, now at any rate, know themselves, is a corruption of *Klang* their word for '<u>Man</u>', and adds, "

An Arakanese in writing down for me words " from the mouth of a man of this race wrote Khyang""( Burmanice Khyeng ) for what appeared to me to have the sound of *Klang*"( Thlang ). *Gazzetteer of Burma*, Vol. I, 1880, p.184

2. The older English form khyang is obviously related to Khyang and Chin. In English the name Chin is customarily applied to these people when they are discussed within the context of Burma. The earliest British contact occurred, however, from the direction of India, and within this context they were called Kookie or Cuci, earlier forms of Kuki what is today written Kuki. From these two names has arisen the combination Kuki-Chin. Kuki remains the most common general term for these people in India and East Pakistan ( now Bangladesh ), and at this general level it is equivalent to Chin.

Frank M. Lebar, Gerald C. Hickey, John K. Musgrave, *Ethnic Groups of Mainland Southeast Asia* Human Relations Area File Press, New Haven, 1964, p.49

3. Those of the Kuki tribes which we designate as " Chins " do not recognize that name, which is said to be a Burmese corruption of the Chinese " Jin " or " Yen ", meaning " man." The northern Chins call themselves " Yo," the Tashons, Haka, and more southern tribes " Lai," while the Chins of Lower Burma give their name as " Shu." B.S.Carey and H.N.Tuck, *The Chin Hills*, Vol. I. 1896,p.3

၄။ တရုတ်တို့၏ စောစောပိုင်း ရာဇဝင်မှတ်တမ်းတို့တွင် ယင်းဒေသ ( ပုမ်ဟိုမြစ်ဖျားခံရာ ) တွင် နေထိုင်သူများကို "ချိအင်"(Qain၊ Ch'ian) ဟု ခေါ်ကြသည်။ ချိအန် ဟူသော စကား၏ အနက်မှာ "လူ" ဖြစ်သည်။

*(ဒိုင်ဝေလှ ချောင်းပုံ ( မနားရှင်း )၊ စာ၊ ၆)*

၅။ **A golden name: 'Chin'-meaning 'Human Being.'**

***THE VALUES & IDENTITIES OF CHINS* by Rev. Dr. Chum Awi, p. 14**

ဤမျှဖြင့် ခူမီးဟူသော အနက်အဓိပ္ပါယ်သည် လူသားပင်ဖြစ်ကြောင်း၊ ခွေးမွေး၊ ခွေးမြီး မဟုတ်ကြောင်း တင်ပြရလျှင် လုံလောက်ပြီဟု ယူဆပါရစေ။

## ရခိုင်ရာဇဝင် ရှုထောင့်မှ ခူမီးအရေး

ရခိုင်ရာဇဝင်အရ သော်လည်းကောင်း၊ မှတ်တမ်းများအရ သော်လည်းကောင်း၊ ခူမီးတို့သည် ရခိုင်ပြည်၏ ဌာနေ တိုင်းရင်းသားများဖြစ်ကြောင်း တွေ့ရသော်လည်း၊ ရခိုင်လူမျိုးများ မဟုတ်ကြောင်း သတိပြုရပါမည်။ ရခိုင်ဘုရင်များ ဘုန်းမီးနေလ ထွန်းတောက်ခဲ့စဉ်က ရခိုင်အင်ပါယာတွင် ခူမီးများသာမက၊ အခြားသော မြို၊ မြို၊ သက်၊ ဒိုင်းနက်၊ ကောက်ကဒန်း၊ ချင်း၊ ပျူ၊ ကမ်းရံ၊ ကုလား (ခေါ်တောကုလား)၊ တောင်မြို၊ စသည်များလည်း ရခိုင် ဘုရင်များ၏ လက်အောက်ခံ တိုင်းရင်းသားများ ဖြစ်ခဲ့ကြမည်သာ ဖြစ်သည်။ ၄င်းကို ငြင်းစရာမလိုဟု ယူဆရပါသည်။

သို့ရာတွင် ရာဇဝင်သမိုင်းဟူသည် ခေတ်နှင့် ရာသီအလိုက် အမြဲပြောင်းလဲလေ့ရှိရာ၊ ယခင်က မြန်မာအင်ပါယာတွင် မကျရောက်ခဲ့ဖူးသော ရခိုင်ပြည်သည်ပင်လျှင် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် မြန်မာမင်းများလက်အောက်သို့ ကျရောက်ခဲ့ဖူးပြီးဖြစ်သည်။ထိုနည်းတူ ဗြိတိသျှလက်အောက်သို့လည်း ကျရောက်ခဲ့ရပြန်သည်။ ဇင်းမယ်၊ လင်းဇင်း၊ အယုဒ္ဓယ၊ အာသံ၊ ကသည်း၊ ကချာ စသော မြန်မာဘုရင်များ၏ လက်အောက်ခံတိုင်း၊ နိုင်ငံတို့သည် ယခုခေတ်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၌ မပါဝင်ကြတော့ကြောင်းကိုလည်း သတိပြုရပါမည်။

မြန်မာ့သမိုင်းသာမက၊ ကမ္ဘာ့သမိုင်းတွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်ကို လက်ခံရပါမည်။ ရှေးက ထွန်းကားခဲ့ဖူးသော ဘေဘီလုံ၊ ပါရှား၊ ဂရိ၊ ရောမ အင်ပါယာများမှ သည် ဗြိတိသျှ နေမဝင်အင်ပါယာခေတ်များပင် မရှိတော့ပြီ၊ ခေတ်ဟောင်း၌ ကျန်ရစ်ကြကုန်ပြီ။ မည်သူမဆို၊ မိမိတို့၏ အားနည်းချက်ကို လက်ခံသင့်သည်။ ခေတ်ဟောင်းတွင် ကျန်ရစ်ပြီးသော သမိုင်းဟောင်းအား လွမ်းဆွေးတမ်းတပြီး ရာဇဝင်ဟောင်းအား ပြန်လည်ဖော်ထုတ်မည်၊ အတိတ်ကို ပြန်လည်ထူထောင်မည်ဆိုလျှင် ပတ်ဝန်းကျင် ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည်။ ရန်စူးရန်ငြောင့်အားဖိတ်ခေါ်ရာ ရောက်နိုင်သည်။ အနာဂတ် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဖော်ဆောင်ရေးကိုလည်း ဟန့်တားပိတ်ပင်ရာ ရောက်နိုင်သည်။

ရခိုင်ပြည်သည် ရှေးဦး ကုသဂတီခေတ်တွင် ဘင်္ဂလားဒေသမှ အရှေ့တောင်အာရှတလွှားအထိ ကျယ်ပြန့်ခဲ့ဖူးကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ညေဂတီ ခေတ်သုံးခေတ်တွင် အင်ပါယာ ကျုံ့လာပြီး၊ အရှေ့တောင်အာရှဒေသအား လက်လွှတ်ခဲ့ရသည်။ ဂေသာလီခေတ်တွင် ပိုကျဉ်း လာပြီး၊ မြောက်ဦးခေတ်တွင် မြန်မာလက်အောက်သို့ ကျရောက်ခဲ့စဉ်၊ နယ်ချဲ့ ဗြိတိသျှလက် အောက်သို့ လက်ပြောင်းကျရောက်ခဲ့ရသည်။ ဗြိတိသျှလက်ထက် အစကနဦးကာလတွင် ခူမီးတို့ အဓိက စုစည်းနေထိုင်ရာ ပလက်ဝနယ်အား ရခိုင်တိုင်း၊ စစ်တွေခရိုင် လက်အောက်တွင် ထားရှိ ခဲ့ကြောင်းကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ချေ။

သို့ရာတွင် The Arakan Hll Tracts Civil Justice Regulations (1874/76) အရ ရခိုင် တောင်တန်းခရိုင်ကို စစ်တွေမြို့မှ အထက် ၆၈ မိုင်ကွာဝေးသည့် မျောက်တောင်စခန်း၌ ဖွင့်လှစ် ပြီး၊ ခူမီးတို့အား စစ်တွေခရိုင်၏ တိုက်ရိုက်အုပ်ချုပ်မှုမှ ခွဲထုတ်ကာ သီးသန့်အုပ်ချုပ်ခဲ့သည်။ ထို့ နောက် တဖန် ၁၈၇၆ ခုနှစ်တွင် ပလက်ဝသို့ ပြောင်းရွှေ့ရုံးစိုက်ခဲ့ရပြန်သည်ဟု သိရသည်။

1. ***NORTHERN ARAKAN DISTRICT ( OR ARAKAN HILL TRACTS )BURMA GAZETTEER* by. G.E.R. Grant Brown, I.C.S. p.26**

2. ***NORTHERN ARAKAN DISTRICT ( OR ARAKAN HILL TRACTS )BURMA GAZETTEER* by. G.E.R. Grant Brown, I.C.S.p.8**

## ခူမီးတို့သည် ချင်းလော၊ ရခိုင်လော

အထက်တွင် ဖော်ပြပြီးသည့်အတိုင်း၊ ရခိုင်ရာဇဝင်၊ သမိုင်း၊ မှတ်တမ်းမှတ်ရာ အမြောက်အမြား တွင် ခူမီးအပါအဝင် အခြား ချင်းအမျိုးသားများဖြစ်သော ကောက်ကဒန်း၊ မြို၊ ယင်ဒူး၊ လေးတူ၊ ချိုး၊ ချော် တို့သည် ရခိုင်ပြည်၏ ဌာနေတိုင်းရင်းသားများအဖြစ် ဖော်ပြထားသည်ကို တွေ့ရှိရပါ သည်။ ရခိုင် သက်ကြီးဝါကြီးများ၏ ဆိုရိုးစကားများလည်း ကြားဖူးရပါသည်။ ၎င်းမှာ "ကျွန်းမှာ ခမွီး၊ မြို့မှာရခိုင်၊ တောမှာမြို၊ မြို့မှာရခိုင်၊ ရခိုင်စိုက်ဂေချင်း (ရခိုင်စစ်လှူင်ချင်း)" စသည်တို့ ဖြစ် သည်။ အလားတူ ဗမာဆိုရိုးစကားလည်း ရှိပါသည်။ "ချင်းနှင့်ဗမာ ဆွေရင်းချာ၊ ဗမာနှင့်ချင်း ဆွေမျိုးရင်း၊ ချင်းကကုန်ကြမ်း၊ ဗမာက ကုန်ချော၊ အဖကချင်း သားကဗမာ" စသည်များ ဖြစ်ပါ

သည်။ အထက်ပါ ဆိုရိုးစကားတို့အား ပြောသူဆိုသူရှိ၍ တင်ပြရခြင်း ဖြစ်ပါသည်။ ၄င်းအယူအဆ မှန်ကန်ကြောင်းကို အောက်ဖော်ပြပါ သာဓကများအရ လေ့လာနိုင်ပါသည်။

1. The Tradition of the Kuki respecting their origin is, that they and the Mugh are the offspring of the same progenitor, who had two sons by different mothers. The Mugh, they say, are the descendants of of the elder, and the Kuki of the younger son. The mother of the younger having died during his infancy, he was neglected by his step mother, who, while she clothed her own son, allowed him ( Kuki ancestor ) to go naked. Each man lives with his family in a separate house.
*The Encyclopaedia Britannica*, Vol.4, p.619

2. The Burmese, had descended from Central Asia, which tract their physical resemblances and affinities of language with the people of Tibet show to have been the home of their forefathers. The clans became more or less welded into tribes, as among their ‘ younger brothers ’ the Chins of to-day;
*The Burmese Empire* by Vicentius Sangermano Introduction p.VIII

3. The words Kuki and Chin are synonymous and are both used for many of the hill tribes in question.The term KUKI is an Assamese or Bengali word applied to such hill tribes as Lushais, Rangkhols, Thados, etc. who were residing within India. On the other hand, CHIN is a Burmese word which is used to denote all various hill tribes, living in the country between Burma and the provinces of Assam and Bengal. The words Kuki and Chin are thus synonymous and are both primarily used for many of the hill tribes in general. Therefore, the word Kuki-Chin was coined and employed by early researchers.

G.A.Grierson, *The Linguistic Survey of India*. 1904,Vol.III, Part III, p.1,2,3, ( Calcutta: Gov’t. Printing Press,126 )1904.

4. The Chin is of interest because he reveals the material out of which Buddhism and Civilization have between them evolved the Burmese people; the Chin in short, is the rough wood out of which the Burman has been carved.
V.C.Scott-O'Connor’s *The Silken East*

ခူမီးအပါအဝင် ချင်းမျိုးနွယ်စု အားလုံးနီးပါးသည် မိမိတို့ အမျိုးနာမည်အား ချင်း ဟု မခေါ်ကြဘဲ၊ မိမိတို့ ပြောဆိုသုံးစွဲသော ဒေသိယစကား အသီးသီးတို့ဖြင့် မိမိတို့ မျိုးရိုးအမည်အား ခေါ်ကြကြောင်းကို အောက်ပါကျမ်းကိုးများအရ သိနိုင်ပါသည်။ ချင်းဟူသည် ဗမာ၊ ရခိုင် တို့က ချင်းတို့အား မှည့်ခေါ်သော အမည်သာဖြစ်ကြောင်း အောက်တွင်ဖော်ပြပါမည်။

1. In the Burma Census Report of 1891, Chin ethnology is dismissed with the remark that the Chins or Kyins are a group of hill tribes, all talking various dialects of the same Tibeto-Burman speech, and calling themselves by various names.

B.S.Carey and H.N.Tuck,*The Chin Hills*, Vol.I.1896,p-2,para.5

2. This term Kuki, like Naga, Chin, Shendu, and many others, is not recognised by the people to whom we apply it,

J. Shakespear, Lt. Colonel. *The Lushei Kuki Clans,* 1912, Introduction 2nd. Paragraph

3. Both the ‘ Kuki ’ and ‘ Chin ’ have been given to them by their neighbors. Neither of these terms employed by the tribes themselves.

G.A.Grierson, *The Linguistic Survey of India*. Vol.I, Part I, p. 72.( Calcutta: Gov’t. Printing Press,126 )

4. Those of the Kuki tribes which we designate as “ Chins ” do not recognize that name, which is said to be a Burmese corruption of the Chinese “ Jin ” or “ Yen ”, meaning “ man.” The northern Chins call themselves “ Yo,” the Tashons, Haka, and more southern tribes “ Lai,” while the Chins of Lower Burma give their name as “ Shu.”

B.S.Carey and H.N.Tuck, *The Chin Hills*, Vol. I. 1896,p.3

5. The Kamis, who numbered 13,300 form more than half the population.
They are hill community speaking allied to Chins, and are no doubt themselves of Chin stock.
*NORTHERN ARAKAN DISTRICT ( OR ARAKAN HILL TRACTS )*
*BURMA GAZETTEER* by. G.E.R. Grant Brown, I.C.S. p.10.

လောက ဓမ္မတာတရားအရလည်းကောင်း၊ မနဿဗေဒ၏ လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲပုံ နိယာမသဘောအရလည်းကောင်း၊ အင်အားကြီးသော လူမျိုးက အင်အားနည်းသော လူမျိုးစုအား ဝါးမြိုလေ့ရှိသည်ဖြစ်ရာ ရခိုင်ပြည်ရှိ ချင်းမျိုးနွယ်စုဝင်များသည်လည်း ရခိုင်တို့၏ လွှမ်းမိုးကြီးစိုးမှု လောင်းရိပ်တွင် ဇာတ်ပြောင်းကြမည်သာ ဖြစ်သည်။ သာဓက ဆောင်ရသော် ရခိုင်ဘုရင်များ မြန်မာပြည်အား သွားရောက် သိမ်းပိုက်ခဲ့စဉ်က စစ်သုံ့ပန်းများအဖြစ် ပျူနှင့် မွန်လူမျိုးတို့အား ဖမ်းဆီးခေါ်ဆောင်လာခဲ့ဖူးကြောင်း "ပျူတစ်သိန်း၊ မွန်တစ်သိန်း" ဟူ၍ ဆိုစမှတ်ပြုခဲ့ကြသည်ကို မှတ်သားဖူးပါသည်။ သို့ရာတွင် ထို ပျူနှင့် မွန်တို့သည် ရခိုင် ဖြစ်ကြကုန်ပြီ၊ ရှာ၍ မရတော့ချေ။ သို့ပင်ဖြစ်သော်လည်း ပျူအားလုံးသည် သော်လည်းကောင်း၊ မွန်အားလုံးသည် သော်လည်းကောင်း၊ ရခိုင် ဖြစ်မလာကြချေ။ ဤအချက်အား မည်သူမျှ ငြင်းပယ်နိုင်မည် မဟုတ်ချေ။ ထိုနည်းအတိုင်းပင် ခူမီးတချို့ ရခိုင်ဖြစ်သွားတိုင်း၊ ခူမီး တစ်မျိုးသားလုံးအား ရခိုင့်အဖွဲ့အစည်းသို့ သွတ်သွင်းမည်ဆိုလျှင် တရားနည်းလမ်းကျမည် မဟုတ်ပါ။

## ခူမီးလူဦးရေ

ဦးခင်မောင်သန်း (မော်ဘီ)၏ မြို(ခေါ်) ခမိ တိုင်းရင်းသား ဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုနှင့် ဆင်းသက်လာပုံသမိုင်းအရ မြိုခူမီးတို့သည် ရခိုင်ပြည်နယ်တွင် အများစုနေထိုင်ကြကြောင်း သိနိုင်ပါသည်။ သို့သော် ဦးခင်မောင်သန်း၏ စာရင်းဇယားတွင် ပလက်ဝမြို့နယ်ရှိ ခူမီးလူဦးရေ စုစုပေါင်းအား ဖော်ပြခြင်းမပြုဘဲ မြို့ရွာ (၂၀) မှ လူဦးရေ (၁၃၅၀၀) ကိုသာ ဖော်ပြခြင်းဖြစ်၍ ခူမီးတမျိုးသားလုံး အကျုံးမဝင်သေးကြောင်း တွေ့ရှိရပါသည်။ ပလက်ဝနယ်တွင် ခူမီးတို့သည် အများဆုံးဖြစ်ပြီး အယုတ်စွဆုံး (၅၀၀၀၀) ထက် နည်းမည်မဟုတ်ချေ။ မြို လူဦးရေနှင့် ပေါင်းပါက ၇၀၀၀၀ ထက် နည်းမည်မဟုတ်ပါ။ Nzathan Loncheu ၏ THE BAWMZO သုတေသန စာအုပ်ပါ စာရင်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘန်ဒါရ်ဘန်ခရိုင်ရှိ မြိုလူဦးရေ ၂၀၀၀၀ (နှစ်သောင်း)၊ ခူမီး လူဦးရေ ၄၀၀၀ ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။ သို့ဆိုလျှင် မြိုခူမီး လူဦးရေစုစုပေါင်းမှာ သုံးသိန်းထက်မနည်း ရှိမည်သာဖြစ်သည်။

Nathan Loncheu, THE BAWMZO, pg.234

## ခူမီး တို့အရေးနှင့် ပတ်သက်သော ဗြိတိသျှခေတ် မှတ်တမ်းများ

အထက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း ခူမီးချင်းတို့ နေထိုင်ရာဒေသအား ဗြိတိသျှတို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပုံကို အကျဉ်းမျှတင်ပြပါမည်။ ပထမဦးစွာ ဘင်္ဂလားအရှေ့ဖျား စစ်တကောင်းမြို့အား ၁၇၀၀ တွင် အရှေ့အိန္ဒိယကုမ္ပဏီက သိမ်းပိုက်ခဲ့ပြီး ၁၇၆၀ ခုနှစ်တွင် ၎င်းဒေသ၏ ကုန်းတွင်းပိုင်းရှိ သက်အနွယ်ဝင် ကျက္ကမာနှင့် ရခိုင်အနွယ်ဝင် မော(ဂ်္ဂ)များအပြင် ကူကီး ခေါ် ချင်းမျိုးနွယ်စုများနေထိုင်ရာ တောင်တန်းဒေသကို သိမ်းပိုက်ခဲ့ကြပြန်သည်။ ကူကီးဟူသည် အနောက်ဖက် မြေနိမ့်ဒေသနေတို့က ချင်းလူမျိုးတို့အားခေါ်သော အမည်ဖြစ်ပြီး၊ အဆိုပါ ကူကီးအစုတွင် ချင်း (အရှို/Khyang)၊ ပန်ခို (Pankho/Pangkhua) လင်းဇေး ခေါ် ဘော်မ်ဇိုး (Bumjogi/Baw mzo) မြို (Mru/Mro)၊ ခူမီး (Khumi)၊ လူရှေ (Lushai) စသော ချင်းအနွယ်စုများ ပါဝင်ပါသည်။ သို့ရာတွင် အရှေ့အိန္ဒိယကုမ္ပဏီအနေနှင့် ထို စစ်တကောင်းတောင်တန်းဒေသအား မထိန်းသိမ်းနိုင်သည့်အတွက် ဗြိတိသျှ - အိန္ဒိယ အစိုးရအား ၁၈၆၀ ခုနှစ်တွင် လက်လွှဲခဲ့ရကြောင်း စစ်တကောင်း တောင်တန်းအရေးနှင့် ပတ်သက်သည့် မှတ်တမ်းများအရ သိနိုင်ပါသည်။

1. " As referred to in the foregoing Chapter V, Chittagong in 1760 changed hands from the Mughals to the East India Company by a pact concluded between Mir Khan, Nawab of Bengal and the British."
By S.P. Talukdar, ' *The Chakmas: Life and Struggle* ' p.35

2. "Successively in 1860, for the Great Kuki Invasion,….the consti-tution of the Chittagong Hill Tracts was framed by an act of 1860 which enabled the British Government to give the hill subjects of Chittagong some kinds of administration,"
-----------------------------------------*ibid*--------------------------------p.38.

3. " Following this in July 1860, a Superintendent of the hill tribes was appointed to be in Charge of the hills, which was henceforth to be known by the name the ' Hill Tracts of the Chittagong,'" ----------*ibid*-------------.p.38

4. "the Commissioner in 1859 recommended the removal of the hill tracts from the Regulation District, and the appointment of a Superintendent over the

hill tribes. Both these recommandations were adopted and by Act XXII of 1860.

**R.H.Sneyd Hutchinson '** ***Chittagong Hill Tracts*** **' p.9**

ပထမ အင်္ဂလိပ်-မြန်မာစစ် (၁၈၂၄-၁၈၂၆) အပြီး မြန်မာဘုရင်က ရခိုင်ပြည်ကို ဗြိတိသျှ လက်အောက်သို့ ထိုးအပ်သည့်အခါ အင်္ဂလိပ်တို့သည် ပလက်ဝနယ်အား ရခိုင်လက်အောက်ခံ မှတ်ယူပြီး စစ်တွေခရိုင်သို့ သွတ်သွင်းခဲ့သည်။ သို့သော် ပလက်ဝနယ်ရှိ ခူမီးတိုင်းရင်းသားများ အနေဖြင့် စစ်တွေခရိုင်သို့ မိမိတို့ သဘောဆန္ဒမပါဘဲ သွတ်သွင်းလိုက်သည်ကို လုံးဝ လက်မခံခဲ့ကြချေ။ ထိုမျှသာမကဘဲ နယ်မြေစိုးမိုးရေးနှင့် အခွန်ဘဏ္ဍာငွေများ ကောက်ခံရေးအတွက် ပလက်ဝနယ်သို့ ဗြိတိသျှအရာရှိများ ဝင်ရောက်လာခြင်းကို ခူမီးအမျိုးသားများ လုံးဝ လက်မခံနိုင်ကြသောကြောင့် ၇၇ နှစ်ကြာ ခုခံဆန့်ကျင်ခဲ့ကြသည်။ ထိုသို့ ဗြိတိသျှတို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည့် ကာလတလျှောက်လုံး ရခိုင်များ ခူမီးတို့ဘက်မှ ပါဝင်ခဲ့ကြောင်းသော်လည်းကောင်း၊ လက်နက်ခဲယမ်းမီးကျောက်များ၊ စားနပ်ရိက္ခာ ထောက်ပံ့ကူညီခဲ့သည့် အထောက်အထားသော်လည်းကောင်း၊ မတွေ့ရှိရပေ။ ထိုကြောင့်လည်း ဗြိတိသျှအစိုးရအနေဖြင့် The Arakan Hill Tracts Civil Justice Regulation (1874/76) ဥပဒေကို ပြဌာန်းပြီး ပလက်ဝနယ်အား သီးခြားခရိုင်အဖြစ် အုပ်ချုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထိုနည်းအတိုင်း စစ်တကောင်းတောင်တန်းအား စစ်တကောင်းခရိုင်မှ ခွဲထုတ်ပြီး Bengal Eastern Frontier Regulation (1873) အရ သော်လည်းကောင်း၊ Inner Line Regulation (1875) အရသော်လည်းကောင်း၊ သီးခြားခရိုင်အဖြစ် အုပ်ချုပ်ခဲ့ပြီးဖြစ်သည်။ ထိုသို့ သီးခြားခရိုင်အဖြစ် ခွဲထုတ်လိုက်ခြင်းအကြောင်းမှာ အစပိုင်းတွင် တောင်တန်းနေ တိုင်းရင်းသားတို့၏ အနှောက်အယှက်မှ မြေနိမ့်နေ မိမိတို့၏ လက်အောက်ခံများအား ကာကွယ်ရန်ဖြစ်သော်လည်း၊ နောင်တွင်မူ မြေပြန့်နေ လူမျိုးကြီးများ၏ ဝါးမြိုခြင်းဘေးမှ ရှိုးသားဖြောင့်မတ်ပြီး သစ္စာရှိသော တောင်တန်းသားများအား ကာကွယ်စောင့်ရှောက်ရန် ဖြစ်လာသည်။ ဤအကြောင်းကို အောက်တွင် ဖော်ပြပါမည်။

" In1866 it was decided that the Chief Commissioner of British Burma should assume the direct administration of the hill country and that an inner or adminis-trative boundary should be laid down,…In 1870 the first Superintendent of the Hill Tracts was appointed and the country within the inner boundary garrisoned by police posts. This arrangements hold good to this day and have worked well. The administrative boundary have not

advanced and, as Arakan played no further part in the final occupation of the Chin-Lushai country, the history of this tract and its relations with the Chins will now drop out of this book."

B.S.Carey and H.N.Tuck, *The Chin Hills*, Vol. I. 1896,p.17

ဗြိတိသျှ အစိုးရအနေဖြင့် ချင်းလူမျိုးတို့ မှီတင်းနေထိုင်ရာ တောင်တန်းဒေသများအား ကာကွယ်သည့် စည်းမျဉ်းဥပဒေ အသီးသီးကို အောက်ပါအတိုင်း အဆင့်ဆင့် ပြဋ္ဌာန်းကာကွယ်ပေးခဲ့ကြောင်း လေ့လာသိရှိနိုင်သည်။

1. Jhoom Tracts Regulation-1860

2. Bengal Eastern Frontier Regulation-1873

3. The Arakan Hill Tracts Civil Justice Regulation-1874

4. Inner Line Regulation-1875

5. Assam Frontier Tracts Regulation-1880

6. The Chin Hills Regulation-1896

7. Chittagong Hill Tracts Reulation-1900

အထက်ပါ ပြဋ္ဌာန်းချက်များတွင် အမှတ်စဉ် ၁၊ ၂ နှင့် ၇ သည် စစ်တကောင်းတောင်တန်းနှင့် တိုက်ရိုက် ပတ်သက်ပြီး၊ အမှတ်စဉ် ၄ သည် စစ်တကောင်းတောင်တန်းအပြင် အာသံ၊ ကချာ၊ တြိပူရဖက်မှ ကာကွယ်ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်သည်။ အမှတ်စဉ် ၃ သည် ရခိုင်တိုင်းမှ ပလက်ဝနယ်အား ခွဲထုတ်ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ပြီး၊ အမှတ်စဉ် ၅ သည် အာသံမှ ကူကီး ခေါ် ချင်းများအား ကာကွယ်ပေးသည့် ဥပဒေဖြစ်သည်။ အမှတ်စဉ် ၆ သည် ချင်းအနွယ်ဝင် အားလုံးအတွက် ပြဋ္ဌာန်းပေးသည့် ဥပဒေဖြစ်သည်။

ဗြိတိသျှအရာရှိများသည် ၎င်းတို့ လက်အောက်ခံ ဌာနေတိုင်းရင်းသားတို့၏ မျိုးရိုးဖြစ်စဉ်များကို မနုဿဗေဒနည်းအရ သော်လည်းကောင်း၊ ဘာသာဗေဒနည်းအရသော်လည်းကောင်း၊ လေ့လာခဲ့ကြရာတွင်၊ ၎င်းတို့ တွေ့ရှိချက်များအရ ချင်းနှင့် အနွယ်တူများအား အောက်ပါအတိုင်း စာရင်းပြုစုထားကြသည်ကို တွေ့ရပါသည်။

"A more detailed study into Kuki-Chin languages was made in 1931 and forty four separate languages were recorded as belonging to Kuki-Chin group.

1. Kathe ( Meithei or Meitei )
2. Kyaw
3. Thado ( pronounced Thah-do )
4. Siyin ( Sihzang )
5. Sokte ( Sukte )
6. Kanhow ( Kamhau )
7. Yo ( or Zo )
8. Tahson ( Tai-sun )
9. Yahow ( Zahau )
10. Laizo ( Hlawnceu )
11. Kwangli ( Khuangli )
12. Ngorn ( Ngawn )
13. Lushei
14. Whelngo ( Hualngo )
15. Lyente ( Lente )
16. Zanhnyet ( Zanniat )
17. Lai
18. Lakher ( Miram or Mara )
19. Lawhtu ( Lautu )
20. Kwelshim ( Khualsim )
21. Zotung
22. Sentang ( Senthang )
23. Tamang
24. Miram
25. Zolamnai
26. Torr ( Thawr )
27. Ta-oo
28. Mgan ( Makan )
29. Welaung
30. Chinbok
31. Yindu ( Zindu-Dai )
32. Chinme
33. Chinbon
34. Taungtha
35. Sho
36. Khami
37. Anu
38. Kaungtso
39. Kaukadang
40. Ledu
41. Matu
42. Sittu
43. Chaunggyi Chin
44. Saingbaung

*Source: Zo People and Their Culture* by Sing Khaw Khai p.4
*Census of India1931* by Capt. J.H. Green, Vol.XI, Part I, A report by I.J. Bennison,
*A note on the indigenous Races of Burma* ( Rangoon; governing Printing Press, 1931), 198

ဘာသာဗေဒပညာရှင် Sir G. A. Grierson ကမူ ကူကီး-ချင်း အနွယ်ဝင်တို့အား မေးတေ (ကသည်း)နှင့် ရိုးရိုး ချင်းဟူ၍ အုပ်စုကွဲ ခွဲထားပြီး၊ ရိုးရိုး ချင်းများအား တဖန် မြောက်ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်း ချင်းများ၊ နာဂ-ကူကီးနှင့် ရှေးရိုး ကူကီးများအဖြစ် ခွဲခြားသတ်မှတ်ခဲ့

သည်။ တောင်ပိုင်း ချင်းအုပ်စုကွဲတွင် ချင်း (သို့မဟုတ်) ရှိုး အရှိုနှင့် ခမီး (သို့မဟုတ်) ခူမီး၊ မြို များအား ထည့်သွင်းခဲ့ကြောင်း တွေ့ရပါသည်။

*The Linguistic Survey of India*, Vol. I,II, III Part III. P.1,2

## THE CHIN-LUSHAI CONFERENCE-1892

ဗြိတိသျှ နယ်ချဲ့အစိုးရသည် အနောက်ဘက် အာသံ၊ ဘင်္ဂလားဒေသနှင့် အရှေ့ဘက်မှ မြန်မာပိုင် နယ်မြေစပ်ကြား တောင်တန်းသားများအား ကူကီး သို့မဟုတ် ချင်းဟူ၍ ဦးစွာ သတ်မှတ်ခဲ့ကြကြောင်းကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

"The words Kuki and Chin are synonymous and are both used for many of the hill tribes in question.The term KUKI is an Assamese or Bengali word applied to such hill tribes as Lushais, Rangkhols, Thados, etc. who were residing within India. On the other hand, CHIN is a Burmese word which is used to denote all various hill tribes, living in the country between Burma and the provinces of Assam and Bengal. The words Kuki and Chin are thus synonymous and are both primarily used for many of the hill tribes in general. Therefore, the word Kuki-Chin was coined and employed by early researchers."

G.A.Grierson, *The Linguistic Survey of India*. 1904,Vol.III, Part III, p.1,2,3, ( Calcutta: Gov't. Printing Press,126 )1904.

The older English form khyang is obviously related to Khyang and Chin. In English the name Chin is customarily applied to these people when they are discussed within the context of Burma. The earliest British contact occurred, however, from the direction of India, and within this context they were called Kookie or Cuci, earlier forms of Kuki what is today written Kuki. From these two names has arisen the combination Kuki-Chin. Kuki remains the most common general term for these people in India and East Pakistan ( now Bangladesh ), and at this general level it is equivalent to Chin.

Frank M. Lebar, Gerald C. Hickey, John K. Musgrave, *Ethnic Groups of Mainland Southeast Asia,*
Human Relations Area File Press, New Haven, 1964, p.49

နောက်တွင် ကူကီး အုပ်စုဂင်တို့ဒေသ လူရှေတောင်တန်းအား သိမ်းပိုက်လိုက်သည်နှင့် ကူကီး အစား လူရှိုင်းဟု ပြင်ဆင်မှတ်သားလာခဲ့ပြန်သည်။ မည်သို့ပင် ခေါ်စေကာမူ ၎င်းတို့ ရည်ညွှန်းလိုသည်မှာ ကူကီး-ချင်း အားလုံးအတွက်ပင် ဖြစ်ပါသည်။ အင်္ဂလိပ်တို့သည် အနောက်ဘက်မှ လူရှေတောင်တန်းအား ၁၈၉၀ ခုနှစ်တွင် လည်းကောင်း၊ အရှေ့ဘက်ရှိ ချင်းတောင်တန်းအား ၁၈၉၀ ခုနှစ်တွင် လည်းကောင်း၊ စတင် အုပ်ချုပ်ရန် စီစဉ်ခဲ့ကြသည်။ စစ်ဘက်အရာရှိများအား နယ်ဘက် အုပ်ချုပ်ရေး တာဝန်များကိုပါ ထမ်းဆောင်စေခြင်းဖြင့် ချင်းလူမျိုးစုတို့၏ ဇာတိမာန်နှင့် နောက်ယှက်မှု အန္တရာယ်အား နှိပ်ကွပ်ချိုးနှိမ်ရန် ကြိုးစားလာကြသည်။ ထိုသို့ ချင်းလူမျိုးများ၏ ဒေသအား ကျူးကျော်ဝင်ရောက်လာရာတွင် ချင်းလူမှုအဖွဲ့အစည်းအကြောင်းကိုပါ အတွင်းကျကျ လေ့လာခွင့်ရလာသည်။

ချင်းလူမျိုးတို့အား တိဘက်-မြန်မာ မိသားစုဝင်၊ ကူကီး-ချင်း အုပ်စုဝင်များအဖြစ် သတ်မှတ်ကြသည့်အလျောက် ၎င်းအုပ်စုဝင်အဖြစ် ယူဆရသည့် ချင်းမျိုးနွယ်စုအားလုံးအား စုစည်းပြီး အုပ်ချုပ်ရေးနယ်မြေတစ်ခုတွင် ထားရှိသင့်သည်ဟု သဘောရှိလာကြသည်။ ထို့ကြောင့် ၁၈၉၂ ခုနှစ်၊ ဇန်နဝါရီ (၂၅-၂၉) ရက်နေ့တွင် သမိုင်းဝင် ချင်း-လူရှိုင်း ကွန်ဖရင့် (Chin – Lushai Conference) ကို ကာလကတ္တားမြို့၊ Fort William ၌ ဗြိတိသျှဘုရင်ခံချုပ်၏ ခွင့်ပြုချက်အရ အောက်ပါ ဗြိတိသျှအစိုးရ၏ ဒေသဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး အရေးတယူ စဉ်းစားဆွေးနွေးခဲ့ကြရကြောင်း တွေ့ရှိရပါသည်။

1. Hon'ble Sir Charles Alfred Elliott, KCSI, Lt. Governor of Bengal.
2. His Excellency Lt. Gen. J.C. Dormer, C.B., C in C., Madrass.
3. Alexander Mackenzie, KCSI, Chief Commissioner of Burma.
4. E.E.Ward, Esq. CSI, Chief Commissioner of Assam.
5. Hendry Mortimer Durand, KCIE, CSI, Secretary to the Gov't. of India, Foreign Department.
6. Maj. Gen. E.H.H.Collen, CIE, Secretary to the Gov't. of India, Millitary Deptt.

7. Maj. Gen. Sir James Browne, KCSI, CB, BE., QM. In India.

အထက်ပါ ဗြိတိသျှအစိုးရ ဒေသဆိုင်ရာ ထိပ်တန်းအရာရှိကြီးများသည် အာသံမှ ချင်းအနွယ်ဝင် ကူကီးများ၊ ဘင်္ဂလားမှ ချင်းအနွယ်ဝင် ကူကီးများ၊ မြန်မာနိုင်ငံမှ ချင်းမျိုးနွယ်စု အားလုံးတို့၏ နောင်ရေးကိစ္စအဝဝကို အလေးအနက်ထား စဉ်းစားဆွေးနွေးခဲ့ကြသည်။ ထိုသို့ စဉ်းစားရာတွင် ချင်းတောင်တန်းဒေသ၏ ပထဝီအနေအထား၊ လမ်းခရီးကြမ်းတမ်းမှုနှင့် ဆက်သွယ်ရေး အခက်အခဲများ၊ ရိက္ခာမလုံလောက်မှုများ စသည်များကိုပါ ထည့်တွက်စဉ်းစားရင်း တိုင်းမင်းကြီး (ကော်မရှင်နာ) တစ်ဦး၏ အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် စုစည်းနိုင်သမျှသော ၄င်းတို့ လက်အောက်ခံ နယ်မြေများအား ထားရှိရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထိုချင်း-လူရှိုင်းကွန်ဖရင့် ဆုံးဖြတ်ချက် (၆)ချက်အား အင်္ဂလိပ်မူရင်းအတိုင်း အောက်တွင် ဖော်ပြပါမည်။

1. The majority of the Conference are of opinion that it is very desirable that the whole tract of country known as Chin-Lushai should be brought under one administrative head as soon as can be done. They also consider it advisable that the new administration sould be subordinate to the Chief Commissioner of Assam. Sir Dormer and Sir Alexander Mackenzie would defer any final decision as regards the eastern part of the tract till further information is obtained.
2. That the Chittagong District be also transferred to Assam. If it is found that there are difficulties in the way of as immediate transfer of the district, the Hill Tract ( *of Chittagong* ) should be transferred in advance of the rest.
3. The Conference is not prepared to assert that this step can be taken immediately. As matters now stand, the difficulties of communication, of supply, and of transport are very serious, and it will in any case be necessary to suspend action until after the close of the present cold season's operation in the Chin and Lushai Hills.
4. The first things to be done for the control of this tract is to improve the communication between the important places such Cachar and Aijal, Aijal and Lungleh, Aijal and Manipur, and the post situate respectively on the eastern and western side of the tract. The opening out these lines is a work of pressing importance. The commissariat staff should also be provided to arrange for transports and supplies, till the tract is able to provide them for itself.

5. The Conference is of opinion that the boundaries of the new administrative should be generally speaking the boundaries of the tract occupied by the savage newly brought under British control, but the details of these boundaries can only be settled after consultation with local officers.
6. The Conference is agreed that north and south Lushai, with such portion of the Arakan Hill Tracts as may hereafter be determined, should be placed under Assam at once on condition that-
   ( 1 ) Complete transport and commissariat equipment for supplies from Chittagong to South Lushai, and Cachar to North Lushai are provided.
   ( 2 ) Funds are granted for road and telegraph from Aijal to Lungleh.

**FOREIGN DEPARTMENT REPORT ON CHIN-LUSHAI HILLS, SEPTEMBER 1892.** p-88.

အဆိုပါ ချင်း-လူရှိုင်း ကွန်ဖရင့် (၁၈၉၂) ဆုံးဖြတ်ချက်အား သေချာစွာ လေ့လာရလျှင် အနီးကပ်ဆုံး ချင်းလူမျိုးတို့နေထိုင်ရာ ချင်းတောင်တန်း၊ စစ်တကောင်းတောင်တန်း၊ လူရှေ တောင်တန်းနှင့် ရခိုင်တောင်တန်းတို့အား ဦးစွာပထမ ပူးပေါင်းစေရန်ဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ဤဆုံးဖြတ်ချက်ကို ဆက်လက်အကောင်အထည်ဖော် နိုင်စေရန်အတွက် The Chin Hills Regulation-1896 ခေါ် ချင်းတောင်တန်းစည်းမျဉ်းအား ၁၈၉၆ ခုနှစ်၊ ဩဂုတ်လ ( ၁၃ ) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထို The Chin Hills Regulation-1896 ကို ၁၉၁၁ ခု၊ အောက်တိုဘာ ( ၉ ) ရက်နေ့တွင် ပြန်လည်တိုးချဲ့ရာ ယခုလက်ရှိအနေအထားအတိုင်း ဖော်ပြရလျှင် အာသံပြည်နယ်ရှိ မိကိရ်တောင်တန်း၊ မြောက်ကချာတောင်တန်း၊ နာဂပြည်နယ်၊ မေဃလာယ ပြည်နယ်များကိုပါ ဤချင်းတောင်တန်း ဥပဒေဘောင်တွင် သွတ်သွင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါဒေသတို့တွင်လည်း ကူကီး ခေါ် ချင်းလူမျိုးအမြောက်အမြား ပြန့်နှံ့နေထိုင်ကြသည်ကို တွေ့ရှိရသောကြောင့် အုပ်ချုပ်ရေးနယ်မြေတစ်ခုကို ဖန်တီး ပေးရန် ရည်ရွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုနည်းအတိုင်းပင် အရှေ့ဘက် မြန်မာပြည်နယ်စပ်တပိုက်ရှိ ဆွမ္မရာတောင်တန်းအား ၁၉၁၇ ခုတွင်လည်းကောင်း၊ ပခုက္ကူ ချင်းတောင်တန်း (ယောတွင်း) နယ်အား ၁၉၂၉ ခုနှစ်တွင်လည်းကောင်း၊ ချင်းတောင်တန်းလက်အောက်တွင် ထားခဲ့ကြသည်။ လူရှေတောင်တန်းနှင့် မတွဲနိုင်ခဲ့

သည့် ရခိုင်တောင်တန်းကိုလည်း ချင်းတောင်နှင့်တွဲရန် စီစဉ်ပြီး၊ စစ်တကောင်းတောင်တန်းကို လူရှေတောင်တန်းနှင့် တွဲရန် စီစဉ်ခဲ့ကြကြောင်းကိုပါ ပြဌာန်းခဲ့ရသော မြန်မာနိုင်ငံအစိုးရ အက်ဥပဒေ- ၁၉၃၅ (Gov't. of Burma Acts ) and (Gov't. of India Acts) ပါ တိုင်းရင်း သားများဒေသကို Shedule Areas သို့မဟုတ် Tribal Areas များအဖြစ် သတ်မှတ်ခဲ့ပါသည်။ ၄င်း Shedule Areas သို့မဟုတ် Tribal Areas များရှိ ဌာနေတိုင်းရင်းသားကိုလည်း (Frontier People) တောင်တန်းသားများ သို့မဟုတ် လူတစ်ဦးတည်းမှ ပေါက်ဖွားဆင်းသက်လာသည့် လူမျိုးနွယ်ကြီး (Tribals) ဟု သတ်မှတ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံအက်ဥပဒေ ၁၉၃၅ နှင့်၊ အိန္ဒိယနိုင်ငံ အက်ဥပဒေ ၁၉၃၅ အား ပြဌာန်းလိုက်ခြင်းသည် ဗြိတိသျှအစိုးရအနေဖြင့် ၄င်းတို့၏ အုပ်ချုပ်ရေး စက်ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးသက်သက်မဟုတ်ဘဲ၊ ဗြိတိသျှ-အိန္ဒိယလက်အောက်ရှိ အာသံ၊ ဘင်္ဂလားနှင့် ဗြိတိသျှ မြန်မာနိုင်ငံအကြား မဖွံ့ဖြိုးသေးသည့် တောင်တန်းဒေသများအား အုပ်ချုပ်ရေးနယ်ပယ်သစ်တစ်ခု (ကိုလိုနီနယ်သစ်) ဖွင့်ပေးရန်ဖြစ်သည်။ ထိုကိုလိုနီနယ်သစ်ကို North East Frontier Province ဟူ၍ခေါ်ရန် ဒေသဆိုင်ရာ ဗြိတိသျှအရာရှိများက အိန္ဒိယအခြေစိုက် ဘုရင်ခံချုပ်ထံ အစီရင်ခံစာ တင်သွင်းခဲ့သည်။

***WHAT IS THE CROWN COLONY* by Dr. Jangkhongam Doungel, THE AIZAWL POST, July 22, 2011 issued ( p-5 )**

## ချင်းလူမျိုးများအတွက် ကိုလိုနီနယ်သစ် စီမံကိန်း

အထက်တွင် တင်ပြခဲ့သည့်အတိုင်း The Govt. of Burma Acts နှင့် The Govt. of India Acts 1935 တို့သည် မြန်မာနိုင်ငံအား ဗြိတိသျှ-အိန္ဒိယမှ ခွဲထုတ်ပြီး၊ ဗြိတိသျှ-မြန်မာ နိုင်ငံအဖြစ် အုပ်ချုပ်ရန်အတွက် ပြဌာန်းခဲ့သည့် အက်ဥပဒေ၊ ပြိုင်တူရေးဆွဲပြဌာန်းခဲ့သည့် ဥပဒေ ဖြစ်နေသောကြောင့် တစ်ထေရာတည်း မဟုတ်သည့်တိုင် အချက်အလက်များ၊ ပုဒ်မ၊ ပုဒ်ခွဲ သတ်မှတ်ပုံများမှာမူ တူညီကြမည်သာ ဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် တွဲရေး၊ ခွဲရေးဟူသော အရေးပင်ဖြစ်သည်။ ဤအက်ဥပဒေတွင် ရခိုင်၊ မွန်နှင့် ဗမာဒေသတို့အား ပြည်မ သို့မဟုတ် Burma Proper ဟူ၍လည်းကောင်း၊ တိုင်းရင်းသားများဒေသကိုမူ တောင်တန်းဒေသ သို့မဟုတ် Frontier

Areas/ Tribal Areas ဟူ၍လည်းကောင်း၊ ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် 2nd Schedule, Part One, No.3 တွင် ပါဝင်သော ရခိုင်တောင်တန်း ခေါ် ပလက်ဝခရိုင်နှင့် ၎င်း၏ မြောက်ဖျားဒေသသည် ရခိုင်ပြည်တွင် မပါဝင်ကြောင်းထင်ရှားပါသည်။ The Gov't. of India Acts-1935 တွင် *"Tribal areas" means the areas along the frontiers of India or in Baluchistan which are not part of British India or of Burma or of any Indian State or of any foreign State,"* ဟု တွေ့ရပါသည်။ လိုရင်းမှာ တောင်တန်းဒေသတွင်ပါဝင်သော ရခိုင်တောင်တန်းခရိုင် ခေါ် ပလက်ဝမြို့နယ်သည် ဗြိတိသျှ- မြန်မာတည်း ဟူသော ပြည်မတွင် ပါဝင်သည့် ရခိုင်ပြည်နှင့် မပတ်သက်ကြောင်း ဖော်ပြခြင်းပင် ဖြစ်သည်။

The Gov't. of Burma Acts နှင့် The Gov't. of India Acts-1935 ပေါ်ပေါက်လာသည်နှင့် British- Burma နှင့် British-India နယ်နိမိတ်ကိုယခုလက်ရှိ အိန္ဒိယ-မြန်မာ နယ်နိမိတ်အတိုင်း ယာယီသတ်မှတ်ခဲ့ပြီး လိုအပ်သလို ပြန်လည်ပြင်ဆင်ရန် ဖြစ်သည်။ ဗြိတိသျှ ပါလီမန်မှ အတည်ပြုချက်ကို ဗြိတိသျှအထက်လွှတ်တော်မှ လက်မခံနိုင်၍ Excluded Areas & Partially Excluded Areas Order အား ၁၉၃၆ ခုနှစ်၊ မတ်လ ( ၃ ) ရက်နေ့တွင် ထုတ်ပြန်ခဲ့ရသည်။ ဤ Excluded Areas & Partially Excluded Areas Order တွင်မပါဝင်သော Foreign Department ခေါ် နိုင်ငံခြားဌာနလက်အောက်ရှိ တောင်တန်းဒေသများအတွက် ထုတ်ပြန်ထားသည့် အမိန့် ဖြစ်သည်။ ၎င်းသီးခြားဒေသနှင့် တစိတ်တပိုင်းဒေသအမိန့် မူရင်းကို အောက်တွင်ဖော်ပြပါမည်။

THE GOVERNMENT OF INDIA ACT, 1935 (Part II, Chapter V)

EXCLUDED AREAS AND PARTIALLY EXCLUDED AREAS

*Political Development in Manipur* by Dr. S.M.A.W. Chishti p. 229-230 ( Appendix II )

91. ( 1 ) In this Act the expressions " excluded areas " and " partially excluded areas " mean respectively such areas as His Majesty may by Order in Council declare to be excluded areas or partially excluded areas. The secretary of State shall lay the draft of the Order which it is proposed to recommend His

Majesty to make under this sub-section before parliament within six months from the passing of this Act.

( 2 ) His Majesty may at any time by order in Council—

(a) direct that the whole or any specified part of an excluded area shall become, or become part of a partially excuded area;
(b) direct that the whole or any specified part of a partially excuded Area shall cease to be a partially excluded area or a part of such an area;
(c) alter, but only by way of rectification of boundaries, an excluded or partially excluded area;
(d) on any alteration of the boundaries of a province, or the creation of a new Province, declare any territory not previously in any Province to be, or to form part of, an excluded area or a partially excluded area, and any such Order may contain such incidental and consequential provisions as appear to His Majesty to be necessary and proper, but save as aforesaid the Order in Council made under sub-section ( 1 ) of this section shall not be varied by any subsequent Order.

92. ( 1 )The executive authority of a Province extends to excluded and partially excluded areas [ herein, but notwithstanding anything in this Act, no Act of the Federal Legislature, shall apply to an excluded area or a partially excluded area, unless the Governor by public notification so directs; and the Governor in giving such a direction with respect to any Act may direct that the Act shall in its application to the areas, or to any special part thereof, have effect subject to such exceptions or modification as he thinks.

92. ( 2 )The Governor may make regulations for the peace and government of any area in a Province which is for the time being an excluded area, or a partially excluded areas, and any regulations so made may repeal or amend any Act of the Federal Legislature, or any existing Indian law, which is for the time being applicable to the area in question.

Regulations made under this sub-section shall be submitted forthwith to the Governor-General and until assented to by him in discretion shall have no effect, { and the provisions of this Part of this Act with respect to the power

of His Majesty to disallow Acts shall apply in relation to any suchregulations assented to by the Governor-General as they apply in relation to Acts of a Provincial Legislature assented to by him }.

92. ( 3 )The Govenor shall, as respects any area in a Province which is for the time being an excluded area, exercise hi functions in his discretion.

## Notes

***This means***

Administration of excluded area in the Provincees is the only Department of administration which is not transferred to the control of Provincial Ministers and Legislatures.

THE GOVERNMENT OF INDIA ACT, 1935

Part III THE GOVERNORS' PROVINCES

Chapter I THE PROVINCES

46 ( 1 ) Subject to the provisions of the next succeeding section with respect to Berar, the following shall be Governors'Provinces, that is to say, Madras, Bombay, { Bengal, theUnited Provinces, the Punjab, Bihar, the Central Provinces and Barar, Assam, the North-West Frontier Provinces, Orissa, Sind }, and such other Governors' Provinces as May be created under this Act.

( 2 ) Burma shall cease to be part of India.

( 3 ) In this Act the expression " Province " means, unless the Context otherwise requires, a Governors' Provinces, and " Provincial " shall be constructed accordingly.

အထက်ဖော်ပြပါ ဘက္ကင်ဟမ်နန်းတော်၏ ပြန်တမ်းကို သေချာစွာလေ့လာရလျှင် ဗမာပြည်မနှင့် ဗြိတိသျှ-အိန္ဒိယ လက်အောက်ရှိ အာသံပြည်နယ်နှင့် အရှေ့ဘင်္ဂလားပြည်နယ်အကြား တောင်တန်းဒေသအားလုံးသည် ချင်းမျိုးနွယ်စုဝင်တို့နှင့် အဓိကသက်ဆိုင်သည့် နယ်မြေဖြစ်ကြောင်း၊ ထို့ကြောင့် ဗမာပြည်မလွှတ်တော်နှင့် ၉၁ ဌာနအုပ်ချုပ်ရေးက သော်လည်းကောင်း၊ ဘင်္ဂလား-

အာသံလွှတ်တော်နှင့် အုပ်ချုပ်ရေးယန္တရားက သော်လည်းကောင်း၊ တိုက်ရိုက်မကိုင်တွယ်စေရဘဲ၊ ဗြိတိသျှအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှု Froreign Jurisdiction အောက်တွင် ထားရှိရန်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

အထက်ပါ ဥပဒေအရ ချင်းတောင်တန်းသည် Excluded Area ခေါ် သီးခြားဒေသဖြစ်ပြီး၊ ရခိုင်တောင်တန်း ခေါ် ပလက်ဝဒေသသည် Partially Excluded Area ခေါ် တစိတ်တပိုင်း သီးခြားဒေသဖြစ်သည်။ ၁၈၉၂ ခုနှစ် ချင်း-လူရှိုင်းကွန်ဖရင့် ဆုံးဖြတ်ချက်ကို အခြေခံ ရေးဆွဲပြဌာန်းခဲ့သော ချင်းတောင်တန်းဥပဒေ (၁၈၉၆) အရ ချင်းတောင်တန်း၊ စစ်တကောင်းတောင်တန်း၊ လူရှေတောင်တန်းနှင့် ရခိုင်တောင်တန်းတို့တွင် အလိုအလျောက် အကျုံးဝင်ပြီးဖြစ်ရာ နောက်ထပ် ၁၉၁၁ ခုနှစ်တွင် တိုးချဲ့သောအခါ ချင်းအနွယ်ဝင်များ ပျံ့နှံ့နေထိုင်ရာ ဂါရိုတောင်တန်း၊ ဂျိန်းတျာတောင်တန်း၊ ခါစီတောင်တန်း (ယခု မေဃလာယပြည်နယ်)၊ မီကီရ်တောင်တန်း၊ မြောက်ကချာတောင်တန်း (ယခု အာသံပြည်နယ်တွင်ပါဝင်)၊ နာဂတောင်တန်း တို့ကိုပါ ပြန်လည်သွတ်သွင်းပြီး၊ အုပ်ချုပ်ရေးနယ်သစ် (Crown Colony) အဖြစ် တိုက်ရိုက်အုပ်ချုပ်ရန် လျာထားခဲ့ခြင်းဖြစ်သည်။

ဖော်ပြပြီးခဲ့သည့်အတိုင်း အင်္ဂလိပ်အစိုးရသည် ဖွံ့ဖြိုးပြီးနှင့်သော ဗမာပြည်မအား တစ်နေ့နေ့တွင် လက်လွှတ်ရမည်ကို ကြိုတင်တွက်ဆ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းပြီး၊ ခေတ်နောက်ကျ ကျန်ရစ်သော ချင်းတို့နေရပ် တောင်တန်းဒေသအားလုံးအား ပေါင်းစည်းပြီး ဆက်လက်အုပ်ချုပ်ရန် စီစဉ်ခဲ့ခြင်းတွင် နက်နဲသောအခြေခံရှိခဲ့သည်ကို သတိပြုရပါမည်။ မနုဿဗေဒနှင့်ဘာသာဗေဒ အခြေခံကျလွန်းပါသည်။ ထိုကြောင့် ပကတိလက်ရှိ အနေအထားအတိုင်းဆက်လက် တည်ရှိနေခြင်းသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် အထူး ကောင်းမွန်နေပါသည်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေနိုင်ရေးအတွက်လည်း အဓိကအရေးကြီးဆုံးသော သော့ချက်ပင် ဖြစ်ပါသည်။

ပင်လုံညီလာခံအပြီး မပြီးပြတ်ရသေးသော တောင်တန်းဒေသများအရေးကို စုံစမ်းရန် ဗြိတိသျှအစိုးရသည် ကာနယ်ရီး(စ်)ဂီလုံ ခေါင်းဆောင်သော တောင်တန်းဒေသ စုံစမ်းရေး ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းပြီး၊ ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် တောင်တန်းသားများ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးစေခဲ့ပါသည်။၎င်းကော်မရှင်အဖွဲ့သည် တောင်တန်းသားများ၏ ခေါင်းဆောင်များ ကိုယ်

စားလှယ်များအား မေမြို့တွင် ခေါ်ယူတွေ့ဆုံပြီး ၎င်းတို့၏ ဆန္ဒသဘောထားများကို ကြားနာခဲ့ကြသည်။ ထိုကိုယ်စားလှယ်များတွင် ရခိုင်တောင်တန်းမှ

၁။ ဦးထပ်လှိုင်း ( ခေါင်းဆောင် )

၂။ ဦးထွန်းအောင် ( ခူမီး )

၃။ ဦးထင်ကုန်း ( ခူမီး )

၄။ ဦးပတ်ဂဲ ( ခူမီး )

၅။ ဦးဌေးတူ ( မရာ )

၆။ ဦးလွန်းပူ ( မြို )

၇။ ဦးမောင်မှူား ( လေးမြို့ )

၈။ ဦးထွန်းမြ ( ရခိုင် )

၉။ ဦးစောလှ ( ရခိုင် )

၁၀။ ဦးသာအောင် ( စကားပြန် ) တို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အထက်ပါ ပုဂ္ဂိုလ်အားလုံးသည် ပလက်ဝနယ်အား ချင်းတော်တန်းနှင့် ပူးပေါင်းပြီး၊ ချင်းဂိသေသတိုင်းတွင် တည်ထောင်ရန် သဘောတူညီကြကြောင်း၊ ၎င်းကော်မရှင်၏ အစီရင်ခံချက်အရ သိရပါသည်။ ဤအချက်ကို သေချာစွာ လေ့လာရလျှင် လူတိုင်းသည် လွတ်လပ်မှု၊ အေးချမ်းစွာ နေထိုင်လိုမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို လိုလားတောင့်တကြစမြဲ ဖြစ်ပြီး၊ ဖိနှိပ်မှု၊ ချုပ်ချယ်မှု၊ လွှမ်းမိုးကြီးစိုးမှု၊ နှိမ်ချမှုစသည်များ ကွင်းရှောင်လိုကြကြောင်း ထင်ရှားနေပါသည်။

⬩◆⬩◆⬩◆⬩◆⬩

# "ငါရဲ့ယုံကြည်ချက်ကို မင်းတို့ သတ်လို့ မရဘူး"

# (အာဇာနည် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး)

**ဆလိုင်းကျော်မိုး**

"မင်းတို့ ငါ့ခန္ဓာကိုယ်ကို သတ်နိုင်ပေမဲ့ ငါရဲ့ယုံကြည်ချက်ကို မင်းတို့ သတ်လို့ မရဘူး" ဒီစကား က သမိုင်းဝင်စကား တစ်ခွန်းဖြစ်ခဲ့သလို မြန်မာ့သမိုင်းသာမက၊ ကမ္ဘာ့သမိုင်းမှာပါ မရှိခဲ့ဖူးသေး တဲ့ ကျောင်းသားခေါင်းဆောင် တစ်ယောက်ကို ရက်ရက်စက်စက် ကြိုးပေး သတ်ခဲ့တဲ့အတွက် မဆလ စစ်အစိုးရ ကြိုးတိုက်ထဲက လွှင့်ပျံ့ထွက်လာတဲ့ စကား (သို့မဟုတ်) ကျောင်းသား အာ ဇာနည်ခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦးရဲ့ နောက်ဆုံးကြွေးကြော်သံ တစ်ခုလည်း ဖြစ်ခဲ့ တယ်။

မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု သမိုင်းတစ်လျောက်မှာ သမိုင်းတွင်ရစ်မယ့် လေးစားဂုဏ်ယူ ဖွယ်ရာ နောင်တော်ကျောင်းသား အာဇာနည်ခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦး တစ် ယောက် မြန်မာပြည်သူတရပ်လုံးရဲ့ လွတ်မြောက်ရေးအတွက် အသက်စတေးခဲ့တာဟာ ယခု ကျရောက်မယ့် ဇွန်လ (၂၆) ရက်နေ့မှာ နှစ်ပေါင်း ၄၀ တင်းတင်း ပြည့်တော့မယ်။

ဆယ်စုနှစ် (၄) ဆက်တိုင်တိုင် ရောက်ရှိခဲ့ပေမဲ့လည်း ဆလိုင်းတင်မောင်ဦး ရဲ့ ယုံကြည်ချက်ကို စစ်ဘီလူးတို့က အသေ မသတ်နိုင်ခဲ့။ လူကို သတ်ခဲ့ကြတယ်၊ အသက်ကိုတော့ စတေးခဲ့တယ်၊ ဆလိုင်းတင်မောင်ဦးရဲ့ စိတ်ဓါတ် သူ့ရဲ့ ယုံကြည်ချက်တွေဟာ မသေထာဝရ ရှင်သန်နေအုံးမယ် သာ ဖြစ်တယ်။ ပြည်သူတို့ရဲ့ ယုံကြည်ချက်နဲ့ တထပ်တည်း တစ်သားတည်း ဖြစ်တာမို့လည်း သူ့ ရဲ့ ယုံကြည်ချက်၊ ခံယူချက်ဟာ မြန်မာပြည်သူတရပ်လုံးရဲ့ နှလုံးသားမှာ ထာဝစဉ် ကိန်းအောင်း ရှင်သန်နေမည်သာ။

မြန်မာ့စာပေလောက ရတုဘုရင် နတ်ရှင်နောင် ထီးနန်းစိုက်တဲ့ တောင်ငူမြို့မှာ မွေးဖွားခဲ့ခြင်း ခံ ရလို့လားမသိ၊ ဆလိုင်းတင်မောင်ဦးက ငယ်စဉ်ကတည်းက စပြီး အနုပညာအရာမှာ တော်တော်

ဂါသနာထုံခဲ့တယ်။ တယောထိုးခြင်း အတတ်ကို ကျွမ်းကျင်သူတစ်ဦးလည်းဖြစ်ပြီး အရှိုမြေပြန့် ချင်းမိဘများ ဖြစ်ကြတဲ့ အဘ ဦးလှဒင် နဲ့ အမိ ဒေါ်နင်းမြိုင် တို့ရဲ့ သားသမီး (၈) ဦးထဲမှာ သားကြီးဩရသလည်း ဖြစ်တယ်။ ငယ်စဉ်ကတည်းက ဖြစ်ချင်ခဲ့တာ သိမ်မွေ့တဲ့ ဓမ္မအမှုတော်ဆောင်၊ သို့သော်ငြားလည်း ကံကြမ္မာအလှည့်အပြောင်း တစ်ခုကြောင့် မဆလ စစ်အစိုးရရဲ့ ရက်စက်ဖိနှိပ်မှုများကြားက ပြည်သူများ လွတ်မြောက်ရေးအတွက် စံနစ်ဆိုးကြီးကို ပြောင်းလဲနိုင်ရန် ကျောင်းသားထုကိုဦးဆောင်ကာ တော်လှန်ခဲ့သူ ကျောင်းသားခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်ခဲ့ရတယ်။

၁၉၆၂ ခုနှစ် စစ်အာဏာရှင်တွေ အာဏာရလာပြီး ပထမဆုံး ကျောင်းသားထုကို စိန်ခေါ်ခဲ့တယ်။ အဲ့ဒီအချိန်က ဆလိုင်းတင်မောင်ဦး ဟာ ၁၁ နှစ်အရွယ် ကလေးတစ်ယောက်အဖြစ်ပင် ရှိနေသေးတယ်။ သို့ပေမဲ့လည်း အဲ့ဒီ အဖြစ်အပျက်က သူ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ထင်ကျန်ရစ်ခဲ့တယ်။ အဲ့ဒီ အချက်တွေကပင် တက္ကသိုလ်ကျောင်းသား စစ်အာဏာရှင်စံနစ် ဆန့်ကျင်မှုကြီးထဲ ပါလာရတဲ့ အချက်တစ်ခု ဖြစ်ခဲ့ရ။ အာဏာကို အလွဲသုံးစားပြုပြီး လူ့အခွင့်အရေး ချိုးဖောက်ကာ ပြည်သူလူထုကို လက်နက်နဲ့ အနိုင်ယူနေတဲ့ စစ်အာဏာရှင် စံနစ်ဆိုးကြောင့် ကျောင်းတော်ကြီးတွေလည်း စစ်တလင်းဖြစ်ခဲ့ရတယ်။

"သူဟာ အစ်ကိုကြီး အဖအရာ ဆိုသလိုပဲ ကျွန်မတို့ မောင်နှမတွေကို ကျောင်းစာတွေ ကူညီပြသပေးခဲ့သလို သူ့ရဲ့ နိုင်ငံရေး အတွေးအခေါ်တွေကိုလည်း အမြဲဝေငှ ပြောပြခဲ့တယ်။ သူ့ရဲ့ အတွေးအခေါ်တွေထဲမှာ မှတ်မှတ်ရရ ပြောချင်တာလေးတစ်ခုကတော့ လူတိုင်းက မိမိရဲ့ မိသားစုကို ချစ်ကြတယ်။ လူတွေ မဆိုထားနဲ့ ကြက်ကလေး၊ ငှက်ကလေးတွေတောင် မိမိ မိသားစုကို ချစ်တတ်ကြတယ်။ မိမိရဲ့ ကလေးတွေကို ချစ်တတ်ကြတယ်။ အစာရှာဖွေ ကျွေးမွေးတတ်ကြတယ်။ ဒီတော့ လူဆိုရင် မိမိမိသားစုကို ကျော်လွန်ပြီး မိမိပတ်ဝန်းကျင်ကို ချစ်တတ်ရမယ်။ မိမိ ပတ်ဝန်းကျင်ကို ကျော်လွန်ပြီး တိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်ရမယ်။ မိမိ ပတ်ဝန်းကျင်၊ မိမိ တိုင်းပြည်၊ ကြုံတွေ့နေရတဲ့ မတရားမှုတွေ ရက်စက်မှုတွေ၊ ဒုက္ခ အခက်အခဲ ပြဿနာတွေကို မြင်တတ်ရမယ်၊ ဖြေရှင်းတတ်ရမယ်၊ တွန်းလှန် ကာကွယ်တတ်ရမယ်ဆိုတဲ့ သူ့ရဲ့ အတွေးအခေါ်နဲ့ ခံယူချက်ကို ပြောပြခဲ့ဖူးတယ်" လို့ ယခုအခါ ကနေဒါနိုင်ငံမှာ နေထိုင်နေသူ ဆလိုင်းတင်မောင်ဦး ရဲ့ ညီမ မိုင်ပိုပို (ခ) မလှမြိုင် ရဲ့ပြောပြချက်အရ သိရပါတယ်။

ဆလိုင်းတင်မောင်ဦးဟာ ၁၉၆၉ ခုနှစ် ကျွန်းဆွယ်အရေးအခင်း၊ ၁၉၇၀ ရန်ကုန်တက္ကသိုလ် ရွှေရတုအရေးအခင်း၊ ၁၉၇၂ ကျောင်းသားလှုပ်ရှားမှု၊ ၁၉၇၄ ဇွန် အလုပ်သမားသပိတ်၊ ၁၉၇၄ ဦးသန့် အရေးအခင်း၊ ၁၉၇၅ ရွှေတိဂုံကျောင်းသား အရေးအခင်းနဲ့ ၁၉၇၆ မှိုင်းရာပြည့် အရေးအခင်းတွေမှာ ပါဝင်လှုပ်ရှားခဲ့သူ၊ ဦးဆောင်ခဲ့သူ ဖြစ်တယ်။ မဆလစစ်အစိုးရက သူ့ကို သေဒဏ်ပေးချိန်မှာ အသက် ၂၅ နှစ်သာ ရှိသေးတယ်။ ငယ်ရွယ်ပေမဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် သူ့ရဲ့ လှုပ်ရှားမှုတွေက လေးစားဂုဏ်ယူစရာပါ။

ရန်ကုန်မှာ ပြုလုပ်ခဲ့တဲ့ ၁၉၆၉ ကျွန်းဆွယ် အားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြု လက်ဝှေ့ပြိုင်ပွဲမှာ ချင်းလူမျိုးတွေဖြစ်ကြတဲ့ Hrang Kham၊ Dawla နဲ့ Nini တို့က ပထမဆုတွေ ရယူပေးနိုင်ခဲ့ကြတယ်။ ဒါပေမဲ့ သူတို့တတွေ ချင်းလူမျိုးဖြစ်ကြောင်း သိရှိသူ နည်းပါးလှတယ်။ ဗမာလူမျိုးဆိုရင် မောင်-မ၊ ရှမ်းဆိုရင် စိုင်း-နန်း၊ ကရင်ဆိုရင် စော-နော် ဆိုပြီး နာမည်အစမှာ အသုံးပြုကြသလို ချင်းလူမျိုးတွေလည်း ဘုံနာမည်တခုကို အတူတကွ အသုံးပြုဖို့ ချင်းကျောင်းသားတွေ စပြီး စဉ်းစားလာခဲ့ကြတယ်။ အဲ့ဒီအချိန်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ဂျာမနီနိုင်ငံမှာ နေထိုင်နေတဲ့ CNF အဓိပတိကောင်စီဝင်ဟောင်း ဆလိုင်းကိပ်ခိုလျန်က အခုလို ပြောပြခဲ့တယ်။

"ဆလိုင်းတင်မောင်ဦးဟာ ၁၉၇၄ ခုနှစ် ဦးသန့် အရေးအခင်းမှာ ခေါင်းဆောင်ဖြစ်သလို၊ ခစယ (ချင်းစာပေနဲ့ ယဉ်ကျေးမှုကော်မတီ- ရန်ကုန်တက္ကသိုလ်) မှာလည်း အထွေထွေအတွင်းရေးမှူးဖြစ်တဲ့အတွက် တက္ကသိုလ်တစ်ခုလုံးရဲ့ ခေါင်းဆောင်ကြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့ သိပ်ကို လေးစားကြတယ်။ ချင်းကျောင်းသားတွေကိုလည်း မျက်နှာပန်း လှစေတယ်။ နောက်ပိုင်းမှာ မြေအောက်လှုပ်ရှားမှုတွေ လုပ်နေပေမဲ့ အဲဒီတုန်းက ဆေးကျောင်းသား ဒေါက်တာဇလှေထန်းနဲ့ နီးနီးကပ်ကပ် ဆက်ဆံသူ ဖြစ်တယ်။ ချင်းကျောင်းသားတွေနဲ့ အဆက်အသွယ် အမြဲရှိခဲ့တယ်။ နောက် ၁၉၇၅ ကျောင်းသားအရေးအခင်းမှာလည်း သူကပဲ အဓိက ဦးဆောင်ခဲ့ပါတယ်။ ၁၉၇၆ မှိုင်းရာပြည့် ချီတက်ပွဲကို ဦးဆောင်ဖို့အလာမှာ အဖမ်းခံခဲ့ရတာပါ။ စစ်အစိုးရက သူ့ကို မြန်မြန်ဆန်ဆန်ပဲ ကွပ်မျက်လိုက်ပါတယ်။ အဲ့ဒီကာလ ချင်းကျောင်းသားတွေရဲ့ စိတ်ထဲမှာ ကျွန်တော်တို့ ခေါင်းဆောင်ကို အခုလို ရက်ရက်စက်စက် ကြိုးပေးသတ်တာကို အရမ်းခံစားရတယ်၊ စိတ်လည်း နာတယ်။ သူ့အပေါ်မှာလည်း ပိုမိုလေးစားလာခဲ့ကြတယ်"။

“ဆလိုင်းတင်မောင်ဦး ဟာ ဆလိုင်း-မိုင် စိတ်ဓာတ် အပြည့်အဝရှိသူ ဖြစ်တယ်။ ဆလိုင်း-မိုင် စိတ်ဓာတ်ဆိုတာ လူပုဂ္ဂိုလ်တစ်ဦး၊ မျိုးနွယ်စုတစ်ခုရဲ့ အလိုရမက်အပေါ်မှာ မရှိဘဲ လူမျိုးအတွက်၊ အားလုံးအတွက် စဉ်းစားပြီး ပေးဆပ်မှုကို ဆိုလိုတာဖြစ်တယ်။ ဒီအတွေးအခေါ်က ၁၉၇၆ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ထဲမှာ မွေးဖွားလာတဲ့ ချင်းအမျိုးသားစိတ်ဓာတ် ဖြစ်တယ်။ ဆလိုင်းတင်မောင်ဦး နဲ့ ညီမ မိုင်ပိုပို တို့ရဲ့ ရဲစွမ်းသတ္တိနဲ့ စံပြဖြစ်မှုတွေကို ဆိုလိုခြင်း ဖြစ်တယ်။ ထိုအချိန်က တက္ကသိုလ်တစ်ခုလုံးမှာ ဆလိုင်းတင်မောင်ဦးနဲ့ မိုင်ပိုပို တို့ရဲ့ ကိုယ်ကျိုးမကြည့်ပဲ လူထုအတွက် ရှေ့ဆောင်တဲ့ သူရဲကောင်းတွေအဖြစ် ပြောဆိုနေခဲ့ကြတယ်။ သူတို့ မောင်နှမကို လေးစားစွာနဲ့ ဆလိုင်း-မိုင် လှုပ်ရှားမှုက တဖန် အသက်ဝင် အားကောင်းလာခဲ့ပါတယ်။

“၁၉၇၀ ပြည့်တပိုက်မှာ စစ်အာဏာရှင်စံနစ် ဆန့်ကျင်ရေး လူထုလုပ်ရှားမှုကြီးကို အများဆုံးပွဲကိုင်သူဟာ ဆလိုင်းတင်မောင်ဦး ပဲဖြစ်ပါတယ်။ သူဟာ ကောက်ကျစ်မှု အလျဉ်းမရှိသူဘူး၊ သွက်လက်တယ်။ ရဲရင့်သူဖြစ်တယ်၊ စွဲဆောင်မှုရှိသူဖြစ်တယ်၊ သူငယ်ချင်းတွေအကြားမှာလည်း သူပြောလိုက်ရင် များသောအားဖြင့် လက်ခံကြတယ်။ ကိုယ်ကျင့်တရား အလွန်ကောင်းသူ ဖြစ်တယ်။ သူငယ်ချင်းတွေအကြား လက်ရှိနိုင်ငံရေးကို ဆွေးနွေးကြရင်း အဲဒီတုန်းက လုပ်ရှားခဲ့တဲ့ အရေးအခင်းတွေမှာ ပါဝင်ခဲ့တယ်။ အင်္ဂလိပ်လက်ထက်ကနေ ဒီနေ့အထိ အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ ကျောင်းသားခေါင်းဆောင် အများကြီးထဲမှာ ပထမဆုံး ကြိုးပေးခံရသူလည်း ဖြစ်တယ်။ အဲဒီခေတ်ကာလ ဗိုလ်ချုပ်နေဝင်းရဲ့ တစ်ပါတီအာဏာရှင်စံနစ်မှာ လူထုလှုပ်ရှားမှုကြီးကို အဓိက ပွဲကိုင်ဦးဆောင်ခဲ့သူဖြစ်တယ်လို့” ဆလိုင်းတင်မောင်ဦးနဲ့ ငယ်သူငယ်ချင်းလည်းဖြစ် လှုပ်ရှားမှုတွေမှာလည်း အတူတကွ ပါဝင်ခဲ့တဲ့ ဦးအောင်ထူးက သတိတရ ပြန်ပြောင်း ပြောခဲ့တယ်။

ဆလိုင်းတင်မောင်ဦးဟာ ချင်းလူမျိုးတွေအကြားမှာ ဒီထက် ပိုမိုစည်းလုံးညီညွတ်ဖို့အတွက် မျှော်လင့်ချက်များစွာနဲ့ အစီအစဉ်များစွာကို ရေးဆွဲခဲ့တယ်။ အထူးသဖြင့် ချင်းပြည်က ချင်းကျောင်းသားတွေနဲ့ မြေပြန့်က ချင်းကျောင်းသားတွေအကြား ရင်းနှီးမှုတွေရှိအောင် တစ်နှစ်တစ်ခါ အလှည့်ကျ လည်ဖို့တွေလည်း ပါဝင်ခဲ့တယ်။

“သူငယ်ချင်း ဆိုတာထက်ကို ပိုခဲ့ပါတယ်။ ၁၉၇၄ မတ်လမှာ ထောင်က လွတ်လာပြီး၊ ကျောင်းတွေ ပြန်ဖွင့်ပြီးတော့ ခစယ (ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ) ရွေးကောက်ပွဲရှိပါတယ်။ အဲ့

ဒီမှာ ဆလိုင်းတင်မောင်ဦးကို တက္ကသိုလ် အသိုင်းအဝန်းကြီးမှာတောင် ခေါင်းဆောင်နိုင်နေတာ ချင်းကျောင်းသား လှုပ်ရှားမှုမှာလည်း ပါဝင်ရမယ်ဆိုပြီး သူ့ကို ကျွန်တော် တိုက်တွန်းခဲ့ပါတယ်။ အစပိုင်းမှာတော့ သူသိပ်သဘောမတွေ့ပါဘူး။ တက္ကသိုလ်တစ်ခုလုံးမှာကို ခေါင်းဆောင်နေတဲ့ သူဖြစ်တော့ ချင်းတစ်ခုမှာ ပါရမှာကို သိပ်အဆင်မပြေလှဘူးလို့ထင်တာ ဖြစ်နိုင်ပါတယ်။ နောက်ပိုင်းမှာ လက်ခံတော့ ရွေးကောက်ပွဲအတွက်လည်း စည်းရုံးရေးကိစ္စတွေကို ကျွန်တော်လုပ်ပေးခဲ့တယ်။ အဲ့ဒီလိုနဲ့ အနိုင်ရရှိခဲ့ပြီး ခစယ အတွင်းရေးမှူးအနေနဲ့ ဦးဆောင်ခဲ့ပါတယ်။ သူအဖမ်းခံရချိန်တုန်းက ကျွန်တော် ဇာတိမြေ၊ ဖလမ်း ပြန်နေတုန်း အချိန်ဖြစ်တယ်။ ဖလမ်း မပြန်ခင် တစ်ပတ်အထိတော့ တွေ့ဖြစ်ခဲ့ပါသေးတယ်။ ကျွန်တော့်ဆီမှာ အကြာကြီး ပုန်းအောင်ခဲ့ဖူးသူဆိုတော့ ကျွန်တော့်အိမ်ကိုလည်း စစ်ထောက်လှမ်းရေးက လာရောက် မွှေနှောက်ရှာဖွေခဲ့တယ်။ ချင်းတစ်ယောက်အနေနဲ့ မားမားမတ်မတ်ရပ်တည်ပြီး မြန်မာပြည်တစ်ခုလုံး အတိုင်းအတာနဲ့ ဦးဆောင်သူ သူ့ကို ကျွန်တော် အရမ်းဂုဏ်ယူတယ်၊ လေးစားတယ်” ဟု ဆလိုင်းတင်မောင်ဦးနဲ့ အင်းစိန်ထောင်မှာ ဆုံတွေ့ကာ၊ ညီရင်းအစ်ကိုလို ဖြစ်ခဲ့သူ ခစယနဲ့ ချင်းကျောင်းသား လှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ခဲ့သူ ဒေါက်တာဇလျှေထန်းက ဆိုပါတယ်။

၁၉၇၆ မှိုင်းရာပြည့် လှုပ်ရှားမှုကို ဦးဆောင်ဖို့ သူပြန်အလာမှာ အဖမ်းခံခဲ့ရတယ်။ စစ်အစိုးရက မြန်မြန်ဆန်ဆန် သေဒဏ်ပေးခဲ့ကြတယ်။ ဒီတော့ ချင်းကျောင်းသားလောကမှာ မိမိတို့ရဲ့ သူရဲကောင်းတွေကို မမေ့မပျောက် ဂုဏ်ပြုနိုင်ခဲ့တယ်။ နိုင်ငံရေးတာဝန် ကျေခဲ့ကြပါတယ်။ သူအသက်စတေးခဲ့တဲ့အတွက် ချင်းလူငယ်တွေထဲမှာလည်း နိုင်ငံရေးနိုးကြားမှု တိုးပွားလာခဲ့တယ်။

“ဆလိုင်းတင်မောင်ဦး ကျဆုံးခဲ့တာဟာ သူ့ရဲ့ ရပ်တည်ယုံကြည်ချက် တခုတည်းအတွက် မဟုတ်ပဲ မြန်မာနိုင်ငံ တိုးတက်ကြီးပွားဖို့ရန်အတွက် စိတ်ဆန္ဒရှိသူ၊ ကြိုးစားသူ အားလုံးအတွက်လည်း ကျဆုံးသွားခဲ့ရခြင်းမျိုးပါ” ဟု ဒေါ်အောင်ဆန်းစုကြည် က အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းတစ်ခုတွင် ထည့်သွင်းပြောသွားခဲ့သည်။

“၁၉၇၄ ဒီဇင်ဘာ (၄) ရက် မှတ်မိသေးတာပေါ့။ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ ဆလိုင်းတင်မောင်ဦး နဲ့ ကျွန်တော် စတွေ့ ခဲ့တယ်။ နောက်နေ့ကျတော့ ကျိုက်ကဆံကွင်းရဲ့ အလယ်မှာ ဦးသန့်ရဲ့ အခေါင်းကို ထားထားတယ်။ အဲဒါကို ကြက်ခြေနီနဲ့ လမ်းစဉ်လူငယ်တွေက စောင့်ရှောက်နေတာပေါ့၊ ပြီးတော့ အစိုးရအလိုတော်ရိ ကျောင်းသားတွေက ကားပေါ်ကနေ မိုက်နဲ့ ဦးသန့် ရဲ့ ရုပ်အန

ကို အေးအေးဆေးဆေး ပို့ဆောင်ကြဖို့ တိုက်တွန်းနေတယ်။ အဲဒီအချိန်မှာ ဆလိုင်းတင်မောင်ဦး က ထပြီးတော့ စကားပြောတယ်။ သူထပြီးတော့ စကားပြောတာနဲ့ ကျွန်တော်တို့ ကျောင်းသား တွေ (အယောက် ၅၀ လောက်ရှိမယ် ထင်တယ်) သူ့ကို စက်ဝိုင်းပုံစံ ဝိုင်းထိုင်လိုက်ကြတယ်။ အဲဒီမှာ သူက ဘာပြောတာလဲဆိုတော့ ဦးသန့် ဆိုတာ ဗမာတစ်နိုင်ငံလုံးရဲ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ဖြစ်တယ်။ ဦးသန့် ကြောင့် ဗမာနိုင်ငံကို ကမ္ဘာက သိလာတယ်။ ဒီလို လေးစားထိုက်တဲ့ ဦးသန့် ရဲ့ ဈာပနအခမ်းအနားမှာ အစိုးရအဖွဲ့ရဲ့ တာဝန်ရှိသူတွေ ဘယ်သူမှ မလာတဲ့အပြင် မျက် နှာလွှဲ ခဲပစ်လုပ်တယ်။ ဦးသန့် လို ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ကို ဦးနေဝင်းရဲ့ မိန်းမ ဖာသည်မသာသာ ခင်မေသန်း မြှုပ်သလို ကြံတောသင်္ချိုင်းမှာ မြှုပ်တာကို လက်မခံနိုင်ဘူး'' ဆိုပြီး သူကပြောတော့ လူတွေက အားလုံး လက်ခုပ်တီးကြတာပေါ့။

ဒီလိုနဲ့ နောက်ဆုံးဘုန်းကြီးတွေ၊ လူတွေအားလုံး ကွင်းထဲမှာ အပြည့်ဖြစ်သွားပြီး သူ့အနားမှာ ဝိုင်းအုံလာတော့ သူက ခုနက ကားပေါ်ကနေ မိုက်နဲ့ ကျောင်းသားတွေ အေးအေးဆေးဆေး နေ ဖို့ အော်နေတဲ့ ကားကို လက်ညှိုးထိုးပြီး ဒီကားကို သိမ်းလိုက်ကြလို့ ပြောတာနဲ့ လူတွေက ကား ကို ဝိုင်းသိမ်းလိုက်ကြတယ်။ အဲ့ဒီ ကားပေါ်ကနေ မိုက်ခွက်ကိုကိုင်ပြီး ဦးသန့် ရုပ်ကလပ်ကို တက္ကသိုလ်ဂင်းထဲ ယူသွားမယ်'' ဆိုပြီး ကြေငြာလိုက်တော့ တညီတညွတ်တည်း အခေါင်းကြီး ကို သယ်သွားကြတယ်။''

"တကယ်တော့ ဆလိုင်းတင်မောင်ဦးက ကျွန်တော်တို့ရဲ့ စစ်မှန်တဲ့ ခေါင်းဆောင်ဖြစ်တယ်၊ သူ ဟာ ချင်းတိုင်းရင်းသားတခုအတွက်သာလျှင် မဟုတ်ပဲ ဗမာတစ်နိုင်ငံလုံးရဲ့ ကျောင်းသားများကို ကိုယ်စားပြုခဲ့သူ ဖြစ်တယ်။ ကျွန်တော်တို့ အားလုံးက သူ့ကို ကျွန်တော်တို့ရဲ့ ခေါင်းဆောင်အ ဖြစ် လေးစားပါတယ်" လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (AB SDF) မှာ ဥက္ကဋ္ဌအဖြစ် ပထမဆုံးတာဝန်ယူခဲ့သူ တစ်ဦးဖြစ်တဲ့ ဦးထွန်းအောင်ကျော် က အတိတ် ကို ပြန်ပြောင်း ပြောဆိုခဲ့ပါတယ်။

၁၉၇၆ ခုနှစ်၊ မတ်လ မှိုင်းရာပြည့်အရေးအခင်း မဖြစ်ခင် တစ်ရက်ခန့်အလိုမှာ စစ်အစိုးရက ဆလိုင်းတင်မောင်ဦးအား စာရွက်စာတမ်းများနဲ့ ဖမ်းဆီးမိခဲ့ပြီး ကြိုးတိုက်အတွင်း ထားရှိခဲ့တယ်။ ဖမ်းဆီးပြီး (၃) လအကြာ ဇွန်လ (၂၆) ရက်နေ့ နံနက် (၄) နာရီ အချိန်ခန့်မှာ ကြိုးပေးခဲ့သည်။

အခုဆိုရင် နေရာအနှံ့ လွှန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ အချိန်၊ ၁၉၇၆ ခုနှစ်၊ ဇွန် ၂၆ ရက်နေ့က ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးကို မဆလစစ်အစိုးရရဲ့ ကြိုးပေးခြင်း ခံရတဲ့အတွက် ကွယ်လွန်ခြင်းနဲ့ ဆလိုင်း-မိုင် လှုပ်ရှားမှု နှစ် ၄၀ ပြည့် အခမ်းအနားကို ရန်ကုန်၊ ကလေးနဲ့ ပြည်မြို့တို့မှာ ချင်းကျောင်းသားတွေက ဦးဆောင်ပြီး ဂုဏ်ယူစွာ ကျင်းပနေကြပြီ ဖြစ်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး ဦးတင်ဦး ပြောခဲ့သလို "သူဟာ အချည်းအနှီး သေဆုံးခဲ့တာ မဟုတ်ပါဘူး၊ နိုင်ငံအတွက်၊ လူမျိုးအတွက် အသက်ပေးခဲ့တဲ့ ကလေးတစ်ယောက် ဖြစ်တယ်ဆိုတာကို ကျွန်တော် လေးလေးနက်နက် မှတ်တမ်းတင် ဂုဏ်ပြုပါတယ်ဆိုတာကို ပြောချင်ပါတယ်' လို့ ဆိုပါတယ်။

၁၉၇၆ ခုနှစ်၊ ဇွန် ၂၆ ရက်နေ့မှာ စစ်အစိုးရရဲ့ ကြိုးပေးသတ်ဖြတ်ခြင်းခံရတဲ့ တက္ကသိုလ်ကျောင်းသား ဆလိုင်းတင်မောင်ဦး ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီလှုပ်ရှားတိုက်ပွဲဝင် တက္ကသိုလ်ကျောင်းသားများအနက် ဦးနေဝင်း အုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရက သေမိန့်ချ ကြိုးပေးခံရတဲ့ သမိုင်းဝင်ကျောင်းသားတစ်ဦး ဖြစ်ခဲ့သလို မြန်မာ့သမိုင်းမှာ ပထမဦးဆုံးနဲ့ တစ်ဦးတည်းသော တက္ကသိုလ်ကျောင်းသား ဒီမိုကရေစီလှုပ်ရှားသူ ကြိုးပေးခြင်းခံရသူလည်း ဖြစ်တယ်။ အခုဆိုရင် နှစ်ပေါင်း (၄၀) တင်းတင်း ပြည့်ခဲ့ပြီ။ ဘယ်သူတွေက ဘယ်လိုပဲ မေ့မေ့၊ ဖျောက်ဖျက် ပစ်ခဲ့ပေမဲ့လည်း သမိုင်းရဲ့ အမှန်တရားဟာ တစ်နေရာရာမှာတော့ "ဒီမိုကရေစီအရေးနဲ့ လူတိုင်းခံစားခွင့်အတွက် အသက်ပေးသွားခဲ့တဲ့ ဆလိုင်းတင်မောင်ဦးရဲ့ ရဲရင့်ပြတ်သားတဲ့ သတ္တိနဲ့ လုပ်ဆောင်ချက်တွေကို" နောင်မျိုးဆက်သစ် ချင်းကျောင်းသားလူငယ်များက ဆက်လက်ထိန်းသိမ်းရင်း သူနောက်ဆုံး ကြိုးစင်ပေါ်မှာ ပြောသွားတဲ့ ရဲရဲတောက် စကား ဖြစ်တဲ့ -

"You can kill my body but you can never kill my beliefs and what I stand for. I will never kneel down to your military boots." "မင်းတို့ ငါ့ခန္ဓာကိုယ်ကိုသာ သတ်လို့ ရမယ်။ ဒါပေမဲ့ ငါ့ရဲ့ ယုံကြည်ချက်နဲ့ ရပ်တည်ချက်ကို ဘယ်တော့မှ သတ်လို့ရမှာ မဟုတ်ဘူး။ မင်းတို့ စစ်ဖိနပ်အောက်မှာ ငါဘယ်တော့မှ ဒူးထောက်မှာ မဟုတ်ဘူး။" ဆိုတာနဲ့ပဲ ကျွန်တော်တို့ရဲ့ အာဇာနည်ခေါင်းဆောင်ကြီးကို အလေးပြုလိုက်ပါတယ်။

◆◆◆◆◆◆◆◆◆

# လေလွင့်သူ တစ်ယောက်၏ အိမ်ပြန်ချိန် ခရီး

**Lovely Nancy**

"ကျန်းမာရေး ဂရုစိုက်ပါ၊ အလုပ်ကြိုးစားပါ၊ ကျမ်းစာဖတ်ပါ၊ ဆုတောင်းပါ၊ နောက်ဆံမတင်းဘဲ လမ်းခရီးအဆုံးအထိ လျှောက်လှမ်းပါ ဘုရားသခင်က စောင့်ရှောက်မှာပါ၊"

ခြေသလုံး အိမ်တိုင် ဘဝကနေ မြန်မာပြည် အောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်းတွေမှာ လေလွင့်နေခဲ့တာ နှစ်အနည်းငယ် ရှိနေပါပြီ။ အထူးသဖြင့် အလွန်ခက်ခဲပြီး ဂေးလံခေါင်းပါးတဲ့ ချင်းပြည်နယ်ဆို တစ်နှစ်ကို အခေါက်ပေါင်းမနည်း ရောက်ခဲ့ပါတယ်။ တောင်ပေါ်လမ်းဆိုတော့လည်း နွေမှာ ဖုံတွေ ထူထပ်လွန်းတာမို့ လမ်းလေးသာ မြင်တွေ့နိုင်အောင် မျက်လုံးနေရာလေးကို ဖွင့်ဟထားတာကလွဲလို့ တစ်ကိုယ်လုံး အဝတ်တွေနဲ့ အကာအကွယ်လုပ်ရတယ်။ ဆောင်းရောက်ပြန်တော့လည်း မြူနှင်းတွေထူတော့ နေ့ခင်းမှာတောင် ကားမီးထိုးပြီး သွားနေရတယ်။ မိုးရာသီရောက်ပြန်တော့လည်း ကားလမ်းတွေ ပြိုပျက်လို့ ရွှံ့ဗွက်ကလည်း ဒူးခါးအထိမို့ ကိုယ်တိုင်လမ်းဖောက်ကာ လမ်းလုပ်သားလည်း လုပ်ရင်း ခရီးနှင်ရပါတယ်။ ဒီလို တောတန်းလမ်းခရီးဟာ ကိုယ်နဲ့ မစိမ်းတော့သလို အဆန်းလည်း မဟုတ်တော့ပါ။ ရာသီအလိုက် မရိုးနိုင်တဲ့ လမ်းမပေါ်ရောက်ရင်း မွေးရပ်မြေက မေမေ တစ်ယောက် တစ်နေ့ပြီးတစ်နေ့ အိုစာသွားသလို သတိရနေ့စွဲတွေကလည်း ရေတွက် မရအောင်ပါပဲ။

နေရာသစ်၊ ဒေသသစ်တစ်ခုရောက်တိုင်း စိတ်သစ်လူသစ် ပတ်ဝန်းကျင်သစ်နဲ့ ကျွန်မ ပြောင်းလဲစ ပြုလာတော့တာပဲ။ ဒါပေမဲ့ အမေ့ကို လွမ်းဆွတ်မှုက တောမီး မသတ်နိုင်ခဲ့ဘူး။ လူတိုင်း ကိုယ်စီ လက်ကိုင်ဖုန်း ကိုင်နိုင်တဲ့ ခေတ်ရောက်ပြီမို့ အမေ့ဆီ မကြာခဏ ဖုန်းပြောနိုင်ခဲ့တယ်။ ဖုန်းထဲက အေးချမ်းလှတဲ့ အမေ့ရဲ့ လေသံဟာ ဘဝရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့အတွက် အားဆေးတစ်ခွက် ဖြစ်ခဲ့တယ်။ လွန်ခဲ့တဲ့ ၇ နှစ်ကစပြီး ကျွန်မဘဝကို ရင်ဆိုင်ဖို့၊ တိုးတက်ရာ တိုး

တက်ကြောင်း လမ်းစတွေ ရှာဖွေရင်း မွေးရပ်မြေကနေ ခြေလှမ်း စခဲ့တယ်။ အဲဒီ အချိန်တုန်းက ကျွန်မ အသက် ၁၈ နှစ်၊ ဆယ်တန်းအောင်ခါစသာ ရှိနေသေးတယ်။ မောင်နှမ ၉ ယောက်ထဲမှာ အထွေးဆုံးဖြစ်တဲ့အပြင် အမေ့ရဲ့ အသည်းတစ်ခြမ်းလည်း ဖြစ်ခဲ့တယ်။ ဒါပေမဲ့ နွေးထွေးလှတဲ့ မေမေ့ရဲ့ ရင်ခွင်ကို ကျောခိုင်းပြီး ကားလေးတစ်စီးနဲ့ ရန်ကုန်မြို့ကြီးကို ခရီးနှင်ခဲ့တယ်။

အချိန်တွေ ကုန်လာသလို အမေ့ အသက်ဟာလည်း ပိုပြီး လျော့သွားသည် မရှိ၊ တစ်နှစ်ထက် တစ်နှစ် ပို၍သာ အိုစာလာခဲ့။ အမေနဲ့ ဖုန်းပြောမိတိုင်း “ကျန်းမာရေး ဂရုစိုက်ပါ၊ အလုပ် ကြိုးစားပါ၊ ကျမ်းစာဖတ်ပါ၊ ဆုတောင်းပါ၊ နောက်ဆံမတင်းဘဲ လမ်းခရီးအဆုံးအထိ လျှောက်လှမ်းပါ ဘုရားသခင်က စောင့်ရှောက်မှာပါ၊” ဒါဟာ မေမေ အမြဲ မှာနေ၊ ပြောနေကျ စကားလုံးတွေပါပဲ။ တခါတလေ ကလေးမြို့ကနေ ချင်းတောင်သွားရင် အမေ့အိမ်ကို ဝင်ခဲ့ဖို့ပြောရင် အမေ ကျွန်မကို လွမ်းနေပြီ၊ တွေ့ချင်လှနေပြီဆိုတာ အလိုလို သိနေတဲ့ကျွန်မ စိတ်မကောင်း ဖြစ်စမြဲပင်။

ကျွန်မ ခရီးတစ်ခု ထွက်ပြီဆိုရင် ခလုတ်တိုက်၊ ဆူးမနင်းမိအောင် အမေဟာ အစာရှောင် ဆုတောင်းပေးတတ်တာကလည်း ကျွန်မအတွက် လုံခြုံမှုတစ်ခုပေမို့ ကျွန်မ စိတ်ပေါ့ပါး လွတ်လပ်တယ်လို့ ခံစားရတယ်။ သမီးကို ဘေးမသီ ရန်မခအောင်၊ လမ်းခရီးဖြောင့်ဖြူးအောင် ဆုတောင်းပေးတတ်တယ်။ ဒါကို သမီးဖြစ်သူ ကျွန်မ နှစ်အတော်ကြာ မသိခဲ့ရပါ။ ကျွန်မနဲ့ ဖုန်းပြောတိုင်း “ သမီး ဆုတောင်းလား? ကျမ်းစာ ဖတ်လား? လို့ ထုံးစံအတိုင်း သတိပေး မေးတတ်တယ်။

စိတ်ထဲက အစီစဉ်တွေ ဖျက်ပြီး အမေ့ဆီ နှစ်ပတ်လောက်ပြန်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီကာလအတွင်း ဘာမှ မလုပ်၊ ဘာမှ တွေးမပူဘဲ အမေ့နားမှာ နေမယ်၊ မေမေနဲ့ အတူတူ ထမင်းချက်စားမယ်၊ အတူတူ ဘုရားကျောင်းသွားမယ်၊ အတူတူ ဈေးသွားမယ်၊ အမေကြိုက်တဲ့ ဟင်းလျာတွေချက်ပြီး အမေ့ကို ပြုစုမယ်လို့ စိတ်ကူးယဉ်ပြီး အစီစဉ်တွေ ဆွဲခဲ့တယ်။ ဒါပေမဲ့ ကျွန်မထက် ကောင်းတဲ့ အစီစဉ်တွေ မေမေ့မှာ ရှိနှင့်ပြီးသား။

ကျွန်မ ပြန်လာမယ့်အကြောင်း အမေ့ကို ဖုန်းဆက် အကြောင်းကြားပြီးတဲ့နောက် အမေက အစီစဉ်တွေ စတင်ပြီး ဆွဲလေတော့တယ်။ မှတ်စုစာအုပ်တစ်အုပ်နဲ့ ကျွန်မ ကြိုက်တဲ့ အစားစာတွေ၊ နှစ်အတန်ကြာ မစားဖြစ်ခဲ့တဲ့ တောဂက်သားကအစ အိပ်ယာခင်းတွေ အသစ်ခင်းလို့ ကျွန်မ ရောက်တုန်း အဆင်သင့် စီးဖို့ ဆိုင်ကယ်တွေ ပြုပြင်၊ ဆီဖြည့်၊ ပြင်ဆင်ပေးရင်း အမေတစ်ယောက် အလုပ်တွေ ရှုပ်ထွေးလှတယ်။ ဘယ်သူမှ တားမရ “ကျွန်မ သမီးအတွက် ကိုယ်တိုင်

လုပ်မယ်” ဆို၏။ ဒါတွေ ကျွန်မ နောက်မှ သိခဲ့ရတယ်။ လှုပ်လှုပ်ရှားရှားလုပ်ရင် မောတတ်တဲ့ အမေ၊ ကျွန်မ အိမ်ပြန်ဖို့အတွက် ပြင်ဆင်ရင်း မောဖို့တောင် သတိပေးရမယ့် အဖြစ်မျိုး၊ အမေနဲ့ တွေ့ရင် ပြေးပြီး ဖက်လိုက်မယ်လို့ ရင်ခုန်စွာနဲ့ တောတန်းကွေ့ကောက်၊ လှိုမြောင်ချိုင့်ဝှမ်း၊ ဖုံထူတဲ့လမ်းအား အန်တုရင်း ဟားခါး- ကလေးမြို့ ၁၀ နာရီ ခရီးကို အမေ့သမီး ကြည်နူးမိတယ်။

ဒီနှစ် ‘အမေများနေ့’ မေမေ့အနားမှာ မရှိနိုင်ခဲ့ဘူး၊ အမေကတော့ ရှိစေချင်လှပေ့ါ၊ ဒါပေမဲ့ အခြေအနေအရ လက်ဆောင်တွေဘဲ ကြိုတင် ပို့ဖြစ်ခဲ့တယ်။ အမေ့ရဲ့ အလေ့အထ တစ်ခုကတော့ ‘ကျေးဇူးတင်စကား’ ပြောတာ ဖြစ်တယ်။

ဌာနချုပ်အပြန်မှာ ကြေးနန်း ရိုက်ခဲ့သေးတယ်။

တကယ်တမ်း အမေနဲ့ တွေ့တဲ့အခါ အိမ်ဂင်းဂက ဆီးကြိုနေတဲ့ အမေ့မျက်လုံးအိမ်မှာ မိုးရေစက်တွေ လျှံနေတယ်။ တစ်ယောက်ကို တစ်ယောက် မျက်ရည်တွေ အပြန်အလှန်သုတ်ပေးရင်း “သမီးရယ် ပိန်လိုက်တာ၊ အစာ မစားနိုင်ဘူးလား? သင်တန်းတက်တာလည်း လနှင့်ချီ ကြာတယ်နော်၊ အသားတွေလည်း မဲလာတယ်။ သမီးပို့လိုက်တဲ့ Viber ထဲက ဓါတ်ပုံဆိုရင် အမေမို့ မှတ်မိနိုင်တယ်” စသဖြင့်… တဖွဖွ ပြောနေတော့တာပါပဲ။ အခြေခံစစ်သင်တန်း ကာလတစ်လျှောက် အတွေ့အကြုံတွေသာ ပြောရလို့ကတော့ အမေ သမီးကို ကြိုးနှင့်တုပ်ပြီး ပြန်လွှတ်တော့မှာ မဟုတ်ဘူးလို့ ထင်မိတယ်။

အမေ့ ဆံပင်တွေဟာ ပြာမှုန့်လို ဖြူစပြုလာတယ်။ လက်ချောင်းခြေချောင်း အရိုးတွေကို ကာကွယ်ထားတဲ့ အရည်ခွံတွေလည်း တွန့်စပြုလာတယ်။ ပြောပြီးသား စကားကိုလည်း ထပ်ခါထပ်ခါ ပြန်ပြောတယ်၊ အဲ့ဒီ လက္ခဏာတွေဟာ အမေ အသက်အိုလာပြီဆိုတာကို သတိပြုစရာ ဖြစ်လာတော့တယ်။ မျက်စိအားအင်တွေလည်း မှုန်ဝါးလာပြီး အခြေအနေဟာ အရင်လို မဟုတ်တော့ပါ။

နှစ်ပတ်ဆိုတဲ့ အချိန်ကလည်း အမေနဲ့တွေ့မှ နာရီမိနစ်တွေ လျင်မြန်လာသလိုပဲ ၁၄ ရက်တာ အချိန်ဟာ မျက်စိတမှိတ်လို ကုန်သွားရှာတယ်။ ကျွန်မရဲ့ ဒုတိယအိမ်ဖြစ်တဲ့ ရန်ကုန်အပြန်လမ်းမှာကား နလုံးသားကို ထုဆစ်ပြီး၊ အလွမ်းမျက်ရည်စတွေကို ထိန်းချုပ်ရင်း အမေအိုရဲ့ လေလွင့်သူ ခရီးသစ် စတင်ပါတော့တယ်။

◆◆◆◆◆◆◆◆◆

# ဒုတိယ အခွင့်အရေး သို့မဟုတ် (၁၀) နှစ်တာ အခွင့်အရေး

**Salai Ram Kulh Cung**

## နိုင်ငံရေး

ကျွန်တော်တို့ လိုချင်တာ များများစားစား မဟုတ်ပါဘူး။ ကိုယ့်သားသမီးတွေကို သူများကလေး တွေလို ကျန်းမာရေး စောင့်ရှောက်မှုတွေ ရစေချင်ပါတယ်။ ကာကွယ်ဆေးတွေ ထိုးနိုင်ဖို့၊ လို အပ်သလို ဆေးကုသမှု ခံယူနိုင်မှုတွေ ရရှိဖို့ပါပဲ။ ကိုယ့်သားသမီးတွေကို သူများကလေးတွေလို ပညာရေး ကောင်းကောင်းရစေချင်ပါတယ်။ ကိုယ်သားသမီးတွေကို သူများကလေးတွေလို လုံ လုံခြုံခြုံ ရှိစေချင်ပါတယ်၊ ပျော်ပျော်ရွှင်ရွှင် နေစေချင်ပါတယ်။ ကျွန်တော်တို့ လိုချင်တာ များများ စားစား မဟုတ်ပါဘူး။ ချင်းပြည်၊ ချင်းလူမျိုးကို ကိုယ်ဟာကိုယ် တာဝန်ယူချင်တာပါ။ ကိုယ့်သား သမီးတွေကို လွတ်လပ်တောက်ပတဲ့ အနာဂတ်တစ်ခုကို ဖန်တီးပေးချင်ရုံလေးပါ။

## အမျိုးသားရေးနိုးကြားမှု (ဆွေမျိုးစု၊ မျိုးနွယ်စုများအရေးတို့၏ တစ်ဖက်အလွန်)

ချင်းတွေ အုပ်စုကွဲတာ မဆန်းပါဘူး။ ဒီလိုပဲ နေလာခဲ့ကြတာ ကြာလှပြီရော။ ခေတ်အပြောင်း အလဲနဲ့အတူ ခုလို စုပြီး နေလာကြတာ ကြာမှ မကြာသေးဘဲကို။ လင်နဲ့ မယားတောင် လေး၊ ငါး နှစ်ပေါင်းမှ တစ်ဦးနဲ့ တစ်ဦး နားလည်လာကြတာ။ လူမျိုးတစ်မျိုးဆိုတော့ နှစ် လေး၊ ငါးဆယ် တော့ ကြာမှာပေါ့။ ဒါပေမဲ့ သိပ်ကြာလည်း မကောင်းဘူး။ လူမျိုးတစ်မျိုး အုပ်စုအမျိုးမျိုး ကွဲနေ

ရင်တော့ ကျားဆွဲစားလို့ ပျောက်လိမ့်မယ်။ ဒီထက် အချိန် သိပ်မလင့်သင့်တော့ဘူး။ မျိုးနွယ်စုတွေ၊ ဆွေမျိုးစုတွေရဲ့တစ်ဖက်ကို ခရီးနှင်သင့်ပြီ။ ချင်းတစ်မျိုးလုံးရဲ့ အားကို စုစည်းရင်တောင်မှ ဒီရန်ကို ခုခံဖို့က လွယ်တာမဟုတ်ဘူး။

## တည်ထောင်သူ စိတ်ဓာတ်

တကယ်တော့ တို့တတွေက ပြည်ထောင်စုကြီးကို တည်ထောင်သူတွေပါ။ ဆိုရရင်သခင်မျိုးတွေပါ။ ခုတော့ တစ်ပါးအမျိုးသားတွေကို သခင်လို့ထင်၊ ကိုယ့်ကိုယ်ကို ကျွန်လို့မြင် - ခက်တော့ခက်နေပြီ။ သမိုင်းစာအုပ်ကိုလည်း လှန်ကြည့်ပါဦး။ ဒီလူတွေ အရှုပ်လုပ်နေတာ နှစ် (၇၀) မရှိသေးပါဘူး။ ဘာကြောင့်များ စိတ်ဓာတ်တွေ ပျက်ပြားကုန်ရတာလဲ။ ဒီစိတ်ဓာတ်တွေနဲ့တော့ ရေတိမ်မှာ နစ်ရချည်ရဲ့။

## ခေါင်းဆောင်မှု ပြဿနာ (ချင်းအမျိုးသားတပ်ဦး)

ချင်းတွေ လိုအပ်နေတာ အားကောင်းတဲ့ ခေါင်းဆောင်မှုပါ။ ချင်းအမျိုးသားတပ်ဦးက ချင်းပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့နဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးလုပ်တယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးတယ်။ ချင်းအရေးနဲ့ပတ်သက်ရင် ချင်းအမျိုးသားတပ်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစီးဆောင်ရွက်နေတယ်။ ချင်းတစ်မျိုးသားလုံးက ကျားကန် ပံ့ပိုးပေးမယ်ဆိုရင် ခေါင်းဆောင်မှုအား ကောင်းလာပါလိမ့်မယ်။

## အကြီးအသေး၊ အနည်းအများ ကိစ္စ (ကိုယ့်အထွာနှင့်ကိုယ်)

ကိုယ့်ကိုယ်ကို တန်ဖိုးထားကြပါဦး။ တို့ပြည်က သေးတယ်လို့ ဘယ်သူပြောလဲ။ ကုလသမဂ္ဂနိုင်ငံတွေထဲမှာ တို့ပြည်ထက် သေးတဲ့ ပြည်တွေ မမြင်ဘူးလား။ တို့လူမျိုး နည်းတယ်လို့ ဘယ်သူပြောလဲ တို့လူမျိုးထက် နည်းတဲ့ လူမျိုးတွေအကြောင်း မကြားမိကြဘူးလား။ တိုင်းပြည်ကြီးတာကို အားကျရင် ရုရှားလက်အောက်ခံကြတာပေါ့။ လူမျိုးကြီးတာကို အားကျရင် တရုတ်လက်

အောက်ခံကြတာပေါ့။ အင်အားကြီးတာကို အားကျရင် အမေရိကန်လက်အောက် ခံကြတာပေါ့။

## မြို့ကြီးများ တည်ဆောက်ခြင်း

ချင်းတွေရဲ့အားကို စုစည်းဖို့ မြို့ကြီးတွေ တည်ဆောက်ကြရမယ်။ ကျေးရွာတွေမှာ ပြန့်ကျဲနေတဲ့ အားတွေကို စုစည်းဖို့ မြို့ကြီးတွေ တည်ဆောက်ကြရမယ်။ အနောက် ချင်းပြည်မှာတော့ မြို့ကြီး တွေကို အခိုင်အမာတည်ဆောက်ပြီး အမျိုးသားလုံခြုံရေးနဲ့ အမျိုးသားတိုးတက်ရေးကို အရှိန်အ ဟုန်နဲ့ ဆောင်ရွက်နေပါတယ်။ ဒီလိုပါပဲ... အရှေ့ ချင်းပြည်မှာလည်း မြို့ပြတွေကို ခိုင်မာအောင် တည်ဆောက်နိုင်ပါမှ ချင်းတွေအရေး စိတ်အေးရမယ်။

## နည်းပညာနှင့် ထိုးဖောက်ခြင်း

အသိပညာခေတ်မှာ ချင်းပြည်နဲ့ ချင်းလူမှုအသိုက်အဝန်းကို အသိပညာနဲ့ တည်ဆောက်ရမယ်။ သဘာဝအရင်းအမြစ်ထက် လူသားအရင်းအမြစ်ကို ရှာဖွေ တူးဖော်ရမယ်၊ ပြုစုပျိုးထောင်ပေးရ မယ်။ ဒါဟာ ချင်းတို့ရဲ့ ထွက်ပေါက် ဖြစ်ပါလိမ့်မယ်။ လူဦးရေ နည်းပါးခြင်းသည်ပင် အားသာ ချက် ဖြစ်နိုင်ပါတယ်။ အင်တိုက်အားတိုက်နဲ့ တွန်းပေးလိုက်လျှင် ခိုင်မာကျစ်လစ် အားကောင်း တဲ့ လူ့အသိုက်အဝန်းတစ်ခုကို အချိန်တိုအတွင်း ဖန်တီးနိုင်ပါလိမ့်မယ်။

## ဒုတိယ အခွင့်အရေး

နှစ်ပေါင်း (၇၀) ကြာမှ တစ်ကျော့ပြန်လာတဲ့ (ဒုတိယ) အခွင့်အရေးပါ။ ၁၉၄၇ ပင်လုံဟာ သမိုင်း မှာ ကမ္ဗည်းတင်ခဲ့ပါပြီ။ (၂၁) ရာစု ပင်လုံကို ဘယ်လိုပုံဖော်ကြမလဲ။ အတိတ်တွေကို သမိုင်းသင် ခန်းစာအဖြစ် မှတ်ယူလိုက်ကြရအောင်။ အနာဂတ်ကတော့ သင့်လက်ထဲမှာ ရှိတယ်။ ဒီသမိုင်း အလှည့်အပြောင်းက ချင်းပြည်နဲ့ ချင်းလူမျိုးကို အထွတ်အထိပ်ကို ပို့ပေးနိုင်သလို ချောက်ထဲကို လည်း တွန်းချနိုင်ပါတယ်။ မသိ နားမလည်လို့ပါ ဆိုတဲ့ ခေတ်က ကုန်လွန်သွားပြီ။

**ကျရာကဏ္ဍ**

တတိယနိုင်ငံမှာ ချင်းတွေ ခုနှစ်သောင်းကျော် ရှိပါတယ်။ တကယ်လို့များ ချင်းအသင်းတော်တွေက တစ်နှစ်မှာ သူတို့ဘတ်ဂျက်ရဲ့ တစ်ရာခိုင်နှုန်းကို ပေးလှူကြမယ်ဆိုရင်၊ တကယ်လို့များ ချင်းတွေအားလုံး Chinland Club ထဲဝင်ပြီး တစ်နှစ်မှာ $ ၁၅၀ ပေးကြမယ်ဆိုရင်၊ တကယ်လို့များ အမျိုးသမီး အဖွဲ့အစည်းတွေ၊ လူငယ် အဖွဲ့အစည်းတွေက နှစ်စဉ် အလှူထည့်ဝင်ကြမယ်ဆိုရင်၊ တကယ်လို့များ ချင်းစီးပွားရေး လုပ်ငန်းရှင်တွေ၊ ဝင်ငွေ မြင့်မားသူတွေက နှစ်စဉ် အလှူကြီး ထည့်ဝင်ကြမယ်ဆိုရင်၊ တကယ်လို့များ ပြည်တွင်းက ချင်းတွေလည်း ပြည်ပချင်းတွေနဲ့ အပြိုင် တတ်နိုင်သလောက် အားပြု ထည့်ဝင်ကြမယ်ဆိုရင်၊ တကယ်လို့များ ချင်းပညာတတ်တွေက ကိုယ်တိုင် ပါဝင်လုပ်ဆောင်ကြမယ်ဆိုရင်၊ တကယ်လို့များ ချင်းအမျိုးသားရေး အခြေအနေကို ရှုမြင်နားလည်ပြီး အမျိုးသားရေးနိုးကြားမှု အထွတ်အထိပ်ကို ရောက်ခဲ့မယ်ဆိုရင် ချင်းပြည်နဲ့ ချင်းလူမျိုးကို ဘယ်သူ တားဆီးနိုင်မှာလဲ။

**(၁၀) နှစ်တာ အခွင့်အရေး**

ဒီကြားကာလမှာ ချင်းအမျိုးသားရေး အခြေခံအုတ်မြစ်ချဖို့ (၁၀) နှစ်ပဲ အချိန်ရပါတယ်။ နောင်မှ နောင်တ မရစေချင်ဘူး။ ဒီ (၁၀) နှစ် အတွင်းမှာ သင်လုပ်ဆောင်တဲ့ အရာက ချင်းတစ်မျိုးသားလုံးရဲ့ အနာဂတ်ကို ပုံဖော် သွားပါလိမ့်မယ်။ တတိယအခွင့်အရေးဆိုတာကို မမျှော်လင့်ပါနဲ့။ (၂၁) ရာစု ကျော်လွန်သွားတဲ့အခါမှာ အရာအားလုံး ပြီးဆုံးသွား ပြီဆိုတာကို သဘောပေါက်စေချင်ပါတယ်။

◆◆◆◆◆◆◆◆◆

# ဆလိုင်း မိုင် လှုပ်ရှားမှု အနှစ် (၄၀) ခရီး

**(၁) အသက်စတေးခြင်းနဲ့ မွေးဖွားခြင်းတို့၏ အစ**

သမိုင်း လှိုင်းဂယက်ကလေးတခု

ချင်းလူငယ်ထုရဲ့ နှလုံးသားထဲ
ရိုက်ခတ်သွားတဲ့
၁၉၇၆ ခုနှစ်၊ ဂျွန် (၂၆) ရက်နေ့

အင်းစိန်ထောင်ထဲ သူရဲကောင်းတစ်ဦး
အသက်စတေးလိုက်တဲ့
ဒီတဒင်္ဂအခိုက်အတန့်လေးက
ကမ္ဘာတည်မယ့်

ဆလိုင်းမိုင် စိတ်ဓါတ် ဆိုတဲ့ နိုးထမှုတခုကို
မွေးဖွား သန့်စင်ပေးလိုက်တာဖြစ်တယ်။

အမှောင်ထုကို အလင်းမခွဲနိုင်ခင် မနက် (၄) နာရီ
အင်းစိန်ထောင် အထူးတိုက် အမှတ် (၁) အခန်း (၁) ထဲက
အာဏာရှင်က တိတ်တဆိတ်ခေါ်ထုတ်
သူ့အသက်ကို နှုတ်လိုက်တယ်။

စစ်အုပ်ချုပ်ရေးကို တိုက်ထုတ်ဖို့
သူ အသက်ပေးလိုက်ပြီလို့

ကြားလိုက်ရတဲ့ အခိုက်အတန့်

ငါတို့ရဲ့ အသဲနှလုံးက "ဆစ်" ခနဲ နာတယ်
ဒီခံစားချက်က ငါတို့အတွက် တိုက်ပွဲခေါ်သံ
ဒီခံစားချက်က ငါတို့အတွက် အောင်အတိတ်
ဒီခံစားချက်က ငါတို့အတွက် အောင်နိမိတ်။

ငါတို့ နှလုံးသားထဲက ဆလိုင်းတင်မောင်ဦး
ဘယ်တော့မှ မကျဆုံးဘူး
ဘယ်တော့မှ မဆုံးရှုံးဘူး
ဘယ်တော့မှ မသေဘူး။

ဒီနေ့ဆိုရင် အနှစ် (၄၀) တိုင်
သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ကြပြီ။

Posted on Facebook 21 April, 2015

## (၂) ဆလိုင်း မိုင် သမိုင်း ရှေ့ပြေး

၁၉၆၉ ခုနှစ် ရန်ကုန်မှာ ကျင်းပတဲ့ (၅) ကြိမ်မြောက် ကျွန်းဆွယ် အားကစားပွဲမှာ Hrang Kham, Dawla, Nini တို့က လက်ဝှေ့ပွဲတွေမှာ ဗိုလ်စွဲခဲ့လို့ တနိုင်ငံလုံး ဂုဏ်ယူလို့မဆုံး၊ ဟိုး လေးတကျော် ဖြစ်လာချိန်မှာပဲ၊ ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုန်ထဲမှာ အတွေးမြင်လေးတခု လူငယ်မျိုးဆက်သစ်တွေရဲ့ နှလုံးသားထဲမှာ စတင်လှုပ်ရှားခဲ့တယ်။

တိုင်းပြည်ရဲ့လက်ဝှေ့ သူရဲကောင်း (၃) ဦးစလုံးဟာ ချင်းအမျိုးသားတွေ ဖြစ်တယ်ဆိုတာကို တနိုင်ငံလုံးက သိပါစ? ငါတို့ ချင်းတွေအားလုံးလည်း ရှမ်းနာမည်ရှေ့မှာ "စိုင်း" တို့ "နန်း" တို့ တပ်သလို ကရင်က "စော" တို့ "နော်" တို့ တပ်သလို အားလုံးသုံးတဲ့ အမျိုးသားသင်္ကေတတစ်ခု ရှိကြရင်ကောင်းမှာပဲ ဆိုတဲ့ အတွေး၊ ဆန္ဒ လှိုင်းလေးတခုပေါ့။ ဒါကတော့ ဆလိုင်း မိုင်လှုပ်ရှား

မှုကို သန္ဓေတည်ဖို့ ဖြစ်လာတဲ့ လိုင်းလုံးလေးရဲ့ အစသာ ဖြစ်တယ်၊ လှုပ်ရှားမှုအသွင်နဲ့ တကယ်တမ်း သန္ဓေတည်သေးတာတော့ မဟုတ်သေးဘူး၊ ဆလိုင်း မိုင် ဆိုတာကိုတောင် ဘယ်သူမှ မစဉ်းစားမိကြသေးဘူး၊ ဆလိုင်း မိုင် ရဲ့ ရှေ့ပြေး သမိုင်းလေးတစ်ခု။

Posted on Facebook 29 April, 2015

## (၃) ခေတ်သစ် ဆလိုင်း မိုင်မျိုးစေ့

၁၉၆၂ နှစ်ကစပြီး ပြည်သူရဲ့လက်ထဲကနေ အာဏာကို မတရားလုယူသိမ်းပိုက်ခဲ့တဲ့ အာဏာရှင် ဗိုလ်နေဝင်း စစ်အစိုးရက ၁၉၆၈ ကျတော့ သူဖမ်းထားတဲ့ ဝန်ကြီးချုပ်ဦးနု ကအစ နိုင်ငံရေးသမားတွေ လွှတ်တော်ကိုယ်စားလှယ်တွေကို ထောင်ကလွှတ်ပြီး အခြေခံဥပဒေရေးဆွဲရေးဆိုတဲ့ လေသံတချက် လွှင့်ခဲ့တယ်။

ပင်လုံစာချုပ်အရ ဖြစ်လာတဲ့ အခြေခံဥပဒေဟောင်းကို ပယ်ပြီး ဥပဒေမဲ့ အုပ်ချုပ်ရမ်းကားခဲ့ရာကနေ လူယဉ်ကျေးတို့လို တိုင်းပြည်ကို ပြည်သူက အုပ်ချုပ်ခွင့် ရတော့မယောင် လေသံပစ်လိုက်တယ်။

တက္ကသိုလ်က ချင်းကျောင်းသားတွေကလည်း ဒါကိုအခွင့်ကောင်းယူပြီး ချင်းလူငယ်များအကြံပေး တင်ပြချက်ဆိုတဲ့ စာတမ်းကို တင်သွင်းခဲ့တယ်...

ဒီမိုကရေစီစံနစ်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ရေး၊ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်အဖြစ် သတ်မှတ်ပေးရေး စတာတွေကို သမိုင်းကြောင်းနဲ့ ချိပြီး တင်ပြတောင်းဆိုခဲ့ကြတယ်။

ချင်းကျောင်းသား ခေါင်းဆောင်တွေကတော့ ဒီတောင်းဆိုချက်တွေကို မရတဲ့အပြင် ထောင်ပါ အချခံကြရမယ်ဆိုတာ ကြိုတင်တွက်စကြပြီး ဖြစ်တယ်။ ရတာမရတာထက် တိုင်းပြည်အတွက်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုးအတွက် ကိုယ်ဘယ်လိုစံနစ်မျိုး လိုချင်တယ်ဆိုတာကို ရဲရဲဝံ့ဝံ့ တောင်းဆိုဖို့က အဓိက၊ ထောင်ချလည်းခံ၊ သတ်လည်း သေဖို့ အသင့်ပြင်ထားလိုက်ကြတယ်။

တို့တတွေကို စတေးပစ်ရင်လည်း ဒီစာတမ်းငယ်လေးက နောင်လာနောက်သား ချင်းလူငယ် မျိုးဆက်သစ်တွေအတွက် တိုက်ပွဲခေါ်သံအဖြစ် သမိုင်းအမွေတခုတော့ ကျန်ရစ်ခဲ့မယ်ဆိုတဲ့ နိုင်ငံရေးအသိ၊ အမျိုးသားရေး သတိရှိရှိနဲ့ ချင်းလူငယ်တို့ရဲ့ ဖက်ဒရယ်လှုပ်ရှားမှုကို စတင်ခဲ့ကြ တယ်။

ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုန်ထဲကနေ စတင်လှုပ်ခတ်ခဲ့တဲ့ အဲဒီဖက်ဒရယ်လှုပ်ရှားမှုဟာ ချင်းပြည်အနှံ့ ရိုက်ခတ်ခဲ့တယ်။

ခေါင်းဆောင်တွေ ကြိုတင် ထင်ထားတွက်ထားတဲ့ အတိုင်းပါပဲ ဗိုလ်နေဝင်း စစ်အစိုးရက ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ကစပြီး ဒီဇင်ဘာလအထိ ချင်းလူငယ်များ အကြံပေးတင်ပြချက်ကို လက်မှတ်ရေးထိုးခဲ့သူတွေနဲ့ ဖက်ဒရယ်စာတမ်းများကို တင်သွင်းခဲ့ကြတဲ့ ချင်းခေါင်းဆောင်တွေ၊ မဆလ ပါတီဝင်တွေ၊ စစ်ဖက်၊ နယ်ဖက်က ချင်းဝန်ထမ်းတွေ အပါအဝင် ချင်းကျောင်းသား ခေါင်းဆောင်တွေ စုစုပေါင်း (၆၀) ကျော်ကို စတင်ပြီး ဖမ်းလိုက်ကြတယ်။ တပြည်လုံးအတိုင်းအ တာ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေး စာတမ်း တင်သွင်းသူတွေကို ဖမ်းခဲ့တာ ၁၅၀၀ ဦး လောက်ရှိတယ်လို့ ခန့်မှန်းကြတယ်။

အခြေခံဥပဒေရေးရာ တပြည်လုံးအတိုင်းအတာ စာတမ်းပေါင်း ၁၁၁ စောင်အနက် ချင်းပြည် နယ်ရရှိရေး၊ ဖက်ဒရယ်နိုင်ငံထူထောင်ရေး စာတမ်းပေါင်း ၇၅ စောင်ကိုလည်း ချင်းပြည်သူတွေ က ဗိုလ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီ အစိုးရထံ တင်သွင်းခဲ့တယ်။ (<u>မှတ်ချက်။ ချင်းဝိသေသ တိုင်း တခုတည်းကနေ တင်သွင်းခဲ့တဲ့ စာတမ်းပေါင်း ၁၅၀ ရှိပေမဲ့ ၇၅ စောင်ကိုတော့ မဆလ အစိုးရက အခြေခံဥပဒေနဲ့ အကျုံးမဝင်ဘူးလို့ ယူဆခဲ့တယ်။</u>) ဘာပဲဖြစ်ဖြစ် ရန်ကုန်တက္ကသိုလ် ချင်းကျောင်းသားတွေ စတင်ခဲ့တဲ့ ချင်း ဖက်ဒရယ်လှုပ်ရှားမှုရဲ့ ရိုက်ခတ်မှု၊ သက်ရောက်မှု အ တိုင်းအတာဟာ အလွန်ကြီးမားခဲ့တယ် ဆိုတာကို သမိုင်းက မှတ်တမ်းတင်ခဲ့ပါတယ်။

၁၉၇၃ ခုနှစ် တခုလုံးမှာ ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးချုပ်နှောင်ထားပြီး မဆလ ရဲ့ ဆို ရှယ်လစ် အခြေခံဥပဒေကို တက်သုတ်ရိုက် အပြီးရေးဆွဲလိုက်ကြတယ်။ ၁၉၇၄ ခုနှစ်၊ ဇန္နဝါရီလ (၄) ရက်နေ့မှာတော့ ပြည်သူ ၉၀% ကျော်က "ထောက်ခံတယ်" ဆိုပြီး သူတို့ရဲ့ မဆလ အခြေခံ ဥပဒေကို အတင်းအဓမ္မ အတည်ပြုလိုက်ကြပါတော့တယ်။

၁၉၇၃ ခုနှစ် တနှစ်လုံးဟာ ချင်းခေါင်းဆောင်တွေ မြန်မာပြည်အနှံ့ ထောင်တွေတန်းတွေမှာ အချုပ်ခံနေကြရတာမို့ ချင်းပြည်သူတွေကြားမှာ မကျေနပ်မှုတွေ အမျိုးသားရေး နိုးကြားမှုတွေ တအုံနွေးနွေး ဖြစ်နေချိန်မှာပဲ ရန်ကုန်တက္ကသိုလ် ချင်းစာပေနှင့် ယဉ်ကျေးမှု ကော်မီတီ အစည်းအဝေးတခုက ချင်းအမျိုးသားအားလုံးအတွက် ယောကျ်ား အမည်ရှေ့မှာ "ဆလိုင်း" မိန်းကလေး အမည်ရှေ့မှာ "မိုင်" တပ်ဆင်သင့်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ချက် ချနိုင်ခဲ့ကြတယ်။

သမိုင်းကြောင်းရဲ့ ရေခံမြေခံ အကောင်းဆုံးကာလ ချင်းအမျိုးသားရေး ရေချိန် အထွတ်အထိပ်ကို ရောက်နေတဲ့ ၁၉၇၃ ခုနှစ်မှာ အခုလို ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုန်ကနေ ခစယ က တညီတညွတ်တည်း ဆုံးဖြတ်နိုင်ခဲ့တာကို ခေတ်သစ် ချင်းအမျိုးသားသမိုင်းမှာ တိုက်ဆိုင်မှု သက်သက်တခုတော့ မဖြစ်တန်ဘူးလို့ နောင်းခေတ် သမိုင်းသုတေသီတွေအနေနဲ့ မှတ်ချက်ချကြပါလိမ့်မယ်။

Posted on Facebook 21 May, 2015

**Chin Federal Movement of the 1970s could be read under the title:**

Suppression of Chin national movement for federalism under Revolutionary Council and the Burma Socialist Program Party (1962-1988) – By Pu Lian Uk (MP Elect).

at http://www.chinforum.info/special-feature/

## (၄) ခေတ်သစ် ဆလိုင်း မိုင် လှုပ်ရှားမှု စတင်ခြင်း

"၁၉၇၃ ခုနှစ် ခစယ အစည်းအဝေးတခုလို့ပဲ ဆိုကြပါစို့ ….

နေ့၊ ရက်၊ လ အတိအကျတော့ မမှတ်မိတော့ဘူး" ဟု အစချီပြီး အဲဒီကာလတုန်းက ရန်ကုန် သိပ္ပံနှင့် ဝိဇ္ဇာတက္ကသိုလ်မှာ ရူပဗေဒ အဓိကဘာသာ သင်ယူနေတဲ့ စီးယင်း ချင်းကျောင်းသား

တစ်ဦး ဖြစ်သူ Salai Cin Za Pau က စာရေးသူကို ၂၀၁၄ ခုနှစ် ရန်ကုန်မှာ ဆုံတွေ့တုန်း ပြောပြခဲ့တာကတော့ …….

"တစ်ခုသော ၁၉၇၃ ခုနှစ် ခစယ အစည်းအဝေး ……

ခေါင်းစဉ်ကတော့ ချင်းဘုံဘာသာစကား ပေါ်ပေါက်လာဖို့ ကြိုးစားတဲ့အနေနဲ့ ချင်းဘာသာစကားတွေထဲကနေ တူညီတဲ့ စကားလုံးတွေကို ရွေးချယ်ပြီး Blackboard ပေါ်မှာ စာရင်းပြုစုရင်း ချရေးကြတယ်။

မှတ်မိသလောက်တော့ ရန်ကုန်မြို့ထဲက ကျောင်းသားမဟုတ်သူတွေပါ ပါဝင် တက်ရောက်ကြတယ်။

အဲဒီလို တူညီတဲ့ ဘုံစကားလုံးတွေကို ချရေးပြီး အတူတကွ ဝိုင်းဝန်းပြုစုနေကြတဲ့ အချိန်မှာပဲ ဦး/ ဒေါ် Mr./ Miss နေရာမှာ ဘာကို ဘုံအဖြစ်သုံးကြမလဲ ဆိုတဲ့အပိုင်း ရောက်လာတယ်။ ဒီကိစ္စ စဆွေးနွေးဖြစ်သွားတော့ မြိုင်လာပြီး  အစက Common Language ဆိုတဲ့ ခေါင်းစဉ်ကနေ Topic က နည်းနည်း ပြောင်းသွားတယ်။

ရန်ကုန် စီးပွားရေးတက္ကသိုလ်တက်နေတဲ့ ဖလမ်း ကျောင်းသားတစ်ဦးဖြစ်သူ Thawng Luai Mang က Lia & Taang ကို ဘုံသုံးအဖြစ် သုံးသင့်ကြောင်း အဆိုတင်သွင်းခဲ့တယ်။ စီးယင်းကျောင်းသားတွေက ၁၉၆၄ ခုနှစ်မှာ ထုတ်တဲ့ Nikonghong Magazine မှ စတင် အသုံးပြုခဲ့ရာကနေ အခုအချိန်မှာ တီးတိန်နယ် တစ်ခုလုံးကလည်း လိုက်သုံးနေကြပြီးဖြစ်ကြောင်း တင်ပြခဲ့တယ်။ ဖလမ်းနယ်လည်း အဲဒီအချိန်မှာ Leng & Val ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီဖြစ်တယ်။

ဟားခါး ဖက်မှာလည်း Nu & Pa ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီ ဖြစ်တဲ့အပြင် Nu & Pa ဆိုတဲ့ ဝေါဟာရက ချင်းအားလုံးလိုလိုမှာ တူညီနေတာဖြစ်ကြောင်း၊ ချင်း အမည်တွေရှေ့မှာ Nu & Pa ကို ဘုံသုံးအဖြစ် သတ်မှတ်နိုင်ရင် သင့်တော်ကြောင်း စသည်ဖြင့် အသီးသီး အယူအဆကိုယ်စီ တင်ပြဆွေးနွေးကြတယ်။  အဲဒီ အချိန်မှာ ကျွန်တော် တင်ပြတာကတော့ ကျွန်တော်တို့ တောင်ပေါ် ချင်းတွေအနေနဲ့ အမည်ရှေ့မှာ ကျား/မ ခွဲ ခြားပေးတဲ့ သင်္ကေတ prefix တွေ စသုံးကြတာ မနေ့တနေ့ကမှ စတင်ခဲ့တာ ဖြစ်ပေမဲ့ ချင်းအမှတ်သင်္ကေတအဖြစ် လူသိများပြီးသား

ကတော့ မြေပြန့် ချင်းညီအစ်ကိုတွေ အသုံးပြုပြီးသား ဆလိုင်း နဲ့ မိုင်ဆိုတာ ရှိပြီးသားပါ။ တပြည်လုံးအတိုင်းအတာလည်း လူသိများပြီးသား၊ နောက်ပြီး အခုအချိန်မှာကို တက္ကသိုလ်တွေမှာ ပါမောက္ခတွေ လုပ်နေကြတဲ့ ဒေါက်တာဆလိုင်းထွန်းသန်း၊ ဒေါက်တာမိုင်စောခင် တို့လည်း ရှိနေတယ်။ ဒါကိုပဲ ဝိုင်းပြီး လိုက်သုံးလိုက်ရင် ပြီးတာပဲလို့ တင်ပြဆွေးနွေးတဲ့အခါမှာ အများစုက လက်ခံပြီး အဲဒီမှာတင် သူတို့ စာအုပ်တွေပေါ်မှာ ဆလိုင်းတွေ ဘာတွေ တခါတည်းတပ်ပြီး ရေးထိုးကြတဲ့ သူတွေတောင် ရှိတယ်။"

Salai Cin Za Pau ပြောပြခဲ့တာကတော့ ဒီလောက်ပါပဲ။ ဒီပြောပြချက်အပေါ်မှာ ရောင်ပြန်ဟပ်ကြည့်တော့ တောင်ပေါ်ချင်းတွေက မိမိတို့ ဒေသအလိုက် ကွဲပြားခြားနားတဲ့ အမည်ရှေ့ အမျိုးသားအမှတ်သင်္ကေတတွေ စတင်သုံးနေကြပြီ ဖြစ်ပေမဲ့၊ မိမိတို့အသီးသီး ခင်တွယ်တဲ့ ကြိုက်နှစ်သက်တဲ့ အမှတ်သင်္ကေတတွေကို အသီးသီး စွန့်လွှတ်ကြပြီး မြေပြန့် ညီအစ်ကိုတွေက ကြာမြင့်စွာက စတင်သုံးခဲ့ပြီး၊ တပြည်လုံး အတိုင်းအတာလည်း လူသိများပြီးသားဖြစ်တဲ့ ဆလိုင်း နဲ့ မိုင် ဆိုတာကို သုံးကြဖို့ ဆုံးဖြတ်ချက် ချနိုင်ခဲ့ကြတာဟာလည်း စွန့်လွှတ်မှု၊ ပေးဆပ်မှု တမျိုးပေပဲ….လို့ သုံးသပ်မိပါတယ်။

တနည်းအားဖြင့် ဒီလို ပေးဆပ်မှုမျိုးဟာ ချင်းအမျိုးသားထုရဲ့ အတွင်းအဇ္ဈတ္တသန္တာန်ထဲမှာ နှစ်ရှည်လများ ကိန်းအောင်းနေခဲ့တဲ့ စုပေါင်းအမျိုးသားရေးနိုးကြားမှု Collective National Consciousness တစ်ခုကို ပုံဖော်ပေးလိုက်တာပါပဲ။

Posted on Facebook 30 May, 2015

## (၅) ဆလိုင်း မိုင် စိတ်ဓါတ်မွေးဖွားခြင်း

ခစယ က ၁၉၇၃ ခုနှစ် အစည်းအဝေးတခုမှာ ချင်းအမျိုးသားတွေက ဆလိုင်း နဲ့ မိုင် ကို အားလုံးသုံးသင့်ကြောင်း ဆုံးဖြတ်ခဲ့တဲ့အချိန်မှာ ကျောင်းသားကိစ္စနဲ့ ဆလိုင်းတင်မောင်ဦး ကလည်း ထောင်ကျနေတဲ့အချိန် ဖြစ်တယ်၊ ကျွန်တော်တို့ တခြား ခေါင်းဆောင်တွေအားလုံး အယောက် (၆၀) လောက်ဟာလည်း ချင်းပြည်နယ်အရေး၊ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီရေး တောင်းဆိုမှုကြောင့် မြန်မာနိုင်ငံအနှံ့ ထောင်တွေတန်းတွေမှာ အဖမ်းခံထားကြရတဲ့ အချိန်လည်း ဖြစ်တယ်။ ဒါပေမဲ့ တကယ်တန်းကျတော့ ၁၉၇၄၊ ၇၅၊ ၇၆ ခုနှစ်တွေမှာ ဆလိုင်း မိုင် လှုပ်ရှားမှုကို ပီပီပြင်ပြင် အရှိန်အဟုန်နဲ့ မစတင်နိုင်ခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၄ ဇွန်လမှာ အလုပ်

သမားအရေးအခင်း၊ ၁၉၇၄ ဒီဇင်ဘာလမှာ ဦးသန့် အရေးအခင်း၊ ၁၉၇၅ ဂျွန်လမှာ အလုပ်သမားအရေးအခင်း နှစ်ပတ်လည် ကျောင်းသားများရဲ့ ဆန္ဒပြပွဲ၊ ၁၉၇၆ မတ်လမှာ မှိုင်းရာပြည့် အထိမ်းအမှတ် ဆန္ဒပြပွဲ စသည်ဖြင့် အလုပ်သမား၊ ကျောင်းသားတိုက်ပွဲတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်ခဲ့ပြီး ရန်ကုန် တက္ကသိုလ်ကျောင်း ပရဝုန်က တိုက်ပွဲနယ်မြေ ရှေ့တန်းတခုလို ဖြစ်နေခဲ့တော့ ကျောင်းတွေကလည်း ပိတ်လိုက် ဖွင့်လိုက်မို့ ခစယ ရဲ့ ပုံမှန်လုပ်ငန်းစဉ်တွေ လှုပ်ရှားမှုတွေလည်း လည်ပတ်မှု တော်တော်လေး အားနည်းခဲ့ပါတယ်။ ဆလိုင်းတင်မောင်ဦး ကို စစ်အစိုးရက မှိုင်းရာပြည့်ပွဲ မတိုင်မီလေးမှာ ဖမ်းစီးပြီး ၁၉၇၆ ခုနှစ်၊ ဂျွန်လ (၂၆) ရက်နေ့မှာ ကြိုးပေးသတ်ဖြတ်လိုက်တဲ့ အချိန်မှာတော့ ကျွန်တော်တို့ အဲဒီကာလ သမိုင်းကို လက်တွေ့ကျကျ ဖြတ်သန်းခဲ့ရတဲ့ လူငယ်မျိုးဆက်တွေရဲ့ အသိသညာထဲမှာ နိုင်ငံရေးနိုးထမှု အသစ်တွေကို လှုံ့ဆော်ပေးလိုက်သလို ခံစားကြရတယ်။ နိုင်ငံ့သမိုင်းတလျှောက် ဗြိတိသျှခေတ်ကအစ ကျောင်းသားခေါင်းဆောင်တစ်ဦးကို အဲဒီလို ရက်ရက်စက်စက် ကြိုးပေးသတ်ဖြတ်တယ်ဆိုတာ မရှိခဲ့ဘူးတဲ့အခါကျတော့ ဒီရက်စက်မှုကြီးကိုရော၊ ဆလိုင်းတင်မောင်ဦး ရဲ့ သူရဲကောင်းပီသစွာ အသက်ကိုပါ ပေးဆပ်သွားရတဲ့ ကိစ္စကိုပါ မေ့ပျောက်ထားပြီး သွေးအေးအေး နေလို့တော့ မဖြစ်ဘူး၊ နှောင်းခေတ် လူငယ်မျိုးဆက်သစ် အဆက်ဆက်အထိ ဆလိုင်းတင်မောင်ဦး ရဲ့ ပြည်သူတရပ်လုံးအတွက် ပေးဆပ်မှုကိုတော့ သမိုင်းမှာ ဖျောက်ဖျက်လို့ မရအောင်ကို ကဗျည်းမှတ်တမ်း တင်ကြရမယ်ဆိုတဲ့ လေးနက်တဲ့ အသိတရားတွေ ဖြစ်ပေါ်ခဲ့ကြတယ်။ အဲဒီနေ့ နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ နိုးကြားမှုအသစ်တွေကို အားယူပြီး ၁၉၇၆ - ၇၇ စာသင်နှစ်မှာ စတင်ပြီး ဆလိုင်းမိုင်လှုပ်ရှားမှုကို ခစယ က ဦးဆောင်ပြီး ပီပီပြင်ပြင် အပြင်းအထန် လုပ်နိုင်ခဲ့ကြပါတယ်။ ဆိုလိုတာက ဆလိုင်းတင်မောင်ဦး ရဲ့ပေးဆပ်မှုဟာ တုံ့နေးနေခဲ့တဲ့ ဆလိုင်း မိုင် လှုပ်ရှားမှုကို ဆလိုင်း မိုင်စိတ်ဓါတ် Salai Mai Spirit ဆိုတဲ့ နိုင်ငံရေးနိုးကြားမှု စိတ်ဓါတ်ခွန်အား အသစ်တွေနဲ့ မောင်းတင်ပြီး ပြင်းထန်တဲ့ တွန်းအားတွေ ပေးနိုင်ခဲ့တယ်။ နောက်ပြီး ဆလိုင်းတင်မောင်ဦး အဖမ်းခံရတော့ သူ့ရဲ့ ညီမအရင်းဖြစ်သူ (၁၇) နှစ်အရွယ်သာ ရှိသေးတဲ့ အထက်တန်းကျောင်းသူ မိုင်ပိုပို က ရန်ကုန် စက်မှုတက္ကသိုလ်က ကိုတင်အေးကျူ (ညိုမှိုင်းလွင်) နဲ့ တခြား ကျောင်းသားခေါင်းဆောင်တွေနဲ့အတူ မှိုင်းရာပြည့် ချီတက်ပွဲကို ရွံ့ရွံ့ချွန်ချွန် အရှေ့တန်းကနေ မားမားမတ်မတ်ရပ်ပြီး ဦးဆောင်ခဲ့တာ ဖြစ်တဲ့အတွက် ချင်းကျောင်းသား လောကတခုလုံးမှာ ဆလိုင်းတင်မောင်ဦး နဲ့ မိုင်ပိုပို တို့ရဲ့ နာမည်ဟာ ရေပန်းစားပြီး ပြောလို့မဆုံး ဖြစ်နေကြတဲ့ ကာလလည်း ဖြစ်ပါတယ်။ တကြိမ်ထဲမှာ ဆလိုင်း မိုင် လှုပ်ရှားမှုကို ဆလိုင်း မိုင် စာပေလှုပ်ရှားမှု အသွင်အသစ်တခုကို ဖန်

တီးပြီး ကဗျာ၊ စာညွှန့် ဆောင်းပါးတွေ စုံစုံလင်လင်နဲ့ လက်ကမ်းစာဆောင်တွေ မဂ္ဂဇင်းတွေ အင်တိုက်အားတိုက် ထုတ်ဝေပြီး ဆလိုင်း မိုင် စိတ်ဓါတ်ကို အမျိုးမျိုး ပုံဖေါ်ပြီး မြိုင်မြိုင်ဆိုင်ဆိုင် အဆက်မပြတ် ဆက်လက်လှုပ်ရှားခဲ့ကြပါတယ်။ ဒါကြောင့် ဆလိုင်းတင်မောင်ဦး ကျဆုံးခဲ့တဲ့ ၁၉၇၆ ခုနှစ်၊ ဂျွန်လ (၂၆) ရက်နေ့ဟာ ဆလိုင်း မိုင် စိတ်ဓါတ်တွေ စတင် မွေးဖွားရှင်သန်ခဲ့တဲ့ နေ့အဖြစ် သတ်မှတ်မယ်ဆိုရင် မမှားဘူးလို့ ယူဆပါတယ်။ ကမ္ဘာမှာ ဘယ်လူမျိုးမဆို ကိုယ့်ရဲ့ သူရဲကောင်းတွေကို ဂုဏ်ပြုဖို့ မေ့လျော့ပြီး ပစ်ထားခဲ့ကြရိုးထုံးစံ မရှိပါဘူး။ ဆလိုင်းတင်မောင်ဦး ရဲ့ သူရဲကောင်းစိတ်ဓါတ်တွေ ကမ္ဘာတည်သရွေ့ ချင်းလူငယ် မျိုးဆက်သစ်တွေရဲ့ နှလုံးသား ထဲမှာ သံမှိုစွဲသလို ထင်ကျန်ရစ်ဖို့အတွက်ကို ရည်စူးရင်း ဆလိုင်း မိုင် စိတ်ဓါတ်တွေ မွေးဖွားပေး ခဲ့တဲ့ ဂျွန်လ (၂၆) ရက်နေ့ကို ဆလိုင်း-မိုင် လှုပ်ရှားမှုသမိုင်းမှာ အရေးကြီးတဲ့ သမိုင်းမှတ်တိုင် တခုအဖြစ် ကဗျည်းထိုး မှတ်တမ်းတင်ကြရမှာ ပါပဲ။

အခုလို ဆလိုင်းတင်မောင်ဦး ကျဆုံးတာ အနှစ် (၄၀) ပြည့်ဖို့ နီးကပ်လာတဲ့အချိန်မှာ သူကျဆုံး တဲ့ အနှစ်(၃၀) မြောက် အထိမ်းအမှတ်အဖြစ် ရေးသားဂုဏ်ပြုခဲ့တဲ့ ဆောင်းပါးကို အောက်ပါ လင့်မှာ အင်္ဂလိပ်လိုနဲ့ မြန်မာလို ဖတ်ရှုနိုင်ပါတယ်။

http://www.chinforum.info/special-feature/

“Salai Tin Maung Oo – The High Flying Hornbill, Flapping Its Wings Together with Fighting Peacocks!” English Version – Burmese Version

Posted on Facebook 2 June, 2015

## (၆) ဆလိုင်း မိုင် စာပေ လှုပ်ရှားမှု နဲ့ အမှတ်တရများ

ဆလိုင်းမိုင် စိတ်ဓါတ်တွေ ချင်းလူငယ်မျိုးဆက်သစ်တွေရဲ့ နှလုံးသားထဲမှာ အစဉ်အမြဲ ရှင်သန် နေဖို့အတွက် ကျွန်တော်တို့ ၁၉၇၆ - ၁၉၇၇ ခုနှစ်မှ စတင်ပြီး ဆလိုင်း မိုင် စာပေလှုပ်ရှားမှုကို အင်တိုက်အားတိုက် မနားတမ်း လုပ်ဆောင်ခဲ့ကြပါတယ်။

“ရိုးမကို တော်လှန်ကြစို့” ဆိုတဲ့ ဆလိုင်းအိုက်ဆွေ (ပလက်ဝ) က ရေးသားခဲ့တဲ့ ဆောင်းပါးဟာ အဲဒီခေတ်ကာလ ကျွန်တော်တို့ ဆလိုင်း မိုင် လူငယ်မျိုးဆက်သစ်တွေရဲ့ နှလုံးသားထဲကို အင်မ တန်မှ ကြီးမားတဲ့ ခွန်အားသစ်တွေကို သွန်းလောင်းပေးနိုင်ခဲ့ပါတယ်။ ဆလိုင်းအိုက်ဆွေ ရဲ့

အလိုအရဆိုရင် ရှေးချင်းဘိုးဘေးတို့ရဲ့ ဌာနေ ရိုးမတောင်တန်းရဲ့ အလှတရားတွေရဲ့ နောက်ကွယ်မှာ ရိုးမတောင်တန်းကြီးက ကောက်ကျစ်၍ အဆင်းမလှသော သဘောကို ဆောင်ထားကြောင်း“... တအူတုံဆင်း မျိုးချင်းတို့ကို အစိတ်စိတ် ကွဲပြားရခြင်းဟာ ရိုးမတောင်တန်းကြီးက အဓိက တရားခံဖြစ်ကြောင်း.... မိမိကိုယ်ကို ချင်းဖြစ်မှန်း မသိတော့တဲ့ သူတွေတောင် ရှိလာကြောင်း... ဒါကြောင့် မျိုးချင်းတို့ရဲ့ စည်းလုံးမှုကို ဖျက်ဆီးခဲ့တဲ့ ရိုးမတောင်တန်းကြီးကို တော်လှန်ကြရမယ်... ဆိုပြီး ဆလိုင်းအိုက်ဆွေ က အတွေးအခေါ်တိုက်ပွဲ စတင်ကြဖို့ တပ်လှန့် လှုံ့ဆော်လိုက်တယ်။ ဆလိုင်းအိုက်ဆွေ ရဲ့ “ရိုးမကို တော်လှန်ကြစို့” ဆိုတဲ့ ဆောင်းပါးကလေးဟာ အဲဒီခေတ်ကာလ ကျွန်တော်တို့ ဆလိုင်းမိုင် လူငယ်မျိုးဆက်သစ်တွေရဲ့ ရင်ခုန်စရာ အကောင်းဆုံ တိုက်ပွဲခေါ်သံတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီဆောင်းပါလေးဟာ ဆလိုင်း မိုင် စိတ်ဓါတ်ကို မြဲမြဲဆုပ်ကိုင်ပြီး စည်းလုံးတဲ့ ချင်းလူငယ် မျိုးဆက်သစ်တွေရဲ့ ခေတ်ဆီကို တမျှော်တခေါ် ကြည့်မြင်နိုင်တဲ့ စွမ်းပကားတွေကို ပေးခဲ့ပါတယ်။

“ဖူးပွင့် ဝေဆာလျက်ရှိသော ပွင့်သစ်ပန်းကလေးများ” ဆိုတဲ့ စာညွှန့်ကလေးနဲ့ ကျွန်တော်ကိုယ်တိုင် ဆလိုင်းကစ်(ပ်) (ချင်းပြည်) ဆိုတဲ့ ကလောင်နာမည်နဲ့ ဆလိုင်းမိုင် စိတ်ဓါတ်ကို မြှင့်တင်ပေးခဲ့ပါတယ်။ ဒီနေ့ခေတ်ကို ဆလိုင်း မိုင် ခေတ်လို့တောင် ထိုက်ထိုက်တန်တန် ခေါ်ဝေါ်နေကြကြောင်း၊ ညီအစ်ကိုအချင်းချင်း စိတ်ဝမ်းကွဲစေခဲ့တဲ့ ရိုးမနဲ့ ဝေးလံတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းပရဝုဏ်ထဲမှာ ဆလိုင်း မိုင် စိတ်ဓါတ်တွေ မွေးဖွားရှင်သန် ကြီးပြင်းခဲ့ခြင်းသည်ပင်လျှင် သဘာဝကျတဲ့အကြောင်း... ဖော်ပြရင်း တက်ကြွတဲ့ ဆလိုင်း မိုင် လူငယ်မျိုးဆက် သစ်တွေကို “ဖူးပွင့် ဝေဆာလျက်ရှိသော ပွင့်သစ် ပန်းကလေးများ” ဆိုပြီး တင်စားခေါ်ဝေါ် သမုတ်ထားပါတယ်။

ဆလိုင်းလျန်မှုန်း ကတော့ ဆလိုင်း မိုင် လှုပ်ရှားမှုကို ချင်းလူငယ်တွေရဲ့ “ယဉ်ကျေးမှုတော်လှန်ရေး” တရပ်အဖြစ် ဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ “ကျောချမ်း၍ ရင်ပူသော ည” ဆိုတဲ့ ကိုယ်တွေ့ ခရီးသွား ဝတ္ထုတိုလေးကလည်း စာဖတ်သူ လူငယ်မျိုးဆက်သစ်တွေအတွက် အားသစ်လောင်း ပေးနိုင်ခဲ့ပါတယ်။

ဆလိုင်း မိုင် စာပေကို အသီးသီး ပုံဖော်ရေးသာထားတဲ့ တခြား ကဗျာ၊ စာညွှန့်၊ ဝတ္ထုတို၊ ဆောင်းပါးတွေကိုလည်း နောင်းခေတ် လူငယ်မျိုးဆက်သစ်တွေအနေနဲ့ ဆလိုင်းမိုင် အတွေးအခေါ် လက်ဆင့်ကမ်းတဲ့အနေနဲ့ ပြန်လည်ဖော်ထုတ်နိုင်ရင် ကောင်းမယ်ထင်ပါတယ်။ အဲဒီလို

ဖော်ထုတ်ရာမှာ ကိုမြင့်အောင်၊ ဝနေစိုး၊ ဆလိုင်းစွမ်းခေါင်၊ ဆလိုင်းရမ်လိန်မှုန်း တို့ရဲ့ ကဗျာတွေ၊ ကိုသိပ်သျှံနဲ့ လူရေတောင်တန်း ဆလိုင်းမိုးယဉ်သဲရာ တို့ရဲ့ ကာတွန်းတွေ၊ ပန်းချီ သရုပ်ဆောင် တွေဟာ ဆလိုင်း မိုင် စာပေလှုပ်ရှားမှုမှာ အရေးပါခဲ့တယ်ဆိုတာကို ဖော်ပြလိုပါတယ်။

လစဉ်ထုတ် Vakok စာစောင်နဲ့ နှစ်စဉ်ထုတ် တက္ကသိုလ် ချင်းကျောင်းသားမဂ္ဂဇင်းတွေကို ထုတ်ဝေပြီး ဆလိုင်း မိုင် စိတ်ဓါတ်ကို ဖြန့်ဖြူးခဲ့ကြပါတယ်။ ကျွန်တော်တို့တွေရဲ့ ဆလိုင်း မိုင် စာပေတွေကို အစဉ်မပြတ် ထုတ်လုပ်နိုင်ဖို့အတွက် အနောက်တန်းကနေ မထင်မရှား မနားတမ်း လှုပ်ရှားပေးခဲ့တဲ့ Salai Ceu Mang ကိုလည်း အမှတ်ရမိပါတယ်။ သူကတော့ အဲဒီလို အနောက်တန်းမှာ နေပြီး Vakok စာစောင် ဖြစ်မြောက်ရေးအတွက် အများကြီး ပေးဆပ်ခဲ့ပါတယ်။

မှတ်မှတ်ရရ ကလေး-တာဟန်း ဒေသက ကျွန်တော်တို့ ဆလိုင်း မိုင် လှုပ်ရှားမှုမှာ Salai Sun Ceu နဲ့အတူ Salai Lal Buta နဲ့ Salai Lal Ruanga တို့ရဲ့ Vulmawi တီးဝိုင်းက ဝိုင်းတော်သားများနဲ့ Salai Hang Lian Khup နဲ့ Salai Thawng Mung တို့ရဲ့ The Poor တီးဝိုင်းက ဝိုင်းတော်သူဝိုင်းတောသား အားလုံးတို့ကိုလည်း မှတ်တမ်းတင်ကြရမှာ ဖြစ်တယ်။

နောက်ပြီး အောက်ချင်းငှက်ပုံနဲ့ Salai Mai Movement - The emerging new generations ဆိုတဲ့ စာသားပါ ဆလိုင်း မိုင် လှုပ်ရှားမှုရဲ့ သင်္ကေတ အမှတ်တံဆိပ်တွေကို မနားမနေ မငြီးမညူ သူ့ရဲ့ အပ်ချုပ်စက်နဲ့ ဇာချည်ထိုးပေးခဲ့တဲ့ တာဟန်းက လှပျိုဖြူကလေး မေဝင်းခင် တစ်ယောက်ကိုလည်း ဆလိုင်း မိုင် လှုပ်ရှားမှုသမိုင်းမှာ မေ့ပျောက်ထားလို့ မရပါဘူး။ ကလေးတာဟန်းဒေသ ဆလိုင်း မိုင် လှုပ်ရှားမှုမှာ ကျွန်တော် မမေ့နိုင်လောက်အောင် အမှတ်ရနေတဲ့ သူတွေကတော့ Salai Za Kung, Salai Al Thang, Salai Lal Cung, Salai Thawng Za Cin Kap, Salai Sing Nang, Salai Nang Pui, Salai Zoram Khata ခေါ် Salai Khat Pau, Salai Ral Kap Thanga, Salai Din Thara တို့ ဖြစ်ပါတယ်။ အထူးပြု ဖော်ပြလိုတာကတော့ ကျွန်တော်တို့ရဲ့ အစ်ကိုကြီးသဖွယ် ဦးဆောင်မှုကို ပေးခဲ့တဲ့ Salai Za Biaka ဖြစ်ပါတယ်။

ခစယ အတွင်းရေးမှူးများအဖြစ် Salai Thawng Luai Mang, Salai Ram Ling Hmung, Salai Shing Yaw, Salai Cin Lam Mang, Salai Mang Hen Dal, Salai Khai Do Pau တို့က ဆက်တိုက် ဦးဆောင်ပြီး ဆလိုင်း မိုင် လှုပ်ရှားမှုကို အထွတ်အထိပ်ထိအောင် တွန်းတင်ပေးခဲ့တာကိုလည်း ဆလိုင်း မိုင် သမိုင်းမှာ မှတ်တမ်းတင်ကြရမှာ ဖြစ်ပါတယ်။ အဲ့ဒီခေတ်ကာလ

ဆလိုင်း မိုင် လှုပ်ရှားမှုမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့တဲ့ ချင်းကျောင်းသားထုနဲ့အတူ ကျွန်တော် အမှတ်သညာထဲမှာ ထင်ကျန်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေထဲမှာ Salai Cung Nung, Salai Lai Moses, Salai Sakhong (ကလောင်နာမည် - ဆလိုင်းစွမ်းခေါင်), Salai Kee ခေါ် Salai Khin Maung Aye, Salai Zam Khen Mung, Salai Hau Lian Mung ခေါ် Salai Maung Khin, Salai Thua Aung နဲ့ ဝိုင်း တော်သားများ၊ Salai Tawna, Salai Za Lian (The Aces) စသည် တို့ကို အမှတ်ရမိပါတယ်။

နောက်ပြီး တလောကပဲ ချင်းပြည်နယ်ရဲ့ ဝန်ကြီးချုပ်ဖြစ်လာတဲ့ Salai Lian Luai ဟာ အဲ့ဒီ ဆလိုင်း မိုင် လှုပ်ရှားမှုသမိုင်း အစပိုင်းကစပြီး ဒီနေ့ ချင်းပြည်နယ်ရဲ့ ဝန်ကြီးချုပ်ဖြစ်လာတဲ့အထိ ဆလိုင်းဆိုတဲ့ အမှတ်သင်္ကေတကို စွဲစွဲမြဲမြဲ သူ့နာမည်ရှေ့မှာ အမြတ်တနိုး ဆက်လက် အသုံးပြု တာကိုတော့ ဂုဏ်ယူလို့မဆုံး ဖြစ်ရပါတယ်။ ဆလိုင်း မိုင် လှုပ်ရှားမှုရဲ့ ဂုဏ်ယူထိုက်တဲ့ ကြီးမား တဲ့ အောင်မြင်မှုတရပ်လို့ပဲ မှတ်ချက် ချချင်ပါတယ်။

ဒီနေ့ ဆလိုင်း မိုင်လှုပ်ရှားမှု အနှစ် (၄၀) ခရီးကို နောက်ပြန် လှည့်ကြည့်တဲ့အခါမှာ ဆလိုင်း နဲ့ မိုင် ဆိုတာ အရင်က မြေပြန့် အရှိချင်း ညီအစ်ကိုတွေကသာ ပိုင်ဆိုင်ခဲ့တဲ့ သင်္ကေတတွေ ဖြစ်ခဲ့ ပေမဲ့ ဒီနေ့မှာတော့ တောင်ပေါ် မြေပြန့်မကျန် မျိုးနွယ်စုပေါင်းစုံ၊ ဒေသပေါင်းစုံက မျိုးချင်းတို့ရဲ့ အမြတ်တနိုး ထားကြတဲ့ ချင်းတမျိုးသားလုံးအတွက် အမျိုးသားပိုင် သင်္ကေတအဖြစ် အောင်ပွဲ အဆင့်ဆင့် ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် ချင်းပြည်နယ်ရဲ့ ဝန်ကြီးချုပ် အဆင့်အထိကိုပါ တက်လှမ်းပြီး ရွှေထီးပါ ဆောင်းနိုင်ခဲ့ပါပြီ။

တချိန်က ဆလိုင်း မိုင် ပွင့်သစ် ပန်းကလေးတွေဟာ ဒီနေ့လည်း သစ်လွင်နေဆဲ၊ ဖူးပွင့်ဆဲ၊ ဝေ ဆာဆဲပါ။ နောင် မျိုးဆက်ပေါင်းမြောက်မြားစွာအထိ သစ်လွင်နေဦးမှာပါ။

## နီဂုံး

ချင်းပြည် တန့်တလျားမှာ
အောက်ချင်းငှက်တွေ ပျံသန်းနေသရွေ့
မြူမှုန်ကြားက အနောက်ရိုးမ တောင်ပြာတန်းတွေမှာ

နီမောင်းရဲမြနေတဲ့ တောင်ဇလပ်ပန်းတွေနဲ့
ငွါးငွါးစွင့်စွင့် ဝံ့ဝံ့ကြွားကြွား ဇလပ်ဖြူလေးတွေ
ဝေဝေဆာဆာ ပွင့်ဖူးနေသရွေ့တော့
အနှစ် (၄၀) မက၊ အနှစ်ရာထောင် ချီသည့်တိုင်
ဆလိုင်း မိုင် မေတ္တာ ပန်းတွေက
လောကကြီးကို အစွမ်းကုန် အလှဆင် နေဦးမှာပါ...

အနာဂတ်ကမ္ဘာကို ဒီနေ့ ကျွန်တော်တို့ ဖန်တီးကြမယ်။ ကျွန်တော်တို့ဟာ ခွန်အားအပြည့်ရှိတဲ့ ကမ္ဘာ့ရွာသား တွေပါ။ ကျွန်တော်တို့ တစ်ဦးချင်းစီရဲ့ ခန္ဓာကိုယ်ထဲမှာ ကျွန်တော်တို့အားလုံး အတူတကွ ပိုင်ဆိုင်ကြတဲ့ ကမ္ဘာကြီးအပေါ်မှာ ဘယ်လို သက်ရောက်မှုမျိုးကို ပေးစွမ်းနိုင်မလဲ ဆိုတာကို သင်ယူဖို့၊ ရှာဖွေဖို့၊ တွေ့ရှိဖို့အတွက် မယိမ်းမယိုင် ပျင်းပြတဲ့ ဆန္ဒတွေ ကိန်းအောင်း နေပါတယ်။ ပြည်သူတွေရဲ့ စီးပွားရေး လောကကြီးကိုသာ သက်ရောက်မှုပေးဖို့တင် မဟုတ်ပါဘူး၊ ကျွန်တော်တို့ အားလုံးနေထိုင်တဲ့ ကမ္ဘာလောကကြီး တခုလုံးကိုပါ ပြောင်းလဲပစ်ဖို့ ဆိုတဲ့ ဆန္ဒတွေပါ။

ကျွန်တော်တို့ရဲ့ စိတ်ထဲမှာ ပျင်းပျင်းပြပြ ကိန်းအောင်းနေတဲ့ သန္နိဋ္ဌာန်တွေ၊ ရဲစွမ်းသတ္တိတွေ၊ နောက်ပြီး တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်တဲ့ စွမ်းရည်တွေကို အထိရောက်ဆုံး အသုံးပြုပြီး ကျွန်တော်တို့ကို ခွဲခြားထားတဲ့ စည်းရိုးနယ်နိမိတ်တွေကို နင်းဖြတ်ကျော်လွှား သွားကြမှာပါ။ အတိတ်ကာလက ကျွန်တော်တို့ကို ကန့်သတ်ပေးခဲ့တဲ့ စည်းရိုးနယ်ခြားတွေထဲမှာ ကိုယ့်ကိုယ်ကို ပိတ်လှောင်ထားနိုင်တာကိုမှ ဂုဏ်ယူနေကြတဲ့ လူစားမျိုး မဟုတ်ပါဘူး။ အနာဂတ် ဆိုတာကြီး ကျွန်တော်တို့ဆီကို ရောက်လာတဲ့ အချိန်အထိ ကျွန်တော်တို့က ထိုင်စောင့်နေမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ လိုချင်တဲ့ အနာဂတ်ကို ကျွန်တော်တို့ ကိုယ်တိုင် ထုဆစ်မယ်၊ ပုံသွင်းမယ်၊ ပုံဖေါ်မယ်၊ ပြီးရင် ဖန်တီးမယ်။ အသက်သွင်းမယ်။

Posted on Facebook on 16 April 2016

Salai Kipp Kho Lian

# တော်လှန်ရေး နှင့် ငြိမ်းချမ်းရေး

**ခင်မောင်လေး**

## နိဒါန်း

ပင်လုံ ကတိကဝတ်တွေကို ဆန့်ကျင်ပြီး တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ထားတဲ့အပြင် မဟာဗမာ လူမျိုးကြီးဝါဒအောက်မှာ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုထဲ မပါသလို ဆင်းရဲဒုက္ခကို ပြားပြားဝပ်အောင် ခံခဲ့ကြရတယ်။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တန်းတူအခွင့်အရေး ရရှိရေး၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အကြမ်းမဖက်တဲ့နည်းနဲ့ အကြိမ်ကြိမ် တောင်းဆိုခဲ့ပေမဲ့ ကျည်ဆံတောင့်တွေပဲ ရခဲ့ကြတယ်။ အဲ့ဒါကြောင့် ခါးခါးချင်း လှံလှံချင်း တွန်းလှန်ဖို့အတွက် လက်နက်ကိုင်လမ်းစဉ်ကို မဖြစ်မနေ ရွေးချယ်ပြီး လက်နက်စွဲကိုင် တော်လှန်ခဲ့ကြတယ်။ ဒါပေမဲ့ တိုင်းရင်းသားတွေအတွက် အင်မတန်မှ မွန်မြတ်တဲ့ အဲ့ဒီ မူလအခွင့်အရေးတွေဟာ မြန်မာ့တပ်မတော်က ခေတ်ကာလအဆက်ဆက် ဥပက္ခာ ပြုခဲ့ပါတယ်။

"အလင်းဝင်တယ်၊ အမြင်မှန် ရသွားတယ်" ဆိုတဲ့ စကားလုံးတွေက အင်မတန် ရေပန်းစားခဲ့တယ်။ ဒါဟာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေကို အသိအမှတ်မပြုရာ ကျသလို၊ ပြည်တွင်း သောင်းကျန်းသူဆိုတဲ့ အသုံးအနှုန်းတွေက ထပ်လောင်းပြီး သက်သေပြခဲ့တယ်။ ဒါတင် မဟုတ်သေးပါ၊ နယ်စပ်တစ်နေရာမှာ အင်အားလေးတွေ စုပြီး နိုင်ငံတော်ကို ပုန်ကန်တဲ့အတွက် သူပုန်တွေလို့ နာမည်တစ်မျိုး သတ်မှတ် လိုက်ပါသေးတယ်။ နောက်တစ်ခုက ပြည်တွင်းစစ်ဆိုတဲ့ ဝေါဟာရကိုလည်း လက်မခံ၊ နေရာဒေသတချို့မှာ ဖြစ်တဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ဖြစ်တဲ့အတွက် တိုက်ပွဲလို့ပဲ သတ်မှတ်ထားပါတယ်တဲ့။ ဒါဟာ မြန်မာ့တပ်မတော်ရဲ့

တိုင်းရင်းသား လက်နက်ကိုင်တွေအပေါ် အမြင်တွေပါပဲ။ အဲ့ဒီအမြင်တွေကြောင့် ပြည်တွင်းစစ်ကြီးလည်း အတော့မသတ် အဒွန့်ရှည်နေတာ ဖြစ်တယ်။

(၁)

ကျွန်တော် မူလတန်းကျောင်းသား အရွယ်တုန်းက အားလပ်ရက်တွေမှာ သူငယ်ချင်းတွေစုပြီး စစ်တိုက်တမ်း ကစားလေ့ရှိပါတယ်။ ဖက်ရွက်တွေကို ဦးထုပ်အဖြစ်ချုပ်၊ တုတ်သေနတ်တွေလုပ်ပြီး တပ်စိတ်ဖွဲ့ စခန်းချ၊ စစ်တပ်ရယ်နဲ့ သူပုန်ရယ် ဆိုပြီး လူစုခွဲ၊ အပြန်အလှန် တိုက်ခိုက်ခဲ့ကြတယ်။ အဖမ်းခံပြီဆိုရင် ရက်ရက်စက်စက် သရုပ်ဆောင် နှိပ်စက်တယ်။ အဲ့ဒီ အချိန်ကတည်းက စစ်တပ်ရယ်၊ သူပုန်ရယ်ဆိုတာ ကျွန်တော်တို့အတွက် မစိမ်းတော့ပါ။

အဲ့လိုမျိုး ဘဝကနေ အရွယ်ရောက်လာတော့ စာသင်ကျောင်းမှာ ကူလီထမ်းဖို့အတွက် ကျောင်းသားတွေ အဖမ်းခံရတဲ့ အဖြစ်အပျက်တွေ၊ ပေါ်တာထမ်းရင်း လမ်းမှာ ရိုက်နှက်ခံရတဲ့ မြင်ကွင်းတွေက ဟတ်ထိသွားပါတယ်။ ဒီလို ခြိမ်းခြောက် ရက်စက်မှုတွေရဲ့ တရားခံက ဘယ်သူများလဲ၊ အဲ့ဒါတွေကြောင့် ပုန်ကန်သူဆိုတာ ဖြစ်လာသလား၊ ဒါမှမဟုတ် သူပုန်ရှိလို့ အပြစ်မဲ့ ကျောင်းသားပြည်သူတွေအပေါ် ဒီလို ရက်စက်နေတာလား၊ အဖြေက အဲ့ဒီအချိန်မှာ မသဲကွဲ။ သေချာတာတစ်ခုကတော့ ကျွန်တော်တို့ဟာ စစ်ရဲ့ကျွန်တွေဖြစ်တယ် ဆိုတာပါပဲ။

(၂)

မြန်မာ့သမိုင်းကို နောက်ပြန်လှန်ပြီး တချက်ကြည့်လိုက်မယ်ဆိုရင် ကိုလိုနီခေတ်က မြန်မာနိုင်ငံကို အုပ်ချုပ်ရေးလွယ်ကူအောင် အုပ်ချုပ်ရေးနယ်မြေတွေ ခွဲပြီး ပိုင်းခြားအုပ်ချုပ်ခဲ့ပါတယ်။ ၎င်းနယ်မြေ ပိုင်းခြားမှုများကို တို့ဗမာအစည်းအရုံးက ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး၊ တောင်တန်းဒေသရှိ တိုင်းရင်းသားများနှင့် မြေညီဒေသရှိ ဗမာများ သွေးစည်းမှုအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့တာကို တွေ့ရသလို ၁၉၄၆ ခုနှစ်၊ ဇန္နဝါရီလ (၁၇) ရက်မှ (၂၃) ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ဖဆပလ ညီလာခံကြီးမှာ ဒီဒုတ်ဦးဘချို တင်သွင်းတဲ့ "တိုင်းရင်းသားလူနည်းစုအရေး" အဆိုထဲမှာလည်း လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်ခွင့်၊ ယဉ်ကျေးမှု လွတ်လပ်ခွင့်၊ စီးပွားရေး အခွင့်အရေး၊ မိမိကြေမွှာ မိမိဖန်တီးခွင့်၊

လွတ်လပ်တဲ့ ဗမာပြည်သစ်ကို ထူထောင်မယ်ဆိုရင် တိုင်းရင်းသားလူနည်းစု၊ လူများစုအားလုံး သဘောတူတဲ့နည်းနဲ့ တည်ထောင်ဖို့ စသဖြင့် သဘောတူခဲ့ကြပါတယ်။ အဲ့ဒီအချိန် အဲ့ဒီအချက်တွေကို ကြည့်မယ်ဆိုရင် တိုင်းရင်းသားလူနည်းစုများအပေါ် အခုလိုမျိုး ဖိနှိပ်ချုပ်ချယ်လိမ့်မယ် ဆိုတာ သံသယဖြစ်ဖွယ် မရှိပါ။

အဲ့ဒီနောက် ၁၉၄၇ ပင်လုံစာချုပ်နှင့် ၎င်း၏ ကတိကဝတ်ပါ "နိုင်ငံရေး တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်" စတဲ့ အင်္ဂါရပ်ကြီးတွေကို ကြည့်မယ်ဆိုရင်လည်း အဲ့ဒီနောက်ပိုင်း တိုင်းရင်းသား လူနည်းစုများ ဖြတ်သန်းလာခဲ့ရတဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေဟာ အဲ့ဒီအချိန် အဲ့ဒီခေတ်က တိုင်းရင်း သားခေါင်းဆောင်များ ကိုယ်တိုင်လည်း သံသယ ရှိကြမယ်မထင်ပါ။ အဲ့ဒီ သဘောတူစာချုပ်အရ ဗမာပြည်မနဲ့ တောင်တန်းသားများဟာ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ (၄) ရက်နေ့မှာ လွတ်လပ်ရေးကို အတူတကွ ရရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုတာလည်း ပေါက်ဖွားလာခဲ့ပါတယ်။

ဒါပေမဲ့ လွတ်လပ်ရေးနဲ့အတူ ကွန်မြူနစ် သူပုန်၊ ပြည်သူ့ရဲဘော်၊ ရဲဘော်ဖြူ သူပုန်များနဲ့ လူမျိုးရေးကို အခြေခံတဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေ ပေါက်ဖွားခဲ့တယ်။ ကရင်နဲ့အတူ မွန် နဲ့ ကရင်နီ (ကယား) တို့လည်း ပူးပေါင်း ပါဝင်တဲ့အတွက် ဖဆပလ အစိုးရက အမျိုးမျိုးစွပ်စွဲပြီး ကရင်-ဗမာ အဓိရုဏ်းကို ဖန်တီးခဲ့ပါတယ်။ ဒီလိုနဲ့ လွတ်လပ်ရေး မတိုင်ခင်နဲ့ လွတ်လပ်ရေး ရရှိအပြီး တိုင်းပြည်မှာ လူမျိုးကို အခြေခံတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါက်ဖွားလာခဲ့ပါတယ်။

၁၉၆၂ ရောက်လာတော့ တိုင်းပြည်အတွင်း ကုန်ဈေးနှုန်း အဆမတန်တက်မှု၊ တရားဥပဒေ စိုးမိုးရေး ပျက်ပြားမှု၊ ခွဲထွက်ခွင့်ကိစ္စမှာ အလွန်တင်းမာလာတဲ့အတွက်ကြောင့် မလွဲမရှောင်သာ တိုင်းပြည်အာဏာကို ထိန်းသိမ်းထားပါတယ်ဆိုပြီး ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်အာဏာကို စစ်တပ်အင်အားနဲ့ သိမ်းပိုက်လိုက်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးကောင်စီဟာ နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းပြီး ဆိုရှယ်လစ်လမ်းစဉ်ကို ချီတက်သွားမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ခွဲထွက်ရေးကို အကြောင်းပြပြီး လူမျိုးရေး အစွဲအလန်းရှိသေးသော လူထုကို ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်နိုင်ရေးအတွက် ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်သွားမယ်ဟူသော နည်းပရိယာယ်ကို အသုံးပြုပြီး လက်ဂဲစွဲပုဂ္ဂိုလ်

တွေကို စည်းရုံးနိုင်ခဲ့တဲ့အတွက် အတိုက်အခံမရှိ အေးအေးဆေးဆေး အာဏာသိမ်း အုပ်ချုပ်နိုင်ခဲ့တယ်။ အမှန်ဆိုရင် တော်လှန်ရေးကောင်စီ အာဏာသိမ်းခြင်းဟာ နိုင်ငံရေး၊ စီးပွားရေးသာမက ဘာသာရေးနဲ့ ဖက်ဒရယ်မူ (ခွဲထွက်ခွင့်) အရေးကိစ္စများကြောင့် ဖြစ်တယ်ဆိုတာ အားလုံးသိထား ကြပြီး ဖြစ်ပါတယ်။

အဲ့ဒီနောက် ၁၉၈၈ အရေးတော်ပုံကြီး ပြန်လည်ဖြစ်ပွားခဲ့ရာ စစ်တပ်က အစိတ်စိတ်အမွှာမွှာ ပြိုကွဲတော့မယ့် နိုင်ငံတော်ကို တာဝန်ကျေကျေ ကယ်တင်ပါတယ်ဆိုပြီး နိုင်ငံတော်အာဏာကို စစ်တပ်က ထပ်မံသိမ်းပိုက်ကာ (နဝတ) အစိုးရနာမည်သစ်နဲ့ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ခဲ့ပြီးနောက် ကျောင်းသားများနဲ့ တိုင်းရင်းသားလက်နက်ကိုင်တချို့ ထပ်ပေါ်လာခဲ့တယ်။ ဒီက နေ့ဆိုရင် မြန်မာနိုင်ငံမှာ အစိုးရကို မတော်လှန်တဲ့ တိုင်းရင်းသားလူမျိုးဟာ မရှိသလောက်ပါပဲ။ ကမ္ဘာမှာ မရှိဖူးတဲ့ မြန်မာနိုင်ငံတစ်ခုတည်းမှာသာ ရှိတဲ့ **ကျောင်းသားတပ်မတော်** ဆိုတာတောင် ပေါ်ပေါက်လာခဲ့တယ်။

၁၉၉၀ မေလမှာ ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ တိုင်းရင်းသားများဟာ မိမိသက်ဆိုင်ရာ လူမျိုးအလိုက် အမျိုးသားနိုင်ငံရေးပါတီတွေ တည်ထောင်ပြီး ပါတီပေါင်း (၁၇) ပါတီ ပါဝင်တဲ့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်ခဲ့ကြကာ ၁၉၉၀ ဩဂုတ်လမှာ NLD ပါတီနဲ့ ဆွေးနွေးပြီးတော့ လူမျိုးရေးတန်းတူမှု၊ နိုင်ငံရေးတန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိဖို့၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အာမခံချက်ရှိတဲ့ ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်စွာ တည်ထောင်ဖို့ စတဲ့ နှစ်ဖက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြတယ်။ ဒါတွေက မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးများ များစွာ ရောနှောနေပြီး တိုင်းရင်းသားလူမျိုးများနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ တိုင်းပြည်ဖြစ်ကြောင်းကို ထပ်မံပြသခြင်းဖြစ်သလို တိုင်းရင်းသားလူမျိုးများအနေနဲ့ ပြည်ထောင်စုကနေ ခွဲထွက်ဖို့ မဟုတ်ဘဲ တန်းတူအခွင့်အရေးရှိပြီး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်စုသစ်တရပ်ကိုတည်ဆောက်လိုခြင်းသာ ဖြစ်ကြောင်းကိုလည်း ပေါ်လွင်ထင်ရှားစေပါတယ်။

ဒါပေမဲ့ နဝတ အစိုးရရဲ့ တိုင်းရင်းသားများအပေါ် သဘောထား ထုတ်ပြန်ချက်မှာတော့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုတာ ဖြစ်လာပါတယ်။ အဲ့ဒီသဘောဟာဆိုရင် တိုင်းရင်းသားများအနေနဲ့ အခု ပြည်ထောင်စု "ဖွဲ့စည်းပုံအတိုင်းသာ နေဖို့၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာ တိုင်းရင်းသား

စည်းလုံးညီညွတ်မှုကို ထိခိုက်ဖျက်ဆီးပြီး၊ အချုပ်အာဏာကို ထိပါးရာရောက်တယ်၊ ပေးတာယူ၊ ကျွေးတာစား၊ စကားမများနဲ့ မကျေနပ်ရင် ကျည်ဆံပဲရမယ်” ဆိုတဲ့သဘောပါပဲ။ အဲ့ဒီ မူအောက်မှာ နိုင်ငံသား ကျောင်းသားလူငယ်ပါမကျန် ဖမ်းဆီးနှိပ်စက်၊ အသက်ပေးခဲ့ရသူတွေ မနည်းတော့ပါ။ တိုင်းရင်းသားတွေအနေနဲ့ ပြည်ထောင်စု ပြိုကွဲမှာကို မလိုလားပါ၊ ဒါပေမဲ့ တန်းတူအခွင့်အရေးရှိပြီး ဖက်ဒရယ်ဒီမိုကရေစီစံနစ်ကို အခြေခံတဲ့ ပြည်ထောင်စုမျိုးကို တည်ဆောက်လိုပါတယ်၊ အဲ့ဒီစံနစ်အောက်မှာ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဟာလည်း အခုထက်ပိုပြီး ကောင်းမွန်သွားမယ်၊ အချုပ်အခြာအာဏာ ခွဲဝေစီးဆင်းမှုဟာလည်း ပိုပြီး စံနစ်ကျသွားပါလိမ့်မယ်။

## (၃)

ကျွန်တော်တို့ တိုင်းရင်းသားတွေ လက်နက်ကိုင်တော်လှန်ခဲ့တာ မနေ့တနေ့ကမှ မဟုတ်တော့ဘူး။ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပါပြီ။ မြန်မာနိုင်ငံလောက် ပြည်တွင်းစစ် ကြာရှည်တဲ့နိုင်ငံ ကမ္ဘာမှာမရှိတော့ပါ။ ငြိမ်းချမ်းရေးကို အပေါ်ယံနမ်းဖြူးရုံလောက်၊ ဟန်ပြရုံလောက်နဲ့ ပြဿနာဖြေရှင်းလို့မရနိုင်တော့ဘူး။ အဓိက အခြေခံကျတဲ့ အကြောင်းရင်းတွေကို ဖြေရှင်းချင်တဲ့ စိတ်ရှိမှသာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

အဓိကကျတဲ့ အချက်အလက်တွေကို ကြည့်မယ်ဆိုရင် တန်းတူမှု မရှိခဲ့လို့၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရခဲ့ကြလို့၊ လူ့အခွင့်အရေး ချိုးဖောက်ခံရလို့၊ ပင်လုံကတိကဝတ်တွေ လျစ်လျူရှုခံရလို့ စတဲ့ အကြောင်းရင်းတွေအပြင် အခြားအကြောင်းအရာတွေ တသီတသန်းကြီး ရှိပါလိမ့်မယ်။ ဒါကို နားလည်ပါလျက် အာဏာကို မတရားသိမ်းယူခဲ့တဲ့ အုပ်စိုးသူ အဆက်ဆက်ဟာ အမှန်တရားကို ဖုံးကွယ်ပြီး လက်နက်ကိုင်အဖွဲ့တွေကို သပ်လျှို၊ သွေးခွဲ၊ မြောက်ပင့်၊ အမြစ်ပြတ်ချေမှုန်းရေး စတဲ့ မဟာဗျူဟာတွေ အမျိုးမျိုး ကျင့်သုံးပြီး အမြစ်ပြတ် ချေမှုန်းရေးကို တစိုက်မတ်မတ် ကြိုးပမ်းခဲ့တယ်။ ဒါပေမဲ့ ဒီနေ့အထိ မအောင်မြင်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းမပါဘဲ လက်နက်နဲ့ လုံး၀ ဖြေရှင်းလို့ မရဘူးဆိုတာ သမိုင်းဖြစ်စဉ် သာဓကများအရ အထင်အရှား တွေ့ရှိရပါတယ်။ ကမ္ဘာပေါ်မှာ စစ်အင်အား အတောင့်တင်းဆုံး၊ အထက်မြက်ဆုံး၊ နည်းပညာ အမြင့်မားဆုံး၊ ပြိုင်ဖက်ကင်းတဲ့ အမေရိကန်တပ်မတော်တောင်မှ အင်အား

၂၅၀၀၀ ခန့်သာရှိတဲ့ တာလီဘန် စစ်သွေးကြွတွေကို အမြစ်ပြတ် မချေမှုန်းနိုင်ခဲ့တာဟာ ထင်ရှားတဲ့ သာဓက တစ်ခုပါ။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကြိုးပမ်းချက်တွေ၊ နိုင်ငံတကာရဲ့ ဖိအားတွေ၊ ပြည်တွင်းတတ်သိပညာရှင်တွေရဲ့ အကြံပြုချက်တွေကြောင့် သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီး ငြိမ်းချမ်းရေးကမ်းလှမ်းချက်အရ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ထိုးပြီး Jiont Implementing Committee Meeting- JICM က UPDJC ခေါ် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေး ပူးတွဲကော်မတီနှင့် JMC ခေါ် ပူးတွဲ စောင့်ကြည့်ရေးကော်မတီ နှစ်ခုတို့ကို ဖွဲ့စည်းပြီးနောက် JPDJC က ရေးဆွဲအတည်ပြုတဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်အရ အမျိုးသားအဆင့်နှင့် ပြည်ထောင်စုအဆင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ စတင်နိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကိုလည်း ကျင်းပ ပြုလုပ်နိုင်ခဲ့တယ်။

အဲ့ဒီနောက် NLD အစိုးရသစ် တက်လာပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့ ကော်မတီတွေ ပြင်ဆင်/ထပ်မံဖွဲ့စည်းပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ် ကြိုပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ တချိန်တည်းမှာပဲ တစ်ချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ မြန်မာ့တပ်မတော်အကြား တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးနဲ့ အပစ်အခတ်ရပ်စဲရေးအပေါ် ကာချုပ်ရဲ့ အခြေခံမူ (၆) ချက်က အဟန့်အတား ဖြစ်နေပါလား? စဉ်းစားစရာ ဖြစ်လာပါတယ်။

နိုင်ငံတော် ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ အကြိမ်ကြိမ် ထုတ်ပြန်ပြောဆိုနေပေမဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းဆိုတဲ့ အသုံးအနှုန်းကို သဘောမတွေ့တာတို့၊ ပြည်တွင်း စစ်ဆိုတာကို လက်မခံတာ၊ ဖက်ဒရယ်ဆိုတဲ့ စကားလုံးကို စားမြုပ်မပြန်နိုင်တာတွေဟာ ပေါ်လွင်ထင်ရှားနေဆဲဖြစ်ပါတယ်။

## နိဂုံး

မည်သို့ပင်ဖြစ်ပါစေ ငြိမ်းချမ်းရေးဆိုတာ လက်နက်ကိုင်တွေအတွက်သာ မဟုတ်သလို လက်နက်ကိုင်တွေကသာ လုပ်ဆောင်ရမယ့် အရာလည်း မဟုတ်ပါ။ အဲ့ဒါကြောင့် အများပြည်သူကလည်း ငြိမ်းချမ်းရေးဟာ "လက်နက်ကိုင်ပြီး စစ်တိုက်နေတဲ့ သူတွေကသာ လက်တွေ့ဖော်ဆောင်ရမယ့်အရာ ဖြစ်တယ်၊ လက်နက်ကိုင်တွေဆီမှာပဲ အာဏာရှိတယ်၊ အာဏာဆိုတာ သေနတ်ပြောင်းဝက ထွက်တယ်" ဆိုတဲ့ အတွေးအခေါ် အယူအဆမျိုးကိုဖျောက်ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေး ရရှိနိုင်ဖို့အတွက် အားလုံး အတူလက်တွဲပြီး ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာပြည်သူပြည်သားတွေ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတရပ်ကို ဧကန်မလွဲ တည်ဆောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

◆◆◆◆◆◆◆◆◆

## အသိပေးချက်

ဤ စာစောင်ပါ ကဗျာ၊ ဆောင်းပါးများသည် စာရေးသူတစ်ဦးချင်းစီ၏ အမြင်အာဘော်များသာဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။
မိတ်ဆွေများအနေဖြင့် မည်သည့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများကို အချိန်မရွေး ပေးပို့ နိုင်ပါကြောင်းလည်း တဆက်တည်း မေတ္တာရပ်ခံလိုပါသည်။

# ပလက်ဝသည် ချင်းပြည်

**Dr. Sui Khar**

## နိဒါန်း

Arakan Army (AA) ပေါ်ပေါက်လာပြီးနောက် အထူးသဖြင့် AA နှင့် စစ်တပ်တိုက်ပွဲ ဖြစ်လာပြီးနောက် ရခိုင်လူမျိုးများသည် ပလက်ဝကို မိမိတို့၏ နယ်မြေဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ရခိုင် လူမျိုးများမှ ပလက်ဝသည် မိမိတို့၏ နယ်မြေဖြစ်သည်ဟု အသံထွက်ပေါ်လာခြင်းသည် ယခုဦးသာ မဟုတ်ပဲ ယခင်ကတည်းကပင် ဖြစ်သည်။ Free Ranger Burma (FRB) မှ ထုတ်ဝေသော ၄င်းတို့၏ လှုပ်ရှားမှု စာစောင်တွင် ပလက်ဝသည် ရခိုင်ပြည်နယ် ဖြစ်သည်ဟု ဖော်ပြခဲ့ဖူးသည်။ မိမိတို့ ချင်းလူမျိုးမဟုတ်သော တခြားလူမျိုးများမှ FRB ကို ယင်းသို့ ဖော်ပြခြင်းသည် မှားနေကြောင်း ထောက်ပြပြီးသည့် နောက်ပိုင်းတွင် FRB မှ ထုတ်ဝေသော စာစောင်တိုင်းတွင် ပလက်ဝသည် ချင်းပြည်နယ်ဖြစ်သည်ဟု ပြန်လည်ရေးသားဖော်ပြသည်။ AA သည် ပလက်ဝမြို့နယ်ရှိ အချို့သော ကျောင်းများ၏ ဆိုင်းဘုတ်တွင် ရေးထားသော ချင်းပြည်နယ်ကို ပယ်ဖျက်ပြီး ရခိုင်ပြည်နယ်ဟု အစားထိုး ရေးသားခဲ့ကြသည်။ မကြာသေးမီကာလက Panglong မြို့၌ ကျင်းပသော Ethnic Youth Conference တွင် Arakhan National Party ခေါင်းဆောင်တစ်ဦး ဖြစ်သော ဒေါက်တာအေးမောင်မှ "၁၉၅၃-၅၄ ခုနှစ်တွင် မိမိတို့ ရခိုင်လူမျိုးများ၏ တောင်တန်းဒေသဖြစ်သော ပလက်ဝကို Chin Special Division သို့ လွှဲအပ်ခဲ့သည်" ဟု ပြောကြားခဲ့သည်။ Facebook ပေါ်တွင် သော်လည်းကောင်း၊ အခြားမီဒီယာများတွင် သော်လည်းကောင်း ဖတ်ရှုပါက စိတ်စွဖွယ်ရာ ကောင်းလှပါသည်။ ရခိုင်လူမျိုးများမှ ပလက်ဝသည် မိမိတို့၏ နယ်မြေဖြစ်သည်ဟု အဓိက ကိုင်စွဲထားသော အချက်မှာ "ပလက်ဝသည် Arakan Hills Tract အတွင်းတွင် တည်ရှိသည်" ဟူ၍ ဖြစ်သည်။ ရခိုင်ဘုရင်လက်ထက်တွင် တည်ရှိခဲ့သည် ဟူ၍လည်း တချို့ လူတွေက ပြောကြသည်။

## အင်အားကို အသုံးပြုသောစံနစ် (Might is right)

"Might is right" ဆိုသည်မှာ အတိုချုံးအားဖြင့် "အင်အားကြီးသော သူမှ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူလုပ်ချင်သော အရာအားလုံးကို အင်အားသုံး၍ လုပ်ပိုင်ခွင့်ရှိသည်" ဟု ဆိုလိုသည်။ တခြားနည်းဖြင့် ဖော်ပြမည်ဆိုပါက အင်အားအသုံးပြုပြီး အုပ်ချုပ်မင်းမူသော စံနစ်ကို ဆိုလိုခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားသည်အထိ "Might is right" စံနစ်ကို ကမ္ဘာတစ်ပှမ်းတွင် ကျင့်သုံးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းကို လေ့လာကြည့်ပါကလည်း အင်အားကြီးသော လူမျိုးမှ အင်အားနည်းသော လူမျိုးကို သွားရောက် တိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။ ရခိုင်လူမျိုးများသည်လည်း ကိုယ့်မင်းကိုယ့်ချင်းဖြင့် အုပ်ချုပ်သော တိုင်းပြည်ရှိခဲ့သော်လည်း ဗြိတိသျှ လက်ထက်မတိုင်မီ ၁၇၈၄ ခုနှစ်တွင် ဗမာ့ဘုရင်မှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှနှင့် ဗမာတိုက်ပွဲ (First Anglo-Burmese War) ကာလတွင် ရခိုင်ပြည်နယ်ကို ဗမာ့ဘုရင် စစ်ရှုံးကြေး (War Reparation) အဖြစ် အင်္ဂလိပ်လက်ထဲသို့ ပေးအပ်ခဲ့သည်။ ဤသို့ဖြင့် ၁၈၂၆ ခုနှစ်တွင် ရခိုင်ပြည်နယ်သည် အင်္ဂလိပ်လက်အောက်တွင် တဖန်ရောက်ရှိခဲ့သည်။

အင်္ဂလိပ် လက်ထက်မတိုင်မီ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးများ အနက် မွန်နှင့် ရခိုင် များမှအပ တခြားလူမျိုးများသည် ကိုယ့်မင်းကိုယ့်ချင်း စံနစ်ဖြင့် အုပ်ချုပ်သော လွတ်လပ်သည့် နိုင်ငံများ ဖြစ်ခဲ့ကြသည်။ အင်္ဂလိပ်သည် သီပေါမင်း အုပ်ချုပ်ခဲ့သော ဗမာပြည်ကို ၁၈၈၅ ခုနှစ်တွင် အပြီး တိုင်သိမ်းပိုက်ခဲ့သည်။ သီပေါမင်း ကိုလည်း ဖမ်းဆီးခဲ့ပြီး အိန္ဒိယနိုင်ငံသို့ ပြည်နှင်ဒဏ် ပေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်ကြသော တခြား လူမျိုးများကိုလည်း အင်္ဂလိပ်မှ တဆင့်ပြီးတဆင့် တိုက်ခိုက်ခဲ့သည်။ မိမိတို့ ချင်းလူမျိုးများကိုလည်း ၁၈၉၀ ခုနှစ်မှ စတင်၍ တိုက်ခိုက်ခဲ့သည်။

## ဗြိတိသျှကိုလိုနီ

ဗြိတိသျှကိုလိုနီ လက်ထက်တွင် ယနေ့ Pakistan, India, Bangladesh, Sri Lanka နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စသည့် နိုင်ငံများသည် ဗြိတိသျှ-အိန္ဒိယ ဟူ၍ အုပ်ချုပ်မှု ယူနစ်တစ်ခု

အောက်၌ ရှိခဲ့ကြသည်။ အင်္ဂလိပ်လက်ထက်တွင် အုပ်ချုပ်ရေးစံနစ် အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၃၇ ခုနစ်မှာ ဗြိတိသျှမှအိန္ဒိယကို ဗြိတိသျှ-အိန္ဒိယနှင့် ဗြိတိသျှ-ဗမာဟူ၍ (Burma Act 1935 အတိုင်း) ခွဲခြမ်းခဲ့သည်။ ဗြိတိသျှသည် မတူကွဲပြားသော အကြောင်းများကြောင့် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံကို မတူကွဲပြားသော အုပ်ချုပ်ရေးစံနစ် (၃) မျိုးဖြင့် အုပ်ချုပ်ခဲ့သည်။ ပထမစံနစ်ဖြစ်သော Ministerial Burma (Proper Burma ဟူ၍လည်း ခေါ်သည်) အောက်တွင် တနင်္သာရီ၊ ရခိုင်၊ ပဲခူးနှင့် ဧရာဝတီ ဟူ၍ တိုင်းဒေသ (၄) ခုရှိခဲ့သည်။ တောင်တန်းဒေသ (Frontier Areas) သို့မဟုတ် Scheduled Areas အောက်တွင် ရှမ်း၊ ကချင်နှင့် ချင်းလူမျိုးများ နေထိုင်ရာဒေသများ ပါဝင်သည်။ ကယားပြည်နယ်သည် မည်သူ့ ကိုလိုနီအောက်တွင်မျှ မရှိခဲ့သော်လည်း ဗြိတိသျှအစိုးရမှစောင့်ရှောက်ခဲ့သော လွတ်လပ်သည့် တိုင်းပြည်အဖြစ် ရပ်တည်ခဲ့သည်။

## တောင်တန်းဒေသများ (Frontier Areas)

ဗြိတိသျှ-မြန်မာ ကိုလိုနီအောက် တောင်တန်းဒေသ ဆိုသည်မှာ Ministerial or proper Burma ထဲတွင် မပါပဲ ကယားပြည်နယ် ကဲ့သို့လည်း လွတ်လပ်သော ဒေသမဟုတ်သည့် ကျန်နယ်မြေများကို ဆိုလိုခြင်း ဖြစ်သည်။ တောင်တန်းဒေသ (Frontier Areas) သက်မှတ်ခဲ့ရခြင်း၏ နောက်ကွယ်တွင် အကြောင်းအမျိုးမျိုး ရှိခဲ့သည်။ ဗြိတိသျှမှ ယင်းတောင်တန်းဒေသကို သိမ်းပိုက်စဉ်ကာလတွင် ဗြိတိသျှနယ်ချဲ့များနှင့် သက်ဆိုင်ရာ တောင်တန်းဒေသရှိ ခေါင်းဆောင်များအကြား သဘောတူညီချက်အတိုင်း စီမံခန့်ခွဲ အုပ်ချုပ်ခြင်း ဖြစ်သည်။ ထို့အပြင် တောင်တန်းဒေသတွင် နေထိုင်ကြသော လူမျိုးအချို့သည် ယင်းနယ်မြေနှင့် ဆက်စပ်လျက်ရှိသော မြေပြန့်ရှိ တခြားလူမျိုးများအား သွားရောက် တိုက်ခိုက်လျက်ရှိသောကြောင့် တောင်တန်းဒေသတွင် နေထိုင်ကြသော လူမျိုးများမှ မြေပြန့်ဒေသ ဝင်ရောက် ကျူးကျော်တားဆီးနိုင်ရန်အလို့ငှာ ဥပဒေများ ပြုလုပ်ခဲ့သည်။ ချင်းလူမျိုးများအတွက် Chin Hills Regulation Act (1896) ဟူ၍ ဥပဒေတစ်ခု ပြဌာန်းခဲ့ပြီး ယင်းဥပဒေအတိုင်း ဗြိတိသျှတို့က အုပ်ချုပ်ခဲ့သည်။ ယင်းဥပဒေသည် Mizoram ပြည်နယ်ကို သော်လည်းကောင်း၊ နာဂတောင်တန်းကို သော်လည်းကောင်း လွှမ်းခြုံခဲ့သည်။ လွတ်လပ်ရေး ရရှိပြီးနောက် ယင်းဥပဒေကို အသုံးပြုပြီး အခြားလူမျိုးများ တောင်ပေါ်ဒေသသို့ ဝင်ရောက်နေထိုင်ခြင်းကို တားဆီးရန်အတွက် အသုံးပြုခဲ့သည်။ အိန္ဒိယနိုင်ငံရှိ Nagaland နှင့် Mizoram ပြည်နယ်တို့တွင်လည်း ၄င်းဥပဒေကို ယနေ့အထိ ဆက်လက် ကျင့်

သုံးနေခဲဲဖြစ်သည်။ တခြားလူမျိုးများမှ Nagaland နှင့် Mizoram ပြည်နယ်သို့ သွားရောက်လိုပါက Inner Line Permit ရှိမှသာ သွားရောက်လည်ပတ်ခွင့် ရှိသည်။ တောင်တန်းဒေသများသည် အပိုင်း (၁) နှင့် (၂) ဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။ တောင်တန်းဒေသများတွင် ဘုရင်ခံ၏ အကြံပေးချက်ဖြင့် မိမိတို့၏ ဓလေ့ထုံးတမ်းအရ တင်မြှောက်သော သူကြီး (Traditional Chief) မှ တိုက်ရိုက် အုပ်ချုပ်ခဲ့သည်။ Ministerial Burma တွင်မူ ဗြိတိသျှအစိုးရမှ တိုက်ရိုက် အုပ်ချုပ်သည်။

## တောင်တန်းဒေသတွင် နေထိုင်သော ချင်းလူမျိုးများ

ရှေးပဝေသနီ ကတည်းကပင် ချင်းလူမျိုးများသည် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနှံ့အပြား နေထိုင်ခဲ့ကြသည်။ အချို့သည် မြေပြန့်၌သော်လည်းကောင်း (ဥပမာအားဖြင့် အရှိုချင်း)၊ အချို့သည် တောင်ပေါ်ဒေသ၌ သော်လည်းကောင်း၊ အချို့သည် မြစ်ချောင်းဘေး၌ သော်လည်းကောင်း ပြန့်နှံ့ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် တောင်တန်းဒေသ (Frontier Areas) ရှိ ချင်းလူမျိုးများကို Chin Hills District နှင့် Arakan Hill Tracts ဟူ၍ နယ်မြေ နှစ်ခုခြမ်းပြီး အုပ်ချုပ်ခဲ့သည်။ Frontier Areas Committee of Enquiry (FACE) ၏ အစီရင်ခံစာအရ နေရာအကျယ်အဝန်းနှင့် လူဦးရေ (၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းအရ) သည် အောက်ပါအတိုင်း ဖြစ်သည်။ (ဤသန်းခေါင်စာရင်းသည် ၁၉၄၁ ခုနှစ်တွင် ကောက်ခဲ့သော သန်းခေါင်စာရင်း ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ် ကာလတွင် အချက်အလက်အားလုံး ပျောက်ဆုံးခဲ့သဖြင့် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံပြီး ၁၉၄၁ ခုနှစ်တွင် လူဦးရေ တိုးပွားလာနိုင်သည့် ထင်မြင်ချက်ဖြင့် ပြုစုခြင်းဖြစ်သည်။)

**Chin Hills District**

နယ်မြေအကျယ်အဝန်း - ၁၀,၃၃၇ စတုရန်းပိုင်
လူဦးရေ စုစုပေါင်း - ၁၈၆,၀၀၀

<u>လူမျိုးအလိုက် လူဦးရေ</u>

| | |
|---|---|
| ချင်းလူမျိုး - | ၁၈၃,၇၆၈ (သို့မဟုတ်) ၉၈.၈% |
| အခြားလူမျိုးများ - | ၂,၂၃၂ (သို့မဟုတ်) ၁.၂% |

"Kanpalet Subdivision in the south of the District has close ties with the neighborring Chin population in Ministerial Burma" ဟူ၍ ၄င်း၏ အောက်တွင် ရေးသားဖော်ပြထားသည်။ ထို့ကြောင့် Chin Hills District အပြင် အချို့ ချင်းလူမျိုးများသည် Ministerial Burma ထဲတွင် နေထိုင်ကြသည်ဟု ဆိုနိုင်သည်။

**Arakan Hill Tracts**

| | |
|---|---|
| နယ်မြေအကျယ်အဝန်း - | ၃၅၄၃ စတုရန်းမိုင် |
| လူဦးရေ - | ၃၄,၀၀၀ |

<u>လူမျိုးအလိုက်လူဦးရေ</u>

| | |
|---|---|
| ချင်း လူမျိုး - | ၂၅၇၇၂ (သို့မဟုတ်) ၇၅.၈% |
| အခြား လူမျိုးများ - | ၄၆၂၄ (သို့မဟုတ်) ၁၃.၆% |
| ဗမာ လူမျိုးအုပ်စု - | ၃၅၇၀ (သို့မဟုတ်) ၁၀.၆% |

"The Burma Group of the population who are Arakanese Buddhists nearly all live in southern part the tract bordering to Arakan Division." ဟူ၍ ၄င်း၏ အောက်တွင် ထပ်မံ ရေးသားဖော်ပြထားသည်။ အခြားလူမျိုးများဟု သုံးနှုန်းသော စကားလုံးသည် မည်သည့် လူမျိုးကို ရည်ညွှန်းခြင်းဖြစ်ကြောင်း မသိရှိသော်လည်း Arakan Hills Tract တွင် ရခိုင်လူမျိုးသည် စုစုပေါင်း လူဦးရေ၏ ၁၀% သာ ဖြစ်ကြောင်း ဖော်ပြထားသည်။

အထက်ပါ အချက်အလက်များကို ကြည့်ရမည်ဆိုပါက သိသာထင်ရှားသည်မှာ တောင်တန်းဒေသ (Frontier Areas) ရှိ "Arakan Hills Tract" ဟူသော ဝေါဟာရသည် ပထဝီဆိုင်ရာအမည် ဂိုသေသသာဖြစ်ပြီး ရခိုင်နယ်မြေနှင့် ပတ်သက်ခြင်း လုံးဝမရှိပေ။ Arakan Hills Tract

သည် ချင်းပြည်အတွင်းတွင် တည်ရှိပြီး ဘိုးဘွားစဉ်ဆက် ကတည်းကပင် ချင်းလူမျိုးများ နေထိုင်ရာ နယ်မြေ ဖြစ်သည်။

## တောင်တန်းဒေသစုံစမ်းစစ်ဆေးရေးကော်မတီ၏အစီရင်ခံစာ

**(Frontier Areas Committee of Enquiry (FACE))**

ပင်လုံစာချုပ်နှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် စာချုပ်တစ်ခုတည်းကိုသာ ရည်စူးပြီး ပြောဆိုဆွေးနွေးလျက် ရှိကြပါသည်။ ပင်လုံစာချုပ်သည် သီးသန့်ဖြစ်ရှိ ရပ်တည်သော စာချုပ် (Stand-alone Agreement) မဟုတ်ပဲ အခြားစာချုပ်၊ စာရွက်စာတမ်းများနှင့် ဆက်နွယ်တည်ရှိသော စာချုပ်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်အစိုးရထံသို့ လွတ်လပ်ရေး တောင်းဆိုသောအခါ Proper Burma အတွက်သာ မဟုတ်ပဲ ဗြိတိသျှ-ဗမာတစ်ခုလုံး လွတ်လပ်ရေး ရရှိရေးအတွက် တောင်းဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း နှင့်အဖွဲ့သည် Proper Burma သာ ကိုယ်စားပြုသည်ဖြစ်ပြီး တောင်တန်းဒေသ (Frontier Areas) ကို ကိုယ်စားပြုခြင်း မရှိခဲ့ချေ။ ရှမ်းစော်ဘွားများက ဗိုလ်ချုပ်အောင်ဆန်း နှင့်အဖွဲ့သည် မိမိတို့ လူမျိုးကို ကိုယ်စားပြုခြင်း မရှိခဲ့ကြောင်း ဗြိတိသျှထံသို့ သတင်းပို့ခဲ့ကြသည်။ ထို့ကြောင့် ဗြိတိသျှ-ဗမာ လွတ်လပ်ရေးနှင့် ပတ်သက်၍ တောင်တန်းဒေသ (Frontier Areas) ရှိ အခြားလူမျိုးများ၏ သဘောထားနှင့် ရွေးချယ်မှုအတွက် သော်လည်းကောင်း၊ ကြားဖြတ်အစိုးရကိစ္စနှင့် သော်လည်းကောင်း၊ အခြားကိစ္စနှင့် သော်လည်းကောင်း သိရှိနိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောင်ဆန်း-အက်တလီစာချုပ် (အပိုဒ်-၈) တွင် ထည့်သွင်း ရေးသားခဲ့သည်။ ပင်လုံစာချုပ်သည် ဗမာအစိုးရကိုယ်စားလှယ် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ (Frontier Areas) တွင် နေထိုင်ကြသော လူမျိုးများ၏ ကိုယ်စားလှယ် ခေါင်းဆောင်များအကြား ချုပ်ဆိုထားသော သဘောတူညီချက် ဖြစ်သည်။ Frontier Areas Committee of Enquiry (FACE) ကိုလည်း အောင်ဆန်း-အက်တလီစာချုပ်အရ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ Frontier Areas Committee of Enquiry (FACE) ၏ အဓိကရည်ရွယ်ချက်မှာ တောင်တန်းဒေသ (Frontier Areas) တွင် နေထိုင်ကြသော လူမျိုးများသည် Proper Burma နှင့် မည်ကဲ့သို့ ပူးပေါင်းမည်နည်း၊ အတိုချုံးအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရမည့် အချက်အလက်များကို သိရှိနိုင်ရန်အတွက် စုံစမ်းခြင်းဖြစ်သည်။

Frontier Areas Committee of Enquiry (FACE)သည် တောင်တန်းဒေသ (Frontier Areas) မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့နှင့် မေမြို့တွင် ပြုလုပ်ကျင်းပခဲ့သည်။ Chin Hills District ကိုယ်စားလှယ်များကို မေမြို့၌ တွေ့ဆုံခဲ့ပြီး Arakan Hills Tract မှ ကိုယ်စားလှယ်များအား ရန်ကုန်၌ တွေ့ဆုံခဲ့သည်။ Frontier Areas Committee of Enquiry (FACE) သည် Arakan Hills Tract မှ ကိုယ်စားလှယ်များအား အောက်ပါအတိုင်း အဖွဲ့ (၄) ဖွဲ့ခွဲ၍ တွေ့ဆုံခဲ့သည်။

(က) Khumi and Lakher Chins- (1) Htat Ling (2) Tung Aung (3) HtinKon (4) Pat Wai 5) Theitu

(ခ) Lanpu Mro Chins: (1) Lampu

(ဂ) Muang Hmyar Lemro Chin: (1) MangHmyar

(ဃ) Arakan Hills Tract A.F.P.F.L: (1) TunMra (2) Saw Hla

Frontier Areas Committee of Enquiry (FACE) ၏ အစီရင်ခံစာကို အတိုချုံးအားဖြင့် ဖော်ပြရသော် "Arakan Hills Tract မှ ချင်းလူမျိုး ကိုယ်စားလှယ်များသည် Chin Hills District နှင့် ပူးပေါင်းရန် လိုလားသည်။ မြောက်ပိုင်း ချင်းလူမျိုးများ၏ တင်ပြချက်များအတိုင်း သဘောတူသည်။ ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်မည်ဆိုပါကလည်း ကန့်ကွက်ရန် မရှိပါ။ သို့ရာတွင် Akyab (စစ်တွေ) District နှင့် ပူးပေါင်းရန်ကိုမူ လုံးဝကန့်ကွက်သည်" ဟူ၍ တင်ပြခဲ့ကြသည်။ ထို့အပြင် Khumi နှင့် Lakher Chins ကိုယ်စားလှယ်များမှ ဆက်လက်တင်ပြရာတွင် "ဤ တွေ့ဆုံဆွေးနွေးပွဲသို့ မရောက်လာခင် မိမိတို့ဒေသ၏ ဌာနချုပ်ဖြစ်သော ပလက်ဝတွင် လူထုတွေ့ဆုံပွဲ ပြုလုပ်ခဲ့ပြီး ယင်းတွေ့ဆုံပွဲတွင် Akyab (စစ်တွေ) district နှင့် မပူးပေါင်းရန် လူထုမှ သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။" ဟု ထည့်သွင်း ပြောကြားခဲ့ကြသည်။ သို့သော် Arakan Hills Tract A.F.P.F.L မှ တင်ပြရာတွင် "ကျွန်ုပ်တို့သည် ဗမာအဖွဲ့ဖြစ်သော ရခိုင်လူမျိုးများ ဖြစ်ကြသည်။ Burma Ministerial နှင့် ပူးပေါင်းရန် လိုလားသည်။ မိမိတို့အတွက် သီးသန့်ခရိုင် ဖွဲ့စည်းရန် မလိုအပ်ပါ" ဟု ၄င်းတို့၏ သဘောထားကို တင်ပြခဲ့ကြသည်။ **(တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာ စာမျက်နှာ ၉၂-၉၈)**

အထက်ပါ တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာကို ကြည့်ရှုပါက Arakan Hill Tract ရှိ ချင်းလူမျိုးများသည် တခြားဒေသတွင် နေထိုင်သော ချင်းလူမျိုးများနှင့် အတူတကွ ပူးပေါင်းနေထိုင်ရန် ဆန္ဒရှိကြသည်။ သို့သော် ရခိုင်လူမျိုးများကမူ ဗမာလူမျိုးများနှင့် အတူနေထိုင်ရန် တင်ပြခဲ့ကြသည်။ ဒုတိယအနေဖြင့် ပလက်ဝသည် Arakan Hills Tract ရှိ ချင်းလူမျိုးများ၏ အဓိက ဌာနချုပ်အဖြစ် သက်မှတ်ခဲ့ကြသည်။ Akyab (စစ်တွေ) district (သို့မဟုတ်) ရခိုင်နှင့် ပူးပေါင်းနေထိုင်ရန် ခေါင်းဆောင် ကိုယ်စားလှယ်များသာမက လူထုကလည်း မလိုလားခဲ့ကြပေ။ တတိယအနေဖြင့် Frontier Areas Committee of Enquiry (FACE) နှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော ချင်းလူမျိုးကိုယ်စားပြု ခေါင်းဆောင်များသည် Ram Uk Bawi (Traditional Chief) ဖြစ်ကြသော်လည်း၊ ရခိုင်လူမျိုး ကိုယ်စားပြု ကိုယ်စားလှယ်များသည် A.F.P.F.L ပါတီ ကိုယ်စားပြု ကိုယ်စားလှယ်များသာ ဖြစ်ကြသည်။ ၄င်းတို့သည် ကိုယ်စားပြုမှု အဆင့်အတန်းအရလည်း ကွာခြားကြသည်။ Arakan Hills Tract ၌ နေထိုင်ခဲ့သော ရခိုင်လူမျိုးများသည် ကုလားတန် မြစ်ကမ်းနံဘေး တစ်လျှောက်တွင် နေထိုင်ကြပြီး ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်သူများ ဖြစ်ကြပြီး၊ မြို့ရွာ အတည်တကျ တည်ထောင်ခြင်းမရှိပဲ ရွှေ့ပြောင်း သွားလာသူများ ဖြစ်သောကြောင့် Traditional Chief လည်း မရှိပေ။

## နိဂုံးချုပ်

အင်္ဂလိပ်လက်ထက် မတိုင်မီ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းအရ သော်လည်းကောင်း၊ အင်္ဂလိပ်အုပ်ချုပ်မှု သမိုင်းအရ သော်လည်းကောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းအရ သော်လည်းကောင်း-

(က) ရခိုင်လူမျိုးများသည် ၁၇၈၄ နောက်ပိုင်းတွင် တိုင်းပြည်မဲ့ ဘဝသို့ ရောက်ရှိခဲ့သည်။

(ခ) Arakan Hills Tract သည် ပထဂီအမည် ဂိသေသသာဖြစ်ပြီး ရခိုင်အုပ်ချုပ်သော သို့မဟုတ် ရခိုင်နယ်မြေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိခဲ့ပေ။

(ဂ) ယနေ့ချင်းပြည်နယ်နယ်နိမိတ်သည် Chinlandတစ်ခုလုံးကိုလွှမ်းခြုံခြင်းမရှိပေ။

(ဃ) မိမိတို့ ချင်းလူမျိုးများကို တောင်တန်း၊ မြစ်ချောင်း၊ အင်းအိုင် များက သော်လည်းကောင်း၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများက သော်လည်းကောင်း၊ တခြား လူမျိုးများက သော်လည်း ကောင်း၊ ခွဲခြမ်းနိုင်မည် မဟုတ်ပေ။

တနည်းအားဖြင့် ဖော်ပြရပါက ပလက်ဂသည် ရခိုင်နှင့် ပထဝီအရ သော်လည်းကောင်း၊ မျိုးရိုး ဇာတိအရ သော်လည်းကောင်း၊ ဘာသာစကားနှင့် ရိုးရာ ဓလေ့ထုံးတမ်းအရ သော်လည်း ကောင်း၊ ဆက်နွယ်မှု လုံးဝမရှိပေ။ ထို့ကြောင့် ပလက်ဂသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ မှ စပြီး ယနေ့အထိတိုင် Chin Special Division/Chin State တွင် ပါဝင်နေခြင်း ဖြစ်သည်။ ရခိုင် လူမျိုးများသည် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးမှသာ ပြည်နယ် ရရှိခဲ့ခြင်း ဖြစ်သည်။

*** **ပလက်ဂ သည် ချင်းပြည်** ***

•♦•♦•♦•♦•

## ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက် ပန်းတိုင်

(၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊

(၂) ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် (The Right of Self – determination) ပြန်လည်ရရှိရန်နှင့်၊

(၃) ဒီမိုကရေစီစံနစ်ထူထောင်ရန်တို့ ဖြစ်သည်။